mgyoe.com



ဘဝတက္ကသိုလ်

# စိန်ကုန်သည်

မောင်မြင့်ကြွယ်

# THE DIAMOND HUNTERS

WILBUR SMITH

mgyoe.com


mgyoe.com SAMPLE BOOK

# စိန်ကုန်သည်

မောင်မြင့်ကြွယ်

# THE DIAMOND HUNTERS

WILBUR SMITH



mgyoe.com

mgyoe.com

SAMPLE BOOK

စတုတ္ထ အကြိမ်၊ ၂၀၂၃၊ နိုဝင်ဘာ
[ပထမ အကြိမ်၊ ၁၉၈၃၊ နိုဝင်ဘာ၊ ဘ၀တက္ကသိုလ် စာပေ]
[ဒုတိယ အကြိမ်၊ ၂၀၀၄၊ ဇန်နဝါရီ၊ ပညာရွှေတောင် စာအုပ်တိုက်]
[တတိယ အကြိမ်၊ ၂၀၁၃၊ ဇန်နဝါရီ၊ ဘ၀တက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း
အုပ်ရေ | ၅၀၀
တန်ဖိုး | ၁၀၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ | ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ ၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

# မောင်မြင့်ကြွယ်
# စိန်ကုန်သည်

The Diamond Hunters

Wilbur Smith

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန်နီ လန့်စ် စီးနင်း လိုက်ပါလာသော လေယာဉ် ခရီးစဉ်သည် နိုင်ရိုဘီတွင် သုံးနာရီ နှောင့်နှေး ကြန့်ကြာခဲ့ရသည်။ သူသည် ဝီစကီ တစ်ပက် ပါသော ဖန်ခွက်ကို လေးကြိမ် သောက်ခဲ့သည့်တိုင်အောင် သူ စီးနင်း လိုက်ပါလာသော ဘိုးရင်း လေယာဉ်ပျံကြီးသည် ဟီသရိုး လေဆိပ်တွင် ဆင်းသက်မိချိန် အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ချေ။ ဂျွန်နီ လန့်စ်သည် ၎င်း၏ မျက်လုံးများ ထဲသို့ တစ်စုံတစ်ယောက်သော သူက သဲနှင့် ပက်ထားသကဲ့သို့ ခံစားနေရသည် ဖြစ်ရာ အကောက်ခွန်ဌာနနှင့် လူဝင်မှု ကြီးကြပ်ရေး ဌာနတို့၏ ရှင်းပျ စော်ကားမှုကို ခံရပြီးနောက် ပင်မ ခန်းမဆောင်ကြီးထဲသို့ ဝင်ရောက်လာချိန်တွင် သူသည် ဆိုးဆိုးရွားရွား စိတ်တိုနေချိန် ဖြစ်သည်။

ဗန်ဒါဗီလ် စိန် ကုမ္ပဏီကြီး၏ လန်ဒန် ကိုယ်စားလှယ်က ဂျွန်နီ လန့်စ် အား တွေ့ဆုံရန် ထိုနေရာက စောင့်နေသည်။

'ပျော်စရာ ကောင်းတဲ့ ခရီးလား ဂျွန်နီ'

'ငရဲပြည်ကို သွားနေသလိုပါပဲကွာ'

ဂျွန်နီက မကျေမနပ်နှင့် ပြောလိုက်၏။ လန်ဒန် ကိုယ်စားလှယ်က ပြုံး လိုက်သည်။

'မင်းအတွက် အတွေ့အကြုံကောင်း တစ်ခုပေါ့ကွာ'

သူတို့ နှစ်ယောက်သည် ငယ်စဉ်က အတူတူ လက်တွဲ၍ သောင်းကျန်း ခဲ့ဖူးသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဂျွန်နီသည် လန်ဒန် ကိုယ်စားလှယ်အား အင်တင်တင်နှင့် ပြုံးပြရတော့သည်။

'မင်းက ငါ့အတွက် အခန်းနှင့် မော်တော်ကား စီစဉ် ပြီးပြီလား'

'ဒေါ်ချက်စတာ (ဟိုတယ်) နှင့် ဂျက်ဂွာ (တစ်စီး)'

ကိုယ်စားလှယ်က မော်တော်ကား သော့ကို လှမ်းပေးလိုက်သည်။

'ပြီးတော့ နက်ဖြန် မနက် ကိုးနာရီ၊ ကိပ်တောင်းကို ပြန်ထွက်မယ့် လေ ယာဉ် ခရီးစဉ်မှာ ပထမတန်း လက်မှတ် နှစ်စောင် ကြိုတင်ပြီး ဝယ်ထားတယ်၊ လက်မှတ်တွေက ဟိုတယ်က ဧည့်ကြို စားပွဲမှာ'

mgyoe.com

mgyoe.com SAMPLE BOOK

'မင်း တော်တယ်'

ပ္ပါန်နီသည် သော့များကို သူ၏ ကက်ရှ်မီးယား အပေါ်ဝတ် ကုတ်အင်္ကျီ အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် သူတို့ နှစ်ယောက် ထွက်ပေါက်ဆီကို လျှောက် လာခဲ့ကြသည်။

'ကဲ၊ ထရေစီ ဗန်ဒါဗီလ်က အခု ဘယ်မှာလဲ'

ကိုယ်စားလှယ်က ပခုံးကို တွန့်လိုက်၏။

'မင်းဆီကို ငါ စာရေးပြီး ကတည်းက သူ စုံးစုံးမြုပ် ပျောက်ကွယ်သွား တယ်၊ မင်း သူ့ကို ဘယ်က စပြီး ရှာနိုင်မလဲ ဆိုတာ ငါ မသိဘူး'

'ကောင်းတယ်ကွာ၊ သိပ်ကို ကောင်းတယ်'

သူတို့သည် ကားများ ရပ်နားထားသော နေရာဆီသို့ လျှောက်လာကြစဉ် ပ္ပါန်နီက နာနာကြည်းကြည်း ပြောလိုက်၏။

'ငါက ဘင်နီဒစ်နှင့် အစပျိုးရတော့မှာပေါ့ကွာ'

'အဘိုးကြီးက ထရေစီ အကြောင်း သိသလား'

ပ္ပါန်နီက ခေါင်းခါလိုက်၏။

'သူက ရောဂါ ကျွမ်းနေတဲ့ လူပါ၊ ငါ သူ့ကို မပြောဘူး'

'ဟောဒါ မင်းအတွက် မော်တော်ကား'

လန်ဒန် ကိုယ်စားလှယ်သည် ပုလဲ မီးခိုးနုရောင် ဂျက်ဂွာ မော်တော်ကား နံဘေးတွင် ရပ်တန့်လိုက်၏။

'ကိုယ်တို့ နှစ်ယောက် အရက် အတူတူ သောက်ခွင့် ရနိုင်ဦးမလား'

'ဒီတစ်ခေါက်တော့ မဖြစ်ဘူးကွာ၊ ဆောရီးပဲ'

ပ္ပါန်နီသည် မော်တော်ကား လက်ကိုင်ဘီး နောက်သို့ ဝင်ထိုင်လိုက်၏။

'နောက်တစ်ခေါက်ပေါ့ကွာ'

'အဲဒါကို မင်းအပေါ်မှာ တေးမှတ်ထားလိုက်မယ်နော်'

လန်ဒန် ကိုယ်စားလှယ်က ပြောပြောဆိုဆိုနှင့် ထွက်ခွာ သွားတော့သည်။ ပ္ပါန်နီသည် ညနေခင်း၏ စွတ်စို ထိုင်းမှိုင်းသော မီးခိုးရောင် နှင်းမြူထုထဲတွင် ဟမ်းမားစမစ် မိုးပျံလမ်းကို ဖြတ်သန်းလာချိန်၌ လုံးဝ မှောင်တော့မည့်ဆဲဆဲ ဖြစ်နေလေပြီ။ ပ္ပါန်နီ လန့်စ်သည် ဘဲလ်ဂရားဗီးယားလမ်း ဝက်ပါထဲတွင် နှစ် ကြိမ် လမ်းပျောက်နေခဲ့ပြီးနောက် ဘဲလ်ဂရေ့ဗ် ရင်ပြင် နောက်ဘက်ရှိ ကျဉ်း မြောင်းသော ဆိတ်ငြိမ် လမ်းကလေးကို ရှာတွေ့သဖြင့် ဂျက်ဂွာ မော်တော်ကား ကို ရပ်တန့်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ နောက်ဆုံး ရောက်ခဲ့ချိန်နှင့် မတူတော့အောင် အိမ်ခန်း၏ အပြင်ဘက်ကို ရက်ရက်ရောရော ပြင်ဆင် မွမ်းမံထားသောကြောင့် ဂျွန်နီ၏ မှတ်ခမ်းမဲ့သွားရတော့သည်။ ဘင်နီဒစ်သည် ပိုက်ဆံရအောင် ကြိုးကြိုးစားစား ရှာဖွေတတ်သူ မဟုတ်သော်လည်း သုံးစွဲရာတွင်မူ အလွန် ကျွမ်းကျင်သူ ဖြစ်သည်။

အိမ်ခန်း အတွင်းဘက်တွင် မီးထွန်းထားသောကြောင့် ဂျွန်နီက တံခါးခေါက်သည့် လက်ကိုင်ဘုကို ဒါဇင်ဝက်ခန့် ခပ်ကျယ်ကျယ် ခေါက်လိုက်၏။ တံခါး ခေါက်သံသည် ဆိတ်ငြိမ် ရပ်ကွက်ပေါ်တွင် ပဲ့တင် ထပ်သွားပြီးနောက် ငြိမ်သက်သွားချိန်တွင် ပြတင်းပေါက် ခန်းဆီးနောက်မှ ခပ်တိုးတိုး စကားပြောသံများကို ကြားရပြီး အရိပ် တစ်ခုသည် ပြတင်းပေါက် မှန်တွင် ရိပ်ခနဲဖြတ်သန်း သွားတော့သည်။

ဂျွန်နီသည် အေးနေသော အိမ် အပြင်ဘက်တွင် သုံးမိနစ်တိတိ စောင့်နေခဲ့ပြီးနောက် လမ်းပေါ်သို့ ပြန်ထွက်လိုက်၏။ ဂျွန်နီက တအားကုန် အော်ဟစ်လိုက်သည်။

'ဘင်နီဒစ် ဗန်ဒါဗီလ်၊ ဒီ တံခါးကို လာဖွင့်ပေးအောင် ငါ မင်းကို တစ်ကနေ တစ်ဆယ် အထိ အချိန်ပေးမယ်၊ အဲဒီနောက်ပိုင်း ကျရင် ငါက ဟောဒီ တံခါးကို ခြေနှင့် ကန်ပြီး ဖျက်ဆီးပစ်လိုက်မယ်'

သူက အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီးနောက် နောက် တစ်ကြိမ် ထပ်အော်လိုက်ပြန်၏။

'အခု ပြောနေတာ ဂျွန်နီ လန့်စ်ကွ၊ ငါ တကယ် လုပ်မယ် ဆိုတာ မင်းသိပါတယ်'

ချက်ချင်းလိုလိုပင် တံခါး ပွင့်လာတော့သည်။ ဂျွန်နီသည် တံခါးရွက်ကို ကိုင်ထားသူအား စောင်းငဲ့၍ပင် လှည့်မကြည့်တော့ဘဲ အတင်း တိုးဝင်ပြီး ဧည့်ခန်းဆီသို့ ဦးတည်၍ သွားတော့သည်။

'ချီးမှုပဲ၊ မင်း အဲဒီ အထဲကို ဝင်လို့ မဖြစ်ဘူး လန့်စ်'

ဘင်နီဒစ်သည် ဂျွန်နီ လန့်စ်၏ နောက်မှ ကပ်၍ လိုက်လာ၏။

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ'

ဂျွန်နီက သူ့အား တစ်ချက် ပြန်လှည့်ကြည့်လိုက်သည်။

'ဒါ ကုမ္ပဏီက ပိုင်တဲ့ အိမ်ခန်း၊ ပြီးတော့ ငါက ကုမ္ပဏီ မန်နေဂျာ'

ဘင်နီဒစ်က ပြန်မဖြေနိုင်ခင် ဂျွန်နီသည် တံခါးပေါက်ကို ကျော်ဖြတ်၍ ဝင်သွားလေပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

မိန်းကလေး တစ်ယောက်သည် သူမ၏ အဝတ်အစားများကို ကြမ်းပြင်ပေါ်မှ ကောက်ယူပြီး အဝတ်မပါ ဗလာ ကိုယ်လုံးဖြင့် အိပ်ခန်း စကြံ လမ်းကြားထဲသို့ ဝင်ပြေးသွားတော့သည်။

ကျန်တစ်ယောက်ကမူ ညဝတ် အင်္ကျီရှည်ကြီး တစ်ထည်ကို ဦးခေါင်းပေါ် အထိ ရောက်အောင် ဆွဲတင်ထားလိုက်ပြီး ဂျွန်နီအား နှုတ်ခမ်း စူပုပ်ပုပ်နှင့် ပြန်ကြည့်နေသည်။ သူမ၏ ဆံပင်မှာ ရှုပ်ထွေး ပွေလီနေသည်။

'တော်တော် နိပ်တဲ့ ပါတီပွဲပဲ'

ဂျွန်နီက ပြောလိုက်၏။ စားပွဲငယ်ကလေးပေါ်တွင် ရှိနေသော ရုပ်ရှင်ပြစက်နှင့် အခန်း၏ ဟိုဘက်တွင် ရှိနေသော ပိတ်ကားတို့ကို လှမ်းကြည့်လိုက်သည်။

'ရုပ်ရှင်တွေ ဘာတွေတောင် ပါသေးသကိုး'

'ရှင်က ပုလိပ်လား'

ထိုမိန်းကလေးက မေးလိုက်သည်။

'လန့်စ်၊ မင်း တော်တော် နှောင့်ယှက်တဲ့ ကောင်ပဲ'

ဘင်နီဒစ် ဗန်ဒါဗီလ်သည် ပိုးသား ညဝတ် အင်္ကျီမှ ခါးစည်းကြိုးကို ချည်နှောင်ရင်း လန့်စ် နံဘေးသို့ ရောက်လာသည်။ ထိုအမျိုးသမီးက ထပ်မေးပြန်၏။

'သူက ပုလိပ်လား'

'မဟုတ်ပါဘူး'

ဘင်နီဒစ်က အာမခံလိုက်သည်။

'သူက ငါ့အဖေရဲ့ အလုပ်သမားပါ'

ထိုစကားကို ပြောလိုက်ရသဖြင့် ဘင်နီဒစ်သည် ကိုယ့်ကိုယ်ကိုယ် ပို၍ယုံကြည် စိတ်ချမှု ရရှိလာပုံ ရသည်။ သူက ခါးကို မတ်မတ် ဆန့်၍ မတ်တတ် ရပ်လိုက်ပြီးနောက် နက်မှောင်နေသည့် ရှည်လျားသော ဆံပင်ကို လက်တစ်ဖက်နှင့် ပြုပြင်လိုက်၏။ သူ့ အသံသည် ပျင်းပျင်းတွဲ့တွဲ့နှင့် ရည်မွန်သောနဂို အသံသို့ ပြန်လည် ရောက်ရှိလာသည်။

'တကယ်တော့ သူက ဖေဖေရဲ့ သမ္မန် ပြာတာပါ'

ဂျွန်နီက ဘင်နီဒစ်ဘက်သို့ လှည့်လိုက်၏။ တစ်ချိန်တည်းမှာပင် ဂျွန်နီက မိန်းကလေးအား လှည့်မကြည့်ဘဲ ပြောလိုက်သည်။

'သွားစမ်း မိန်းကလေး၊ မင်း အဖော် နောက် လိုက်သွားစမ်း'

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမိန်းကလေးက တွန့်ဆုတ် တွန့်ဆုတ် ဖြစ်သွားသည်။

'သွားစမ်းကွာ'

ပွါန်နီ၏ အသံသည် တောမီး လောင်သလို မြည်ဟိန်းသွားသောကြောင့် ထို မိန်းကလေးသည် ထွက်သွားရတော့သည်။

ပွါန်နီနှင့် ဘင်နီဒစ်တို့သည် မျက်နှာချင်း ဆိုင်လိုက်ကြ၏။

သူတို့ နှစ်ယောက်စလုံး အသက် တူကြသည်။ အသက် သုံးဆယ်ကျော် ခါစ ပုဂ္ဂိုလ်များ ဖြစ်ကြသလို နှစ်ယောက်စလုံး အရပ် ရှည်ကြသည်။ ဆံပင် နက်မှောင်ကြသည်။ ကျန် သွင်ပြင် လက္ခဏာများကမူ တစ်ယောက်နှင့် တစ်ယောက် မတူညီကြချေ။

ပွါန်နီသည် ပခုံး ကြွက်သားများ ကြီးမားသော်လည်း ဝမ်းဗိုက်နှင့် တင်ပါး တို့ကမူ ချပ်ချပ်ရပ်ရပ် ရှိနေကြသည်။ ပွါန်နီ၏ အသားအရေမှာ သဲကန္တာရမှ နေရောင်ခြည် ဒဏ်ကြောင့် ညိုမှောင်ပြီး တောက်ပြောင်နေသလို ထောင့် ခပ် ကျကျ မေးရိုးကြီးများကို ထင်ထင်ရှားရှား မြင်နေကြရသည်။ သူ၏ မျက်လုံး များက စူးရှသလို သူ့အသံကလည်း တိကျ ပြတ်သားသည်။

ပွါန်နီက မေးလိုက်၏။

'ထရေစီ ဘယ်မှာလဲ'

ဘင်နီဒစ်က အံ့အားသင့်သွားဟန်နှင့် မျက်ခုံး တစ်ဖက်ကို ချီလိုက်၏။ သူသည် အာဖရိကသို့ မရောက်သည်မှာ လပေါင်း များစွာ ကြာမြင့်သွားပြီ ဖြစ်သောကြောင့် နေရောင်ခြည်နှင့် မထိတွေ့ရသဖြင့် သူ၏ အသားရောင်မှာ ဖြူရော်ရော် သံလွင်သီးကဲ့သို့ ဖြစ်နေသည်။ သူ၏ နှုတ်ခမ်းများမှာ အလွန် နီရဲ နေကြပြီး သူ၏ ကျန် ပြေပြစ်သော ခန္ဓာကိုယ် ကောက်ကြောင်းမှာ တိုးပွားလာ သော အသားများကြောင့် ပုံပျက် နေကြသည်။ မျက်လုံး နှစ်လုံး အောက်ဘက် တွင် အသားများမှာ အိတွဲပြီး ကျနေသလို ဝမ်းဗိုက်ကလည်း စူထွက်နေပုံ ရ သည်။ ဘင်နီဒစ်သည် မကြာခဏ အစားကြူးသူ၊ အရက်သောက်သူ ဖြစ်ပြီး လေ့ကျင့်ခန်း မရှိသလောက် နည်းပါးသူ ဖြစ်သည်။

'ဒီမှာ ကိုယ့်လူ၊ ငါ့ညီမ ဘယ်မှာ ရှိမယ် ဆိုတာ ငါ သိတယ်လို့ မင်းက ဘာဖြစ်လို့ ထင်ရတာလဲ၊ ငါ သူ့ကို မတွေ့တာ အပတ်ပေါင်း များစွာ ကြာပြီ ကွ'

ပွါန်နီသည် လှည့်ထွက်သွားပြီးနောက် ခပ်လှမ်းလှမ်းရှိ နံရံပေါ်တွင် ချိတ် ဆွဲထားသော ပန်းချီကား တစ်ချပ်ဆီသို့ လျှောက်သွားတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခန်းထဲတွင် တောင်အာဖရိကတိုက်ရှိ ပန်းချီဆရာ အဲလီဆစ်ပရဲလား၊ အာမာစတန်း၊ ထရက်ချီ ကော့ဖ်တို့၏ မူရင်း ပန်းချီ ကားကောင်းများကို ချိတ်ဆွဲထားသည်။ ရေးဆွဲပုံ ရေးဆွဲနည်း မတူကြသော ပန်းချီကားများ ဖြစ်သော်လည်း ထိုပန်းချီကားများသည် အမြတ်အစွန်း ရရန် သေချာသော ငွေ အရင်းအနှီး မြှုပ်နှံမှု ဖြစ်ကြောင်း အဘိုးကြီးအား တစ်ယောက်ယောက်က စည်းရုံးနိုင်ခဲ့ပုံ ရသည်။

ဂျွန်နီက ဘင်နီဒစ်နှင့် မျက်နှာချင်း ဆိုင်ရန် ပြန်လှည့်လိုက်၏။ သူက ပန်းချီ ကားများအား လေ့လာလိုက်သလို လွန်ခဲ့သော လေးငါး ခြောက်နှစ်က လူငယ် အားကစားသမား တစ်ယောက် ဖြစ်ခဲ့ဖူးသော ဘင်နီဒစ်အား ယခုပုံစံနှင့် ယှဉ်၍ လေ့လာလိုက်သည်။ ဘင်နီဒစ်သည် လေထဲသို့ စက်ဝိုင်းခြမ်းသဏ္ဍာန် ကွေ့ဝိုက် မြောက်တက်ပြီး အောက်ဘက်သို့ ပြန်ကျလာသော ရပ်ဂ်ဘီဘောလုံးအား သေသေသပ်သပ် ဆီး၍ ဖမ်းလိုက်ပုံ၊ ထို့နောက် တစ်ဖက်မှ ဘောလုံးသမားများ ကိုယ့်ဘက်သို့ နယ်ကျွံမလာအောင် တားဆီးကာ ကျားသစ် တစ်ကောင်၏ တင့်တယ်သော ဣန္ဒြေ သိက္ခာမျိုးနှင့် ခန္ဓာကိုယ်ကို နောက်ဘက်သို့ ပြန်လှည့်ပြီး ပြေးသွားပုံ စသည်တို့ကို ဂျွန်နီ၏ စိတ်ကူးရုပ်ပုံလွှာထဲတွင် ပြတ်ပြတ်သားသား မြင်နေရသည်။

'မင်းက တဖြည်းဖြည်းနှင့် ဝလာပြီ ကိုဘုတ်ပွ'

ဂျွန်နီက ခပ်တိုးတိုး ပြောလိုက်၏။

ဘင်နီဒစ်သည် ဒေါသကြောင့် ပါး နှစ်ဖက်စလုံး ကြက်သွေးရောင် သန်းသွားသည်။

သူက ခပ်ငေါက်ငေါက် ပြန်ပြောလိုက်၏။

'မင်း ဒီနေရာက ထွက်သွားစမ်း'

'သွားမယ်လေကွာ၊ ငါ့ကို ထရေစီ့ အကြောင်း အရင် ပြောစမ်းပါဦး'

'သူ ဘယ်မှာ ရှိသလဲ ဆိုတာ ငါ မသိဘူးလို့ မင်းကို ငါ ပြောပြီးပြီ၊ ချဲလ်ဆီး ရပ်ကွက် တစ်ဝိုက်မှာ အလေ လိုက်နေတာ ဖြစ်ချင် ဖြစ်မှာပေါ့'

ဂျွန်နီ၏ ရင်ထဲမှ ဒေါသ အစိုင်အခဲများ အုံကြွ၍ တက်လာကြသည်။ သို့သော် သူ့အသံကမူ တည်ငြိမ်နေသည်။

'သူ ဘယ်က ပိုက်ဆံ ရနေသလဲ ဘင်နီဒစ်'

'ငါ မသိဘူး၊ အဘိုးကြီးကများ'

ဂျွန်နီက သူ့အား ဖြတ်ပြောလိုက်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

'အဘိုးကြီးက သူ့ကို တစ်ပတ်မှ ဆယ်ပေါင်ပဲ ပေးတော့တယ်၊ ငါ ကြား ရသမျှ ဆိုရင် သူက အဲဒါထက်မက ပိုသုံးနေတယ်'

'မင်း မလွယ်ပါလား ဂျွန်နီ'

ဘင်နီဒစ်၏ လေသံမှာ ပို၍ ပြေပြေပြစ်ပြစ် ရှိလာသည်။

'ငါ မသိဘူး၊ ငါ့ကိစ္စလည်း မဟုတ်ဘူး၊ ကင်နီ ဟတ်ဖို့ကများ'

ဤတစ်ကြိမ်တွင်လည်း စိတ် မရှည်တော့သော ဂျွန်နီက ဖြတ်ပြောလိုက် ပြန်၏။

'ကင်နီ ဟတ်ဖို့က သူ့ကို တစ်ပြားမှ မပေးဘူး၊ သူတို့ ကွာရှင်း ပြတ်စဲ တုန်းက အဲဒါက သဘော တူညီချက် တစ်ခုပဲ၊ အခု ငါက သူ ငြိမ့်နေနိုင် အောင် ဘယ်သူက ငွေကြေး ထောက်ပံ့နေသလဲ ဆိုတာ သိချင်တယ်၊ ကဲ ဘယ်လိုလဲ အစ်ကိုကြီး'

'ငါက ဟုတ်လား' ဘင်နီဒစ် တစ်ယောက် မခံမရပ်နိုင်အောင် ဖြစ်သွား ရတော့သည်။ 'သူနှင့် ငါ မေတ္တာ မပျက်ကြသေးပါဘူးကွာ'

'ငါက ဖွင့်ပြောပြရမှာလား'

ဂျွန်နီက မေးလိုက်၏။

'ကဲ ကောင်းပြီ၊ အဘိုးကြီးက သေကောင် ပေါင်းလဲ ဖြစ်နေပြီ၊ တကယ် လို့ ထရေစီက မူးယစ်ဆေးဝါး စွဲနေတဲ့ အပျက်မကလေး ဖြစ်သွားခဲ့ရင် ငါ တို့ရဲ့ ကိုယ်တော်လေး ဘင်နီဒစ်ဆီကို အဘိုးကြီးက ပြန်ပြီး စိတ်လည်လာနိုင် စရာ အကြောင်း ရှိတယ်၊ ခုအချိန်မှာ မင်းက ထရေစီ ပျက်စီးသွားအောင် ပေါင် သုံးလေးထောင် ရင်းနှီးလိုက်ရတာ မင်းအတွက် အလားအလာ ကောင်း သော အလောင်းအစား တစ်ခုပဲ၊ ထရေစီနှင့် သူ့အဖေ အကြားမှာ လုံးဝ ပြတ် တောက်သွားအောင် လုပ်လိုက်ရင် မင်းက သန်းပေါင်း များစွာကို ရလာမှာပေါ့ လေ'

ဘင်နီဒစ်က အော်ပြောလိုက်၏။

'ဘယ်သူက မူးယစ်ဆေးဝါး အကြောင်း ပြောနေလို့လဲ'

'ငါပြောတယ်'

ဂျွန်နီက သူ့ထံသို့ တိုးလာသည်။

'မင်းနှင့် ငါ့ကြားမှာ မပြီးပြတ်သေးတဲ့ ကိစ္စလေး တစ်ခု ရှိနေတယ်၊ မင်း ရှုံးသွပ်သွားတဲ့ အထိ ပျက်စီးသွားတာကို ငါ မြင်ရရင် မင်း ဘယ် ကိစ္စ ကြောင့် ရှုံးသွားရတယ် ဆိုတာကို ငါ သိရရင် ငါ သိပ်ကို ကျေနပ်မိမှာပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

သူက ဘင်နီဒစ်၏ မျက်လုံးများကို အတော် ကြာအောင် စိုက်ကြည့်နေလေရာ ဘင်နီဒစ်သည် မျက်နှာချင်း မဆိုင်တော့ဘဲ အောက်ဘက်သို့ ငုံ့ကြည့်ပြီး ညဝတ် အင်္ကျီမှ ခါးစည်းကြိုးကိုသာ ကိုင်နေလေတော့သည်။

'သူ ဘယ်မှာလဲ ဘင်နီဒစ်'

'ချီးမှပဲ၊ ငါ မသိဘူးကွ'

ဗျွန်နီသည် ရုပ်ရှင်ပြစက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားပြီး ဘေးနားတွင် ရှိသော စားပွဲပေါ်မှ ဖလင် တစ်ခွေကို ကောက်ကိုင်လိုက်၏။ သူက ဖလင် ပေ အနည်းငယ်ကို ဆွဲဖြန့်လိုက်ပြီးနောက် မီးရောင်တွင် ထောင်ကြည့်လိုက်သည်။

'လှလိုက်တာကွာ'

သို့သော် ဗျွန်နီ၏ နှုတ်ခမ်းသည် စက်ဆုပ် ရွံရှာမှုကြောင့် တင်းတင်းစေ့မိလျက်သား ဖြစ်သွားတော့သည်။

'အဲဒါကို ပြန်ချထားလိုက်စမ်း'

ဘင်နီဒစ်က ခပ်ငေါက်ငေါက်ကလေး ပြောလိုက်၏။

'ဒီလို ကိစ္စမျိုးကို အဘိုးကြီးက ဘယ်လို ထင်သလဲ ဆိုတာ မင်း သိတယ်မဟုတ်လား ဘင်နီဒစ်'

ဘင်နီဒစ်၏ မျက်နှာသည် ရုတ်တရက် ချက်ချင်း ဖြူဖွေးသွားတော့သည်။

'သူက မင်းကို ယုံကြည်မှာ မဟုတ်ဘူး'

'ယုံမှာပါကွ၊ သူ ယုံမှာပါ'

ဗျွန်နီသည် ဖလင် အခွေကို စားပွဲပေါ်သို့ ပြန်ပစ်တင်လိုက်ပြီး ဘင်နီဒစ်ဘက်သို့ ပြန်လှည့်လာသည်။

'ငါက သူ့ကို ဘယ်တုန်းကမှ ညာမပြောတဲ့ အတွက် သူက ငါ့ကို ယုံတယ်'

ဘင်နီဒစ် တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သူ၏ နှုတ်ခမ်းကို တုန်ယင်နေသော လက်ဖမိုးနှင့် သုတ်လိုက်၏။

'ငါ သူနှင့် မတွေ့တာ နှစ်ပတ် ရှိသွားပြီ၊ သူက ချဲလ်ဆီး ရပ်ကွက်မှာ အိမ်ခန်း တစ်ခန်း ငှားနေတယ်၊ စတတ်ခ်လမ်း၊ အိမ်နံပါတ် ၂၃၊ သူက ငါနှင့် လာတွေ့တယ်'

'ဘာကိစ္စနှင့်လဲ'

ဘင်နီဒစ်က မှုန်သိုးသိုးနှင့် မပွင့်တပွင့် ပြန်ပြောလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

'ငါက သူ့ကို တစ်ပေါင် နှစ်ပေါင် ချေးလိုက်ရတယ်'

ဂျွန်နီက ပြန်မေးလိုက်သည်။

'တစ်ပေါင် နှစ်ပေါင်တည်း ဟုတ်လား'

'တစ်ရာ နှစ်ရာပါကွာ၊ ဘာပဲပြောပြော သူက ငါ့ညီမ မဟုတ်လား'

'မင်းက တော်တော် ကြည်ညိုဖို့ ကောင်းတဲ့ လူပဲ'

ဂျွန်နီက ချီးကျူးလိုက်၏။

'လိပ်စာကို ရေးပေးစမ်း'

ဘင်နီဒစ်သည် သားရေ ဖုံးထားသော စာရေးစားပွဲဆီသို့ လျှောက်သွားပြီး ကတ်ပြားကလေး တစ်ခုပေါ်တွင် ကောက်ခြစ်လိုက်သည်။ သူက ပြန်လျှောက်လာပြီး ကတ်ပြားကို ဂျွန်နီအား လှမ်းပေးလိုက်၏။

'မင်းက မင်းကိုယ်မင်း လူကောင်း ထွားတယ်၊ ကြောက်စရာ ကောင်းတယ်လို့ ထင်နေသလား လန့်စ်'

ဘင်နီဒစ်၏ အသံမှာ တိုးသော်လည်း ဒေါသကြောင့် တုန်ခါနေသည်။

'ကောင်းပြီ၊ ငါကလည်း မင်းနှင့် မတူပေမဲ့ ကြောက်စရာ ကောင်းတဲ့ လူစားမျိုးပါပဲ၊ ဒီမှာ လန့်စ်၊ အဘိုးကြီးက ထာဝရ အသက် ရှင်မနေနိုင်ပါဘူးကွာ၊ သူ သေသွားတဲ့ အခါကျရင် ငါက မင်းကို ကောင်းကောင်းကြီး တွယ်ပြမယ်'

'မင်းကို ငါ သိပ်ကြောက်သွားပြီကွာ'

ဂျွန်နီက ပြုံးပြလိုက်ပြီး သူ၏ မော်တော်ကားဆီသို့ ဆင်းသွားတော့သည်။

ဂျွန်နီက ဂျက်ဂွာ မော်တော်ကားကို ချဲလ်ဆီး ရပ်ကွက်ဆီသို့ မောင်းနှင်လာစဉ် မော်တော်ကား အသွားအလာ ထူထပ်နေသည်နှင့် ကြုံတွေ့နေရသည်။ သူ၊ ထရေစီ၊ ဘင်နီဒစ်တို့ သုံးယောက်သည် မည်မျှလောက် ရင်းနှီးမှု ရှိခဲ့ကြသည်ကို ပြန်လည် တွေးတောရန် အချိန် လုံလောက်စွာ ရရှိခဲ့သည်။

သူတို့ သုံးယောက်သည် နမာကွာလန်* ဒေသရှိ မဆုံးနိုင်အောင် ရှည်လျားသော ပင်လယ် ကမ်းခြေများ၊ တောင်တန်းများ၊ လွင်ပြင်များကို ကစားကွင်းများ အဖြစ် အသုံးချကာ ပျော်ရွှင် မြူးထူးခဲ့ကြသည်။ ထိုကာလမှာ သူတို့အတွက် ဖိနပ်ဝယ်ရန် ပိုက်ဆံ ရှိလာသော အချိန် မတိုင်ခင်၊ အဘိုးကြီးက

---

* Namaqualand အာဖရိကတိုက်၏ အနောက်တောင် ကမ်းခြေဒေသ။



mgyoe.com

mgyoe.com SAMPLE BOOK

ဖလန်း မြစ်တွင် ကြီးကြီးကျယ်ကျယ် ရှာမတွေ့သေးခင် အချိန်က ဖြစ်သည်။ ထရေစီသည် ဂျုံမှုန့် အိတ်များကို ပေါင်းစပ်၍ ချုပ်ထားသော အဝတ်အစားများကို ဝတ်ဆင် နေရချိန်တွင် သူတို့ သုံးယောက်သည် ကုန်းနှီး မပါသော မြင်းကလေးပေါ်တွင် အတူတူ စီးနင်း၍ ကျောင်းတက်ခဲ့ကြရသည်။

အဘိုးကြီးက ရပ်ဝေးသို့ ခရီးထွက်နေစဉ် သူတို့ သုံးယောက် ပျော်ပျော်ပါးပါး ရယ်ရယ်မောမောနှင့် တိုးတိုးတိတ်တိတ် ကစားခဲ့ကြရပုံ၊ ရွှံ့နှင့် ဆောက်ထားသော တင်းကုပ်ကလေး နောက်ဘက်ရှိ တောင်ကုန်းကလေးပေါ်သို့ ညနေတိုင်း တက်၍ အဆုံး အစ မရှိသော မြောက်ဘက်မှ လွင်ပြင်ကို ငေးကြည့်နေခဲ့ကြပုံ၊ ခရမ်းရောင်နှင့် သွေးရောင် ပေါက်နေသော နေဝင်ချိန်တွင် အဘိုးကြီး အိမ်သို့ ပြန်လာသော သင်္ကေတ အဖြစ် အဝေး တစ်နေရာဆီမှ လွင့်တက်လာမည့် ဖုန်မှုန့်လုံးကလေးအား လိုက်လံ ရှာဖွေ ကြည့်ရှုခဲ့ကြပုံတို့ကို သူ ပြန်သတိ ရလာသည်။

ထို့နောက် မော်တော်ကား ရွှံ့ကာများကို သံကြိုးများနှင့် ချည်နှောင်ထားရသော ဖုန် အလိမ်းလိမ်း ကပ်နေသည့် ဖို့ဒ် မော်တော်ကားစုတ်ကလေး ခြံဝင်းထဲသို့ ရုတ်တရက် ရောက်ရှိလာချိန်၊ ချွေးကွက်များနှင့် ညစ်ပတ် ပေရေနေသော ဦးထုပ်ဟောင်းကို ကျောတွင် လွယ်၍ မုတ်ဆိတ်မွေး တိုနန့်နန့်တွင် ဖုန်အလိမ်းလိမ်း ကပ်နေသော အဘိုးကြီးသည် ကားပေါ်မှ ဆင်းလာပြီး ထိတ်ထိတ်လန့်လန့်နှင့် အော်နေသော ထရေစီကို ခေါင်းပေါ်တွင် မြှောက်၍ ဝှေ့ယမ်းနေချိန်တွင် သူတို့၏ စိတ်လှုပ်ရှားမှုမှာ အထွတ်အထိပ်သို့ပင် ရောက်ရှိနေတော့သည်။

ထို့နောက် အဘိုးကြီးသည် ဘင်နီဒစ်ဘက်သို့ လှည့်ကြည့်ပြီး နောက်ဆုံးတွင်မှ ဂျွန်နီ့ထံသို့ လှည့်ကြည့်သည်။ အမြဲတမ်းပင် ဦးစားပေး အစီအစဉ်မှာ ထို အစီအစဉ် အတိုင်းသာ ဖြစ်တော့သည်။

ထရေစီ၊ ဘင်နီဒစ်၊ ဂျွန်နီ။

ဂျွန်နီက သူသည် အဘယ်ကြောင့် တစ်ကြိမ် တစ်ခါလောက်ပင် ပထမ ဦးစားပေး အဆင့်သို့ မရောက်ခဲ့ရသည်ကို တစ်ခါမှ တွေးမကြည့်မိခဲ့ဖူးပါ။ အမြဲတမ်းပင် ထိုအစီအစဉ် အတိုင်းသာ ဖြစ်ခဲ့ရသည်။

ထရေစီ၊ ဘင်နီဒစ်၊ ဂျွန်နီ။

ထိုနည်းတူစွာ သူ၏ အမည်သည် အဘယ်ကြောင့် ဗန်ဒါဗီလ် မဟုတ်ဘဲ လန့်စ် ဖြစ်နေရသည်ကိုလည်း တစ်ခါမှ တွေးမကြည့်မိခဲ့ဖူးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် ကလေး ဘဝက တစ်ချိန်လုံး မက်နေခဲ့ရသော ကြည်နူးဖွယ်ကောင်းသည့် အိပ်မက်ကလေးသည် ရုတ်တရက် ချက်ချင်း နိဂုံး ချုပ်ခဲ့ရလေတော့သည်။

'ဌျန်နီ၊ ငါက မင်းအဖေ မဟုတ်ဘူး၊ မင်း ငယ်ငယ်ကလေး ကတည်းက မင်း အဖေနှင့် အမေ သေသွားခဲ့ကြတယ်'

ဌျန်နီသည် အဘိုးကြီးအား မယုံမကြည်နှင့် ငေးကြည့်နေမိသည်။

'မင်း သဘော ပေါက်သလား ဌျန်နီ'

'နားလည်ပါတယ် ဖေဖေ'

ထရေစီ၏ လက်ချောင်းကလေးများက ဌျန်နီ၏ လက်ကို နွေးထွေးသော တိရစ္ဆာန် တစ်ကောင်လို စားပွဲ အောက်ဘက်တွင် လိုက်ရှာပြီး လှမ်းကိုင်လိုက်၏။ ဌျန်နီက သူ့လက်ကို ဆတ်ခနဲ ပြန်ရုပ်ပစ်လိုက်သည်။

'မင်းက ငါ့ကို အဲဒီလို နောက်ထပ် မခေါ်သင့်တော့ဘူးလို့ ငါထင်တယ် ဌျန်နီ'

သူသည် အဘိုးကြီး၏ အသံနေ အသံထားကို အတိအကျ ပြန် သတိရနေသည်။ အသံ ခပ်မှန်မှန်နှင့် ဟုတ်တိုင်း မှန်ရာကို ပြောလိုက်ပုံက ကလေး ဘဝမှ စိတ်ကူးယဉ် အိပ်မက်ကလေးကို အစိတ်စိတ် အမြွာမြွာ ပြိုကွဲ သွားစေတော့သည်။ အထီးကျန် ဘဝ စခဲ့ရလေပြီ။

ဌျန်နီသည် ဂျက်ဂွာ မော်တော်ကား၏ အရှိန်ကို မြှင့်တင်လိုက်ပြီးနောက် ကင်းစ် လမ်းထဲသို့ ချိုးဝင်လိုက်၏။ အတိတ် ဘဝမှ သတိ ရစရာကလေးများသည် ဆိုးရွား ပြင်းထန်သော ဝေဒနာကို ဖြစ်ပေါ် လာစေသောကြောင့် သူ့အံ့အား သင့်မိသည်။ အချိန်က လူကို ရင့်ကျက်လာအောင်၊ ဝေဒနာကို လျော့ပါးလာအောင် ကုစားပေးသင့်သည် မဟုတ်ပါလား။

ထိုအချိန်က စ၍ သူ့ ဘဝ တစ်လျှောက်လုံးသည် အဘိုးကြီး၏ နှစ်ခြိုက်ကျေနပ်မှုကို ရအောင် အချိန်ပြည့် ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲကြီး တစ်ခုသာ ဖြစ်ခဲ့ရတော့သည်။ သူက အဘိုးကြီး၏ မေတ္တာကို မမျှော်မှန်းရဲပါ။

မမျှော်လင့်ဘဲ အဘိုးကြီး အိမ်ပြန်ရောက်လာပြီး တစ်ပတ် အကြာမှ စ၍ အခြား အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ကြသည်။

အဘိုးကြီးသည် ပက်ထရိုမက် ရေနံဆီ မီးခွက်ကို ထွန်းညှိလိုက်ပြီးနောက် ဖဲကစားသော စားပွဲ ပတ်ပတ်လည်တွင် သူတို့ကို မီးဖိုချောင်မှ ကုလားထိုင်များနှင့် ဝိုင်း၍ ထိုင်ခိုင်းထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် မျက်လှည့်ဆရာ တစ်ယောက်၏ ဟန်ပန်မျိုးနှင့် သူက မှန်ကွဲ အကြီးစားနှင့် တူသော ပစ္စည်း တစ်ခုကို စားပွဲပေါ်တွင် တင်ပြလိုက်သည်။

အိပ်ချင်မူးတူး ဖြစ်နေသော ကလေး သုံးယောက်သည် နားမလည်ကြ သော်လည်း ထိုပစ္စည်းကို ဣန္ဒြေကြီး တစ်ခွဲသားနှင့် ကြည့်နေကြသည်။ ပက် ထရိုမက် မီးခွက်မှ အလင်းရောင်ကို ကြည်လင်သော ထိုပစ္စည်းက ဖမ်းယူ ထားလိုက်ပြီး ပို၍ တောက်ပသော ပြာလဲ့လဲ့ အလင်းရောင်ဖြင့် ရောင်ပြန် ဟပ်ပေးနေသည်။

'ဆယ့်နှစ် ကာရက်တောင် ရှိတယ်'

အဘိုးကြီးက အားရပါးရ ပြောလိုက်၏။

'အပြစ် အနာအဆာ မရှိတဲ့ ခဲသား စစ်စစ်၊ ပြီးတော့ သူ ရှိတဲ့ အရပ်မှာ လှည်းတစ်စီးတိုက်လောက်တောင် ရှိနေတယ်'

ထို့နောက် အဝတ်အစားသစ်များ၊ မော်တော်ကားများ၊ ကိပ်ပ်တောင်း မြို့ သို့ ပြောင်းရွှေ့ရမှု၊ ကျောင်းသစ်၊ ဝင်းဘတ်ခ် တောင်ကုန်းပေါ်ရှိ နေအိမ်သစ် သို့ ပြောင်းရွှေ့ရမှုများ ဖြစ်ပေါ်လာသည်။

သို့သော် ဌါန်နီ လန့်စ်သည် အမြဲတစေ ယှဉ်ပြိုင်၍သာ နေခဲ့ရသည်။ ထို ယှဉ်ပြိုင်ပွဲမှ အဘိုးကြီး၏ ကျေနပ် နှစ်ခြိုက်မှုကို မရရှိခဲ့သော်လည်း ဘင်နီဒစ် ဗန်ဒါဗီလ်၏ မနာလိုမှုနှင့် အမုန်းပွားမှုတို့ကိုသာ ရရှိခဲ့တော့သည်။

ဌါန်နီ၏ ရည်မှန်းချက်မျိုး၊ ကြိုးပမ်း အားထုတ်မှုမျိုး မရှိသော ဘင်နီဒစ် သည် စာသင်ခန်းထဲတွင်သော် လည်းကောင်း၊ အားကစားကွင်းတွင်သော် လည်း ကောင်း ဌါန်နီ၏ စွမ်းဆောင်မှုကို ယှဉ်ပြိုင်နိုင်ရန် မျှော်လင့်ချက် မရှိပါချေ။ သူသည် ဌါန်နီ တင်ခဲ့သော စံချိန် နောက်ဘက်တွင် ဝေးကွာစွာ ကျန်ရစ်ခဲ့သော ကြောင့် စံချိန်တင်ထားသော ဌါန်နီကို ဘင်နီဒစ်က အမုန်းစိတ် ဝင်တော့သည်။

အဘိုးကြီးသည် သူတို့နှင့် အတူတူ နေခဲလှသောကြောင့် ထိုကိစ္စကို ရိပ်မိ ခြင်း မရှိချေ။

သူတို့ သုံးဦးသည် အလွန် ကြီးမားသော အိမ်ကြီးထဲတွင် သေးသွယ် ကြုံလှီပြီး ဆိတ်ဆိတ် နေတတ်သော အထိန်းတော် အမျိုးသမီးကြီး တစ် ယောက်နှင့် အတူတူ နေခဲ့ကြရသည်။

အဘိုးကြီးသည် တစ်ခါတစ်ရံမှသာ ပေါ်လာတတ်ပြီး အိမ်တွင် ခဏသာ နေတတ်ပေသည်။ သူသည် အမြဲလိုလို ပင်ပန်း နွမ်းနယ်နေရုံမျှသာမက အာရုံ ကလည်း ထွေပြားနေပုံ ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါတစ်ရံတွင် သူသည် လန်ဒန်၊ အမ်စတာဒမ်နှင့် ကင်ဘာလီမြို့များမှ သူတို့ အတွက် လက်ဆောင် ပစ္စည်းများကို ဝယ်လာတတ်သည်။ သို့သော် လက်ဆောင် ပစ္စည်းများသည် သူတို့အတွက် အဓိပ္ပာယ် မရှိလှချေ။ သူတို့သည် သဲကန္တာရထဲတွင် နေကြစဉ်က အခြေအနေမျိုးကိုသာ ပိုမို လိုလားခဲ့ကြသည်။

အဘိုးကြီး မရှိသောကြောင့် လစ်ဟာနေသော အချိန်ပိုင်းတွင် ဗျွန်နီနှင့် ဘင်နီဒစ်တို့၏ ရန်လိုမှုနှင့် ပြိုင်ဆိုင်မှုတို့မှာ ဆိုးဆိုးရွားရွား ကြီးထွားလာခဲ့သောကြောင့် ထရေစီသည် တစ်ဖက်ဖက်သို့ ပါရမည့် အနေအထားသို့ ရောက်ရှိ လာရလေတော့သည်။ ဤတွင် ထရေစီက ဗျွန်နီ ဘက်သို့ လိုက်ခဲ့လေသည်။

အထီးကျန် ဖြစ်ခဲ့ရသော ကာလတွင် သူတို့သည် တစ်ဦးကို တစ်ဦးက မှီခိုခဲ့ကြသည်။

လေးနက် တည်ကြည်သော ချာတိတ်မကလေးနှင့် ရိုးကြီး ဂေါင်ဂင် ခပ်ထွားထွား ချာတိတ်ကလေးတို့သည် အထီးကျန် ဘဝကို ခုခံရန် ခံတပ်ကြီး တစ်ခုကို အတူတကွ တည်ဆောက်ခဲ့ကြသည်။ ဝမ်းနည်းမှုက သူတို့အား ထိုးဖောက် ဝင်ရောက်၍ နှိပ်စက်ကလူ မပြုနိုင်သော ခံတပ်ကြီးကဲ့သို့ ဘင်နီဒစ်ကို အဝင် မခံခဲ့ကြချေ။

ဗျွန်နီသည် ဂျက်ဗွာ မော်တော်ကားကို ယာဉ်ကြောထဲမှ ဆွဲထုတ်လိုက်ပြီးနောက် အိုးချပ်ချ် လမ်းထဲသို့ ဝင်လိုက်သည်။ ထိုလမ်း အတိုင်း ချဲလ်ဆီး ရပ်ကွက် အတွင်းတွင် ရှိသော မြစ်ဆီသို့ ဦးတည်လိုက်၏။ သူက မော်တော်ကားကို အလိုအလျောက် မောင်းနှင်နေရာ အတိတ်ကာလမှ ဖြစ်ရပ်များသည် စိတ်အာရုံထဲတွင် အစုလိုက် အပြုံလိုက် ပေါ်လာကြတော့သည်။

ဗျွန်နီသည် သူနှင့် ထရေစီ တည်ဆောက်ခဲ့ကြသော နွေးထွေးလှသည့် မေတ္တာ ခံတပ်ကြီးကို စိတ်ကူးဖြင့် ပြန်လည် တည်ဆောက်ကြည့်ရန် ကြိုးစားလိုက်သော်လည်း သူ၏ စိတ်အာရုံသည် မေတ္တာ ခံတပ်ကြီး ပြိုကွဲ ပျက်စီးခဲ့ရသော ထိုနေ့ ညဆီသို့ ခုန်ပျံ ကျော်လွှားပြီး ချက်ချင်းပင် ရောက်ရှိသွားတော့သည်။

ဝင်းဘတ်ခ် တောင်ကုန်းပေါ်ရှိ နေအိမ်၌ ရှိနေကြစဉ် တစ်ညတွင် ဗျွန်နီသည် ခပ်လှမ်းလှမ်းဆီမှ ငိုရှိုက်နေသော အသံ တစ်သံကြောင့် လန့်နိုးလာခဲ့သည်။ သူသည် ညဝတ် အင်္ကျီနှင့်ပင် ရှိုက်ကြီးတငင် ငိုကြွေးနေသော အသံဆီသို့ ဖိနပ် မပါဘဲ လျှောက်လာခဲ့မိသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

သူ ကြောက်နေမိပါသည်။ အသက် ဆယ့်လေးနှစ်သာ ရှိသေးသော ဂျွန်နီသည် မှောင်နေသော အိမ်ထဲတွင် ကြောက်နေမိသည်။

ထရေစီသည် မျက်နှာကို ခေါင်းအုံးတွင် ဖိကပ်၍ ငိုကြွေးနေသည်။

ဂျွန်နီက ကိုယ်ကို ငုံ့လိုက်၏။

'ထရေစီ၊ ဘာဖြစ်တာလဲ၊ နင်က ဘာဖြစ်လို့ ငိုနေရတာလဲ'

ထရေစီသည် ခုန်ထလိုက်ပြီးနောက် အိပ်ရာပေါ်တွင် ဒူးထောက်ရင်း ဂျွန်နီ၏ လည်ပင်းကို လက်နှစ်ဖက်နှင့် သိုင်းဖက်ထားလိုက်လေတော့သည်။

'ဂျွန်နီရယ်၊ ငါ အိပ်မက် မက်တယ်၊ သိပ်ကြောက်စရာ ကောင်းတဲ့ အိပ်မက်ပဲ၊ ငါ့ကို ဖက်ထားစမ်းပါ၊ အဝေးကို မသွားနှင့်နော်၊ ငါ့ကို ပစ်မသွားနှင့်နော်'

ထရေစီ၏ ခပ်တိုးတိုး ပြောသံမှာ တုန်လှုပ် နေဆဲပင်တည်း။ မျက်နှာပေါ်မှ မျက်ရည်များ စီးကျနေဆဲပင်တည်း။ ဂျွန်နီသည် အိပ်ရာပေါ်သို့ တက်လိုက်ပြီးနောက် ထရေစီ အိပ်ပျော်သွားသည် အထိ ပွေ့ဖက်ထားလိုက်သည်။

ထို့နောက်ပိုင်းတွင် ဂျွန်နီသည် ညတိုင်းလိုလို ထရေစီ၏ အခန်းသို့ သွားခဲ့သည်။ ထိုလုပ်ရပ်မှာ အစ်ကိုဟု အမည်ခံနိုင်စွမ်း မရှိသော်လည်း လက်တွေ့တွင် အစ်ကို ဖြစ်နေသူ ချာတိတ်ကလေးနှင့် အသက် ဆယ့်နှစ်နှစ် အရွယ် ချာတိတ်မကလေးတို့၏ လုံးဝ အပြစ်ကင်းစင်သော ကလေးတို့၏ လုပ်ရပ် တစ်ခုမျှသာ ဖြစ်သည်။

သူတို့သည် အိပ်ရာထဲတွင် တစ်ဦးကို တစ်ဦးက ဖက်ရင်း အိပ်မောကျသွားသည် အထိ တိုးတိုးတိတ်တိတ်နှင့် ကျိတ်၍ ရယ်မောခဲ့ကြသည်။

ထို့နောက် သူတို့၏ မေတ္တာ ခံတပ်ကြီးသည် တစ်ညတွင် ဦးခေါင်းပေါ်မှ ရုတ်တရက် ပေါ်လာသော လင်းထိန်နေသည့် လျှပ်စစ် မီးသီးရောင်ကြောင့် လွင့်စဉ် ကွယ်ပျောက်သွားရတော့သည်။ အဘိုးကြီးသည် တံခါးပေါက်ဝ၌ ရပ်နေသည်။ ထို့အတူ အိပ်ရာဝင် ဝတ်စုံကို ဝတ်ထားသော ဘင်နီဒစ်သည် အဘိုးကြီး၏ နောက်ဘက်တွင် စိတ် လှုပ်ရှားမှုကြောင့် တကြွကြွ ဖြစ်နေသည်သာမက ပါးစပ်ကလည်း အော်ဟစ်နေသည်။

'ဖေဖေ့ကို ကျွန်တော် ပြောသားပဲ၊ အဲဒီလိုပါလို့ ပြောပြခဲ့သားပဲ'

အဘိုးကြီးသည် ဒေါသကြောင့် တဆတ်ဆတ် တုန်နေသည်။ ဆံပင်ဖြူများသည် ဒဏ်ရာ ရထားသော ခြင်္သေ့ကြီး၏ လည်ဆံမွေးများပမာ ထောင်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘိုးကြီးသည် ပျွန်နီအား အိပ်ရာပေါ်မှ အတင်း ဆွဲချလိုက်ပြီးနောက် ဖက်တွယ်ထားသော ထရေစီ၏ လက်များကို ရိုက်ထုတ်ပစ်လိုက်သည်။

'နင်၊ မိန်းမပျက်မလေး'

အဘိုးကြီးက အော်လိုက်သည်။

အကြီးအကျယ် ထိတ်လန့်နေသော ပျွန်နီကို လက်တစ်ဖက်နှင့် ချုပ်ကိုင်ထားရင်း ရှေ့သို့ ငုံ့၍ သမီး ဖြစ်သူ၏ မျက်နှာကို လက်ဝါးနှင့် ဖြတ်ရိုက်ပစ်လိုက်သည်။ အဘိုးကြီးသည် မျက်နှာကို အိပ်ရာနှင့် အပ်၍ ငိုရှိုက်နေသော ထရေစီကို ထားရစ်ခဲ့ပြီး ပျွန်နီကို စကြံလမ်းမှ တစ်ဆင့် အောက်ထပ်တွင် ရှိသော စာဖတ်ခန်းဆီသို့ အတင်း ဆွဲခေါ်သွားတော့သည်။

သူက ပျွန်နီအား အခန်းထဲသို့ ခပ်ကြမ်းကြမ်း ဆောင့်တွန်းပြီး သွင်းလိုက်ရာ ပျွန်နီသည် စားပွဲဆီသို့ ယိုင်တိယိုင်ထိုးနှင့် ရောက်သွားရတော့သည်။

အဘိုးကြီးသည် ကြိမ်လုံး ထားသည့် စင်ကလေးဆီသို့ လျှောက်သွားပြီး ခပ်ငယ်ငယ် မလက်ကာ ကြိမ်လုံး တစ်လုံးကို ရွေးယူလိုက်၏။

သူသည် ပျွန်နီထံသို့ လျှောက်လာပြီး ဆံပင်ကို လက်နှင့် ဆုပ်ကိုင်ရင်း စားပွဲပေါ်တွင် မှောက်ခုံ အိပ်လျက်သား ဖြစ်သွားအောင် အတင်း တွန်းချလိုက်သည်။

အဘိုးကြီးသည် ပျွန်နီအား ယခင်က ရိုက်နှက်ခဲ့ဖူးပါသည်။ သို့ရာတွင် ယခုလို ရိုက်ခြင်းမျိုး မဟုတ်ပါ။ ဒေါသကြောင့် ရူးသလို ဖြစ်နေသော အဘိုးကြီး၏ ရိုက်ချက် အချို့သည် ပျွန်နီ၏ ကျောပြင်ပေါ်သို့ ကျရောက်လာသည်။

ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည့် တိုင်အောင် အသံထွက်၍ မငိုမိစေဖို့ ဆိုသော ကိစ္စမှာ ပျွန်နီ့ အတွက် အထူးတလည် အရေးကြီးခဲ့ပါသည်။ ပျွန်နီသည် သူ့ပါးစပ်ထဲတွင် နှုတ်ခမ်းမှ ထွက်လာသော သွေးများကြောင့် ငန်ကျိကျိ အရသာကို ခံစားလာရသည် အထိ နှုတ်ခမ်းကို သွားနှင့် အတင်း ဖိ၍ ကိုက်ထားခဲ့သည်။

သူ့ ငိုသံကို အဘိုးကြီး မကြားစေရပါ။ သူ ဝတ်ထားသော ညဝတ်ဘောင်းဘီသည် သွေးများနှင့် စိုရွှဲပြီး လေးလံ၍ အိကျလာသည့် တိုင်အောင် ပျွန်နီသည် မငိုမိအောင် အားတင်းထားသည်။

သူ့ထံမှ အသံ ထွက်မလာမှုက အဘိုးကြီး၏ ဒေါသကို ပို၍ ကြီးထွားစေခဲ့သည်။ အဘိုးကြီးသည် ကြိမ်လုံးကို လွှင့်ပစ် လိုက်ပြီးနောက် ပျွန်နီ့ကို ဆွဲထူလိုက်ပြီး လက်နှစ်ဖက်နှင့် ရိုက်ပုတ်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဘိုးကြီးသည် ပျွန်နီ၏ မျက်နှာကို လက်ဖဝါးနှင့် ဘယ်ပြန် ညာပြန် ရိုက်နေပြန်ရာ ပျွန်နီ၏ မျက်လုံးထဲတွင် ဝင်းခနဲ လက်ခနဲ ဖြစ်နေလေတော့သည်။

သို့တိုင်အောင် ပျွန်နီသည် စားပွဲစွန်းကို လက်နှင့် ကိုင်ရင်း မတ်တတ်ရပ်နေနိုင်အောင် ကြိုးစားပြီး တောင့်ခံနေခဲ့သည်။ ပျွန်နီ၏ နှုတ်ခမ်းများမှာ စုတ်ပြတ်ပြီး ဖူးရောင်နေသလို ပျွန်နီ၏ မျက်နှာ တစ်ခုလုံးမှာ အညို အမည်း စွဲနေတော့သည်။

နောက်ဆုံးတွင် မိမိ ဒေါသကို မထိန်းနိုင်တော့သော အဘိုးကြီးသည် ပျွန်နီ၏ မျက်နှာအား လက်သီးနှင့် တအား ထိုးလိုက်လေတော့ရာ ပျွန်နီသည် စိတ်ချမ်းသာစရာ ကောင်းလောက်အောင် နာကျင်သည့် ဝေဒနာကို မခံစားရတော့ဘဲ နွေးထွေးသော အမှောင်ထုထဲသို့ ကျဆင်း ရောက်ရှိ သွားလေတော့သည်။

ပျွန်နီသည် အသံများကို စကြားရသည်။ ထူးဆန်းသော အသံ တစ်သံက ပြောလိုက်၏။

'.... အင်မတန် ကြမ်းကြုတ်တဲ့ တိရစ္ဆာန် တစ်ကောင်ရဲ့ ရန်မူမှုကို ခံလိုက်ရတဲ့ အတိုင်းပါပဲဗျာ၊ ကျုပ်ကတော့ ရဲကို သတင်း ပို့ရလိမ့်မယ်'

ထို့နောက် သူ မှတ်မိသော အသံ တစ်သံကို ကြားရပြန်၏။ သူသည် ထိုအသံကို မှတ်မိအောင် အနည်းငယ် အချိန် ယူလိုက်ရသည်။ သူက မျက်စိကို ဖွင့်နိုင်ရန် ကြိုးပမ်းလိုက်သည်။ သို့ရာတွင် သူ၏ မျက်နှာမှာ ကြီးမား ဖူးရောင်၍ ပူနွေးနေသလို ခံစားနေရပြီး သူ့မျက်စိမှာ ဖွင့်မရဘဲ ပိတ်နေကြသည်။

သူက ကြီးမားပြီး လေးလံနေသော မျက်ခွံများကို နောက်သို့ အတင်း တွန်းပြီး မျက်စိကို ဖွင့်ကြည့်လိုက်သည်တွင် အဘိုးကြီး၏ အတွင်းရေးမှူး မိုက်ကယ် ရှာပီရိုကို သူ မှတ်မိ သွားလေတော့သည်။

မိုက်ကယ် ရှာပီရိုက အခြား ပုဂ္ဂိုလ် တစ်ဦးအား ခပ်တိုးတိုး လှမ်းပြောနေသည်။

သူသည် ပိုးသတ်ဆေးနံ့ကို ရှူရှိုက်နေရသည့် အပြင် ဒေါက်တာ၏ လက်ဆွဲအိတ်သည် အိပ်ရာ နံဘေးရှိ စားပွဲပေါ်တွင် ပွင့်လျက်သား ရှိနေသည်။

'နေပါဦး ဒေါက်တာ၊ မြင်ရတာနှင့်တင် အခြေအနေ ဆိုးရွားတယ် ဆို


mgyoe.com

mgyoe.com SAMPLE BOOK
တာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ခင်ဗျားက ရဲကို မတိုင်ခင် ချာတိတ်ကလေး နှင့် ပြောဆို မကြည့်သင့်ပေဘူးလား'

သူတို့ နှစ်ယောက်စလုံးက အိပ်ရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

'သူ သတိရနေပြီ'

ဆရာဝန်သည် ဂျွန်နီ့ထံသို့ ကမန်းကတန်း လျှောက်လာတော့သည်။

'မင်း ဘာဖြစ်တာလဲ ဂျွန်နီ၊ ဘာဖြစ်တယ် ဆိုတာ တို့ကို ပြောပြစမ်းပါ၊ အဲဒီလို ဖြစ်အောင် မင်းကို လုပ်ခဲ့တဲ့ လူဟာ အပြစ်ပေး ခံရစေ့မယ်၊ ငါ မင်းကို ကတိ ပေးပါတယ်'

ထိုစကားများသည် မှားယွင်းလွန်းလှသည်။ အဘိုးကြီးကို မည်သူကမျှ အပြစ် မပေးစေရပါ။

ဂျွန်နီက စကား ပြောရန် ကြိုးစားလိုက်၏။ သို့ရာတွင် သူ့နှုတ်ခမ်းများ မှာ ရောင်ကိုင်းပြီး ခြောက်သွေ့နေသည်။

သူက နောက်တစ်ကြိမ် ထပ် ကြိုးစားပြီး ပြောလိုက်သည်။

'ကျွန်တော် လိမ့်ကျတာပါဗျာ၊ လိမ့်ကျတာပါ၊ ဘယ်သူမှ မဟုတ်ပါဘူး၊ ကျွန်တော် လိမ့်ကျခဲ့တာပါ'

ဆရာဝန် ပြန်သွားသောအခါ မိုက်ကယ် ရှာပီရိုသည် သူ့ နံဘေးနားတွင် လာ၍ မတ်တတ် ရပ်လိုက်၏။ မိုက်ကယ် ရှာပီရို၏ ရဟူဒီ မျက်လုံးများ သည် သနားသော စိတ်နှင့် ဒေါသ သို့မဟုတ် လေးစားသော စိတ်တို့ကြောင့် မှုန်မှိုင်းပြီး ရီဝေနေကြသည်။

'ဂျွန်နီ၊ ငါ မင်းကို အိမ်ခေါ်သွားမယ်၊ မင်း အခုတော့ အဆင် ပြေပြီပေါ့ ကွာ'

ဂျွန်နီသည် မိုက်ကယ် ရှာပီရို၏ ဇနီး ဟယ်လင်၏ ပြုစု ကုသပေးမှုကို ရက်သတ္တ နှစ်ပတ် ခံယူခဲ့ရသည်။ အနာဖေးများ ကွာကျသွားချိန်တွင် အညို အမည်း စွဲနေသော ဒဏ်ရာများသည် တဖြည်းဖြည်းနှင့် အရောင် ဖျော့လာ ကြသည်။ သို့ရာတွင် သူ့နှာခေါင်းသည် နှာခေါင်းရိုး အပေါ်ဘက်၌ ခပ်ဖုဖု ဖြစ်သွားပြီး နှာရောင် ကောက်သွားရလေတော့သည်။

ဂျွန်နီသည် သူ့နှာခေါင်းကို မှန်ထဲတွင် ကြည့်ပြီး ပြန် သဘော ကျလာ သည်။ ထိုကဲ့သို့ နှာရောင် ကောက်သွားသောကြောင့် သူသည် လက်ဝှေ့သမား တစ်ယောက် သို့မဟုတ် ပင်လယ် ဓားပြ တစ်ယောက်ဟု အထင် ခံရဖွယ် ရှိသည်။ သို့သော် နှာခေါင်းပေါ်မှ ထိုနေရာသည် နုနေသောကြောင့် သူသည်

mgyoe.com

mgyoe.com
SAMPLE BOOK

လပေါင်း များစွာ ကြာမှ လက်နှင့် ရဲရဲတင်းတင်း စမ်းသပ်၍ ကြည့်နိုင်တော့သည်။

'ဒီမှာ ဂျွန်နီ၊ မင်း ကျောင်းသစ်မှာ နေရတော့မယ်၊ ဂရာဟမ်တောင်းက အကောင်းဆုံး ဘော်ဒါဆောင်မှာ နေရမယ်'

မိုက်ကယ် ရှာပီရိုက သွားရည်ယိုစရာ ကောင်းလောက်အောင် ပြောလိုက်သည်။ ဂရာဟမ်တောင်းသည် မိုင်ငါးရာ ဝေးသော နေရာတွင် ရှိသည်။

'ကျောင်းပိတ်ရက်တွေကျရင် စိန်တွေကို ဘယ်လို တူးဖော်ရမယ် ဆိုတာက စပြီး စိန်အကြောင်းကို လေ့လာနိုင်အောင် မင်း နမာကွာလန် ဒေသမှာ အလုပ် လုပ်ရလိမ့်မယ်၊ မင်း ပျော်မှာပါကွာ၊ ဟုတ်တယ် မဟုတ်လား'

'ဒါဖြင့်ရင် ကျွန်တော် အိမ်ကို မပြန်ရတော့ဘူးပေါ့နော်'

အိမ် ဆိုသည်မှာ ဝင်းဘတ်ခ် တောင်ကုန်းပေါ်မှ အိမ်ကြီးကို ဆိုလိုခြင်း ဖြစ်သည်။ မိုက်ကယ်က ခေါင်းခါလိုက်၏။

'ကျွန်တော် ဘယ်တော့လောက်'

ဂျွန်နီသည် မှန်ကန်သော ဝေါဟာရကို စဉ်းစားနေရသောကြောင့် အနည်းငယ် ကြာသွားသည်။

'.... သူတို့နှင့် ပြန်တွေ့ရမလဲ'

မိုက်ကယ်က ရိုးရိုးသားသား ပြန်ဖြေသည်။

'ငါ မသိဘူး ဂျွန်နီ'

မိုက်ကယ်က ဂျွန်နီအား ကတိပေးခဲ့သည့် အတိုင်း ဂျွန်နီ တက်ရသော ထိုကျောင်းသည် အဆင့်အတန်း ရှိသော ကျောင်း တစ်ကျောင်း ဖြစ်ပေသည်။

ပထမဦးဆုံး တနင်္ဂနွေနေ့တွင် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကြပြီးနောက် ကျောင်းသားတိုင်း မိမိ နေအိမ်သို့ ပြန်၍ စာရေးရသော လေ့ကျင့်ခန်း အတွက် ဂျွန်နီ လန့်စ်သည် အခန်းထဲသို့ အခြား ကျောင်းသားများ နောက်မှ ဝင်လိုက်လာခဲ့ရသည်။

အခြား ကျောင်းသားများသည် သူတို့၏ မိဘများထံ ကမန်းကတန်း စာရေးကြသည်။ ဂျွန်နီကမူ သူ့ စာရေးစားပွဲ ဘေးနားတွင် အခန်းကို ကြီးကြပ်သူ ဆရာက လာ၍ မတ်တတ်ရပ်သည် အထိ စိတ်မချမ်းမသာနှင့် ထိုင်နေမိသည်။

ဆရာက ကရုဏာ သက်ဟန်နှင့် မေးလိုက်၏။

'မင်း အိမ်ကို စာမရေးတော့ဘူးလား လန့်စ်၊ မင်း ဘယ်လို နေရ ထိုင်ရတယ် ဆိုတာကို အိမ်က လူတွေ သိချင်ကြမှာပါ'

mgyoe.com

mgyoe.com SAMPLE BOOK

ဌွန်နီသည် ကျိုးနွံစွာနှင့် ဖောင်တိန်ကို ကောက်ကိုင်လိုက်၏။
သူ ဦးနှောက် ခြောက်နေသည်။
သူက နောက်ဆုံးတွင် ရေးချလိုက်၏။

ချစ်ခင်ရပါသော ဦး ခင်ဗျား

ကျွန်တော် ကျောင်းတက်နေပြီ ဖြစ်ကြောင်း ကြားသိရသည့် အတွက် ဦး ဝမ်းမြောက်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိပါသည်။ အစားအသောက်များ ကတော့ ကောင်းမွန်ပါသည်။ သို့ရာတွင် အိပ်ရာများကမူ အလွန် ကြမ်းတမ်း မာကျောပါသည်။

ကျွန်တော်တို့သည် နေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ သွားရောက်ရသလို ရပ်ဂ်ဘီ ဘောလုံးကိုလည်း နေ့တိုင်း ကစားကြပါသည်။

လေးစားစွာဖြင့်
ဌွန်နီ

ထိုအချိန်မှ စ၍ နောက်သုံးနှစ် အကြာ သူ တက္ကသိုလ်သို့ တက်ရောက်ရချိန် အထိ ဌွန်နီသည် အဘိုးကြီးထံ အပတ်စဉ် စာရေးခဲ့သည်။ သူ ရေးသော စာတိုင်းတွင် 'ချစ်ခင်ရပါသော ဦး ခင်ဗျား' ဆိုသော အသုံးအနှုန်းနှင့် စတင် ရေးသားလေ့ ရှိပြီး ဦး ဝမ်းမြောက်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိပါသည် ဟု ထည့်သွင်း ရေးသားလေ့ ရှိသည်။ ထိုသို့ ရေးသားသော်လည်း ပြန်စာ တစ်စောင်မျှ မရခဲ့ချေ။

ကျောင်းရက်ရှည် ပိတ်ချိန် နီးကပ်လာတိုင်း ဌွန်နီ လန့်စ်သည် ကျောင်း ပိတ်ရက်နှင့် ပတ်သက်သော အစီအစဉ် စာရွက်ကို မိုက်ကယ် ရှာပီရိုထံမှ ရလေ့ ရှိသည်။

အမြဲလိုလိုပင် ဌွန်နီသည် မိုင်ပေါင်း များစွာ ဝေးကွာသော ကျေးရွာ ကလေး တစ်ရွာဆီသို့ မီးရထားနှင့် ခရီး ထွက်ခွာရလေ့ ရှိပြီး သူသည် အသင့် စောင့်ဆိုင်းနေသော လေယာဉ်ပျံကလေး တစ်စင်းနှင့် ဗန်ဒါဗီလ် စိန် ကုမ္ပဏီ က တူးဖော်ဖွင့် ရရှိထားသော သဲကန္တာရထဲရှိ ဝေးလံသော နေရာ တစ်နေရာ ဆီသို့ သွားခဲ့ရသည်ချည်းသာ ဖြစ်သည်။

သူသည် မိုက်ကယ် ရှာပီရိုက အာမခံခဲ့သည့် အတိုင်း စိန်များကို မည် သို့ မည်ပုံ တူးဖော်ရကြောင်း လေ့လာခွင့် ရရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်သို့ ပြောင်းရွှေ့၍ ကျောင်းတက်ခွင့် ရရှိချိန်တွင် သူက ဘူမိဗေဒ ဆိုင်ရာ ဘွဲ့တစ်ခုကို ရရှိရန် ကြိုးပမ်းခဲ့ခြင်းသည် အလွန် သဘာဝကျပေသည်။ ထိုစဉ်က ဂျွန်နီသည် ဗန်ဒါဗီလ် မိသားစုက စွန့်ပယ်ထားသူ တစ်ဦးသာ ဖြစ်ခဲ့ရသည်။ သူသည် အဘိုးကြီးကိုသော် လည်းကောင်း၊ ထရေစီကိုသော် လည်းကောင်း တွေ့ခွင့် မရခဲ့သလို ဘင်နီဒစ်ကိုပင် တွေ့ခွင့် မရခဲ့ချေ။

ထို့နောက် အဖြစ်အပျက် စုံလင်လှသော ရှည်လျားလှသည့် တစ်ညနေခင်းတွင် ဂျွန်နီ လန့်စ်သည် သုံးယောက်စလုံးကို တွေ့မြင်ခဲ့ရသည်။

ထိုနှစ်သည် တက္ကသိုလ်တွင် သူ နေရမည့် နောက်ဆုံးနှစ် ဖြစ်သည်။ သူ ဘွဲ့ရတော့မည်မှာ မြေကြီး လက်ခတ်မလွဲ သေချာလှသည်။ သူသည် ပထမနှစ်မှ စ၍ စာမေးပွဲတိုင်းတွင် ထိပ်ဆုံးက အောင်မြင်ခဲ့သူ ဖြစ်သည်။ သူသည် စတယ်လင်ဘော့ရှ် တက္ကသိုလ်၏ ဝါရင့် ကျောင်းတော်သားကြီး တစ်ဦး အဖြစ် ရွေးချယ် ခံထားရသူ ဖြစ်ပြီး သူ့အား ပို၍ ဂုဏ်တက်စေမည့် ကိစ္စ တစ်ခုမှာ လက်တစ်ကမ်း အကွာတွင် ရောက်ရှိနေလေပြီ။

ဆယ်ရက်ခန့် အကြာတွင် နယူးဇီလန်မှ လူမည်း ဘောလုံးသမားများသာ ပါဝင်သည့် ရပ်ဂ်ဘီ ဘောလုံး အသင်းနှင့် ယှဉ်ပြိုင် ကစားရမည့် အိမ်ရှင် ရပ်ဂ်ဘီ ဘောလုံး အသင်း အတွက် လက်ရွေးစင် ကစားသမား အဖြစ် ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို ရွေးချယ်သူများက ကြေညာကြတော့မည် ဖြစ်သလို ဂျွန်နီသည် ရှေ့တန်း အစွန်လူ အဖြစ် ပါဝင် ကစားခွင့် ရရှိမည့် ကိစ္စမှာ သူ ဘွဲ့ရမည့် ကိစ္စလိုပင် အလွန် သေချာနေသည်။

အားကစား သတင်းထောက်များက ဂျွန်နီ လန့်စ်အား အလွန် သက်လုံကောင်းပြီး မိမိ၏ သားကောင်ကို သဲသဲမဲမဲ လိုက်လံ သတ်ဖြတ်၍ စားသောက်တတ်သော အာဖရိကမှ အသားစား အမဲလိုက် ခွေးတစ်မျိုးနှင့် ယှဉ်တွဲ တင်စားပြီး 'ဂျွန်နီ ဂျက်ဟွန်း' ဟု နောက်ပြောင်၍ အမည်ပေးထားကြသည်။

ထိုနာမည်ပြောင်ကို လူသိ များလာသည်နှင့်အမျှ ဂျွန်နီသည် အားကစား ပရိသတ်၏ အသည်းစွဲ အားကစားသမား တစ်ယောက် ဖြစ်လာခဲ့ရသည်။

ကိပ်တောင်း တက္ကသိုလ် ဘောလုံး အသင်းမှ ပရိသတ် နှစ်ခြိုက်သော အားကစားသမား တစ်ယောက်ကလည်း အိမ်ရှင် လက်ရွေးစင် ဘောလုံး အသင်း၌ ပါဝင်ခွင့် ရရှိရန် အလွန် သေချာနေပြန်သည်။ နောက်တန်းမှ ကစားသူ ဘင်နီဒစ် ဗန်ဒါဗီလ်သည် ကျက်သရေ ရှိသော လှုပ်ရှားမှု၊ ပညာသား ပါသော ကစားကွက်တို့ဖြင့် ဘောလုံးသင်း တစ်သင်းလုံးကို လွှမ်းမိုးထားသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဘင်နီဒစ် ဗန်ဒါဗီလ်သည် ရှည်လျားပြီး အားသန်သော ပေါင်တံ၊ ခပ်ထန်ထန် မျက်နှာထား၊ ပြန့်ကားသော ပခုံးသားကြီးများနှင့် အရပ် ရှည်ထွက်လာသူ တစ်ဦး ဖြစ်သည်။

ဂျွန်နီ လန့်စ်သည် စတယ်လင်ဘော့ရှ် တက္ကသိုလ်မှ ဘောလုံး အသင်းကို ဦးဆောင်၍ မြစိမ်းရောင် လွှမ်းနေသော ဘောလုံးကွင်းထဲသို့ ပြေးထွက်လာခဲ့သည်။

သူသည် ခပ်ဖွဖွ ခပ်ရွရွကလေး ပြေးလွှားရင်း အကြော အခြင်များကို ဆန့်နေစဉ် ပြည့်ကျပ်နေသော ပွဲကြည့်စင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ဂျွန်နီသည် လက်ရွေးစင် အားကစားသမားများအား ရွေးချယ်ပေးမည့် ပုဂ္ဂိုလ်ကြီးများ အကြားတွင် ထိုင်နေသော ဘောလုံးသင်း ခေါင်းဆောင် ဒေါက်တာ ဒါနီကရာဗင်ကို မြင်လိုက်ရသည်။ ဒေါက်တာ၏ ရှေ့တန်းတွင် ဝန်ကြီးချုပ် ထိုင်နေသည်။

တက္ကသိုလ် နှစ်ခုမှ ဘောလုံးသင်း နှစ်သင်း တွေ့ဆုံ ယှဉ်ပြိုင်သည့် ပွဲမှာ ရပ်ဂ်ဘီ ဘောလုံး ရာသီ၏ အလွန် အရေးပါသော ပွဲစဉ် တစ်ခု ဖြစ်သည်။ ဘောလုံး ဝါသနာအိုးများသည် မိုင်ပေါင်း ထောင်ပေါင်း များစွာ ဝေးကွာသော နေရာမှ တပင်တပန်း လာ၍ ဤဘောလုံးပွဲကို ကြည့်ကြသည်။

ဝန်ကြီးချုပ်သည် သူ့ ရှေ့တန်းတွင် ထိုင်နေသော ခေါင်းဖြူဖြူနှင့် ခပ်ထွားထွား ပုဂ္ဂိုလ်ကြီး၏ ပခုံးအား လက်နှင့် လှမ်းတို့လိုက်၏။

ထိုခေါင်းဖြူဖြူ ခပ်ထွားထွား ပုဂ္ဂိုလ်ကြီးသည် ဦးခေါင်း မော့ပြီး သူ့အား စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်ချိန်တွင် ဂျွန်နီ လန့်စ်သည် ကျောရိုးကို ကျဉ်စက်နှင့် အတို့ ခံလိုက်ရသူပမာ တွန့်ခနဲ ဖြစ်သွားရတော့သည်။ သူသည် ခုနစ်နှစ်တာ ကာလ အတွင်း အဘိုးကြီးအား ပထမဦးဆုံး အကြိမ် မြင်လိုက်ရခြင်း ဖြစ်သည်။

ဂျွန်နီသည် လက်တစ်ဖက်ကို မြှောက်၍ အလေးပြုလိုက်၏။ အဘိုးကြီးသည် ဂျွန်နီအား အတန်ငယ် ကြာအောင် စိုက်ကြည့်နေပြီးမှ ဝန်ကြီးချုပ်နှင့် စကား ပြောရန် နောက်ဘက်သို့ လှည့်သွားလေတော့သည်။

ထိုအချိန်တွင် ဘင်ခရာ တပ်ဖွဲ့မှ ကျိုင်းကိုင် အမျိုးသမီးကလေးများသည် ကွင်းထဲသို့ စီတန်းပြီး ဝင်လာကြသည်။

သူတို့သည် ကိပ်တောင်း တက္ကသိုလ်၏ အထိမ်းအမှတ် အရောင်အသွေးများကို အင်္ကျီ ချုပ်၍ ဝတ်ဆင်ထားကြသည်။ ဦးထုပ် မြင့်မြင့်၊ ဖိနပ် ဖြူဖြူ

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးများနှင့် ဝေ့ဝဲနေသော စကတ်တိုတိုကလေးများကို ဝတ်ဆင် လာကြသော ချစ်စရာ ကောင်းသည့် ထိုမိန်းကလေးများသည် စိတ်ဓာတ် တက်ကြွနေသောကြောင့် ပန်းနုရောင် ပြေးနေသော မျက်နှာကလေးများဖြင့် ဟန်ရေးပြနေကြသည်။

ထရေစီ ဗန်ဒါဗီလ်သည် ကျိုင်းကိုင် အမျိုးသမီး အုပ်စု၏ ရှေ့ဆုံးတန်းမှ ပါလာသောကြောင့် ပရိသတ်ကြီး၏ တစ်ခဲနက် အားပေးသံသည် ဂျွန်နီ၏ နားထဲတွင် သွေးများ ဆူဝေ၍ လာခဲ့စေသည်။

နှစ်ပေါင်း များစွာ ခွဲခွာ၍ နေခဲ့ကြရပြီး ထရေစီသည် အပျိုဖော်ဝင်စ အမျိုးသမီးငယ်ကလေး တစ်ဦး ဘဝသို့ ပြောင်းလဲသွားသည့် တိုင်အောင် ဂျွန်နီသည် ထရေစီကို ချက်ချင်း မှတ်မိခဲ့သည်။ ထရေစီ၏ လက်မောင်းများနှင့် ပေါင်တံများသည် နေလောင်ထားသောကြောင့် ကြေးနီရောင် ပေါက်နေသည့် အပြင် မည်းနက် တောက်ပြောင်နေသော ဆံပင်များသည် ပခုံးပေါ်တွင် ဝဲပျံ့ ကျနေကြသည်။

ထရေစီက အော်ဟစ် အားပေးရင်း ခြေထောက်ကို မြှောက်၍ လေကိုကန်လိုက်တိုင်း၊ မြေကြီးကို ခြေထောက်နှင့် ဆောင့်လိုက်တိုင်း၊ ထရေစီက ခပ်မြူးမြူးကလေး ခုန်ပေါက် လှုပ်ရှားလိုက်တိုင်း၊ တင်ပါးကလေးများကို စိတ်လိုက်မာန်ပါ လှုပ်ခါပစ်လိုက်တိုင်း ဘောလုံးပွဲ ပရိသတ်သည် ထိန်းမနိုင်သိမ်းမရ အသံကုန် အော်ဟစ်နေကြသည်။ ပရိသတ်၏ စိတ်လှုပ်ရှားမှုမှာ နိုးကြား တက်ကြွနေပြီ ဖြစ်သည်။ ဂျွန်နီက ထရေစီအား စောင့်ကြည့်နေမိသည်။ သူသည် တစ်ခဲနက် အော်ဟစ် ကြွေးကြော်သံများ အကြားတွင် ငြိမ်သက်စွာ မတ်တတ် ရပ်နေသည်။

ထရေစီသည် သူ မြင်ဖူးသမျှ အမျိုးသမီးထဲတွင် အလှဆုံး အမျိုးသမီးပင်တည်း။

ထို့နောက် ထရေစီတို့၏ အသုံးတော်ခံမှုမှာ ပြီးဆုံးသွားသည်။ ကျိုင်းကိုင် အမျိုးသမီးကလေးများ ကွင်းထဲက ပြန်ထွက်သွားကြချိန်တွင် အိမ်ရှင် ဘောလုံး အသင်းသည် ကွင်းထဲသို့ ဝင်လာကြတော့သည်။

ကိပ်တောင်း အသင်း၏ နောက်ဘက်တွင် နေရာ ယူလိုက်သော ဝတ်စုံအဖြူကို ဝတ်ထားသည့် ပုဂ္ဂိုလ်ထဲတွင် ကျရောက်နေသော ဂျွန်နီ လန့်စ်၏ ဒေါသ အစိုင်အခဲသည် အဘိုးကြီးနှင့် ထရေစီတို့ကို မြင်တွေ့လိုက်ရမှုကြောင့် ပို၍ပင် ကြီးမားလာရတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဘင်နီဒစ် ဗန်ဒါဗီလ်သည် သူ့နေရာသို့ ရောက်ရှိသွားချိန်တွင် ကိုယ်ကို နောက်သို့ ပြန်လှည့်လိုက်၏။ သူသည် ခြေသလုံး ကြွက်သားပေါ် အထိ ရောက်နေသော ခြေအိတ်ထဲမှ ဘီးကလေး တစ်ချောင်းကို ထုတ်ယူလိုက်ပြီး မည်းနက်နေသော သူ၏ ဆံပင်ကို ဖြီးလိုက်သည်။ ဘင်နီဒစ်၏ ဇာတိဟန် ပါသော အမူအရာကို ပရိသတ်က နှစ်ခြိုက် လွန်းလှသောကြောင့် အော်သူ အော်၍၊ လေချွန်သူက လေချွန် လိုက်ကြသည်။

ဘင်နီဒစ်သည် ဘီးကို ခြေအိတ်ထဲတွင် ပြန်ထည့်ထားလိုက်ပြီး နောက် တင်ပါးပေါ်တွင် လက်တစ်ဖက် ထောက်ရင်း ယှဉ်ပြိုင်၍ ကစားရမည့် တစ် ဖက်မှ အသင်းကို မထီလေးစားဟန်နှင့် အကဲခတ်လိုက်သည်။

ချက်ချင်းလိုလိုပင် သူသည် ဂျွန်နီ၏ မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရ လေရာ သူက မျက်လွှာချလိုက်ပြီး ခြေထောက်ကို နေရာ ရွှေ့လိုက်သောကြောင့် သူ၏ ဟန်အမူအရာသည် အနည်းငယ် ချွတ်ယွင်းသွားရတော့သည်။

ဝီစီ မှုတ်သံ ကြားရပြီးနောက် ဘောလုံးပွဲ စတင်ပါလေပြီ။ ထိုဘောလုံး ပွဲသည် ပရိသတ်က တောင့်တောင့်တတနှင့် အထူး မျှော်လင့်ထားခဲ့သော ပွဲ တစ်ပွဲပင် ဖြစ်သည်။ ကာလ ကြာမြင့်စွာ သတိတရနှင့် တဖွဖွ ပြောနေကြ မည့် ပွဲတစ်ပွဲ ဖြစ်သည်။ ရှေ့တန်းမှ ပုဂ္ဂိုလ်များက အင်နှင့် အားနှင့် အတင်း အဓမ္မ ထိုးဖောက်ကြသည်။ ဘဲဥပုံ ဘောလုံးကို သယ်ဆောင်သွားသူသည် အရိုး ကွဲလုမတတ် ပြင်းထန်သော ခုခံ တိုက်ဖျက်မှုနှင့် ကြုံရပြီး မြက်ခင်းပေါ်သို့ လဲကျမသွားခင် အချိန် အထိ ဘောလုံးသည် လက်တစ်လက်မှ နောက် တစ် လက်ဆီသို့ ဖြတ်ခနဲ ဖြတ်ခနဲနှင့် လျင်မြန်စွာ ကူးပြောင်း ရောက်ရှိနေသည်။ ဘောလုံး ကစားသူများသည် ကြိုးကြိုးစားစား၊ သန့်သန့်ရှင်းရှင်းနှင့် လျင်မြန် စွာ ကစား နေကြသည် ဖြစ်ရာ ဘောလုံးသည် နှစ်ဖက်စလုံးဆီသို့ ချိန်သီး လွှဲ သလို ရောက်ရှိနေသည်။

ပွဲကြည့် ပရိသတ်သည် စိတ် လှုပ်ရှားမှု အရှိန်အဟုန်ကို တောင့်မခံနိုင် သဖြင့် တအားကုန် အော်ဟစ်ရင်း အကြိမ်ပေါင်း များစွာ မတ်တတ် ရပ်လိုက် မိကြသည်။

ထို့နောက် နောက်ခံ လူများက အသေအလဲ ခုခံ ကာကွယ်ကြသောကြောင့် ဘဲဥပုံ ဘောလုံးသည် ဂိုးစည်းကို မကျော်နိုင်ကြောင်း တွေ့လိုက်ကြရသည့် အခါ မကျေမနပ် ညည်းညူရင်း ပြန်ထိုင်ခဲ့ကြရသည်မှာလည်း အကြိမ်ကြိမ် ရှိခဲ့လေပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

ပွဲပြီးရန် သုံးမိနစ်သာ ကျန်တော့သည့် အချိန် အထိ မည်သည့် ဘက်ကမှ ဂိုးမရကြသေးပါ။ ကိပ်တောင်း အသင်းသည် နောက်ခံလူ အားပျော့သည့် နေရာမှ အတင်း ထိုးဖောက်ရန် ကြိုးစားရင်း ဘောလုံးကို ရှေ့တန်း အစွန်လူထံသို့ ပစ်ပေးလိုက်သည်။ ရှေ့တန်း အစွန်လူသည် အရှိန်မပျက် ပြေးရင်းကပင် ဘောလုံးကို လှလှပပကလေး ဖမ်းယူလိုက်သည်။

သူသည် မြက်ခင်းပြင်ပေါ်သို့ လဲကျသွားချိန်တွင် ပွဲကြည့် ပရိသတ်သည် မချင့်မရဲ ဖြစ်၍ ကျန်ရစ်ခဲ့ရပြန်၏။

ဂျွန်နီသည် ထို ပုဂ္ဂိုလ်၏ ဒူးခေါင်း အထက်နားဆီသို့ ပခုံးနှင့် ဝင်၍ တိုက်ပစ်လိုက်ခြင်း ဖြစ်သည်။ သူတို့ နှစ်ယောက်စလုံးသည် မြေကြီးပေါ်တွင် လိမ့်သွားပြီး ဘောလုံးကွင်း အပြင်ဘက်သို့ ရောက်ရှိသွားကြသည် ဖြစ်ရာ ဘေးစည်းပေါ်မှ ထုံးမှုန့် ဖြူဖြူ ဖွေးဖွေးကလေးများသည် လေထဲသို့ ပျံ့ဝဲလွင့်တက်လာသဖြင့် ပရိသတ်ကလည်း မကျေမနပ်နှင့် ပြန်ထိုင် လိုက်ရလေတော့သည်။

သူတို့သည် ဘောလုံးအား ပစ်မြှောက်မည့် အချိန်ကို စောင့်နေရချိန်တွင် ဂျွန်နီက လေသံ ခပ်တိုးတိုးနှင့် ညွှန်ကြားလိုက်သည်။

ဂျွန်နီ၏ ရွှေရောင်နှင့် မရမ်းရောင် အင်္ကျီမှာ ချွေးများနှင့် စိုရွှဲနေသလို တင်ပါး ပွန်းသွားသော နေရာမှ ထွက်လာသော သွေးများက အဖြူရောင် ဘောင်းဘီတိုတွင် စွန်းထင်း သွားစေတော့သည်။

'မြန်မြန် ပြန်ပေးလိုက်၊ ဘောလုံးကို ကိုင်ပြီး မပြေးနှင့်၊ ဒါဝိဆီ ရောက်အောင် ပစ်ပေးလိုက်၊ ဒါဝီ၊ မင်းက ခပ်မြင့်မြင့်နှင့် ခပ်ဝေးဝေးကို ရောက်အောင် ကန်လိုက်'

ဂျွန်နီသည် လွင့်လာသော ဘောလုံးဆီသို့ ရောက်အောင် ခပ်မြင့်မြင့် ခုန်လိုက်ပြီးနောက် ဘောလုံးကို လက်သီးနှင့် ထိုးလိုက်ရာ ဘောလုံးသည် ဒါဝီ၏ လက်ထဲသို့ တည့်တည့်ကြီး ရောက်ရှိသွားတော့သည်။ ဂျွန်နီသည် တစ်ချိန်တည်းမှာပင် ဘောလုံးကို လုမည့် ပုဂ္ဂိုလ်များအား တားဆီးရန် ကိုယ်ကို ချာခနဲ ပစ်လှည့်လိုက်သည်။

ဒါဝိသည် နောက်ဘက်သို့ နှစ်လှမ်း ဆုတ်လိုက်ပြီး ဘောလုံးကို ကန်လိုက်၏။ သူ ကန်လိုက်သည့် အားမှာ ပြင်းလှသောကြောင့် ဒါဝီ၏ ညာ ခြေထောက်သည် ဦးခေါင်းပေါ်သို့ပင် ကျော်လွန်၍ ရောက်ရှိသွားသည်။ တစ်ချိန်တည်းမှာပင် သူသည် အရှိန်ကြောင့် ရှေ့သို့ လွင့်စဉ် သွားရတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘောလုံးသည် နံဘေးဘက်သို့ ယိမ်းယိုင်ခြင်း၊ လေထဲတွင် လည်ပတ်ခြင်း အလျှင်းမရှိဘဲ မြားကလေး တစ်ခုပမာ လေထဲသို့ ခပ်ဖြည်းဖြည်း လွင့်တက်သွားသည်။ ထိုဘောလုံးသည် အမြင့်ဆုံး နေရာသို့ ရောက်ရှိ သွားပြီးနောက် မြေကြီးပေါ်သို့ ပြန်ကျလာလေတော့သည်။

လူပေါင်း နှစ်သောင်းက လေထဲတွင် ပျံဝဲနေသော ဘောလုံး နောက်သို့ မျက်တောင် မခတ် လိုက်လံ ကြည့်ရှုနေချိန်တွင် တစ်ကွင်းလုံး ငြိမ်ကျသွားသည်။ ထိုကဲ့သို့ ငြိမ်သက်နေချိန်တွင် ဘင်နီဒစ် ဗန်ဒါဗီလ်သည် ရေးကြီးသုတ်ပျာ ပြေးနေသည်ဟု မထင်ရသော ခြေလှမ်းများနှင့် ဘောလုံး ကျလာမည့် နေရာဆီသို့ အချိန်မီ ရောက်သွားအောင် နောက်ဘက်သို့ ပြန်လှည့်ပြီး ပြေးနေသည်။

ဘောလုံးသည် သူ့လက်ထဲသို့ လှလှပပနှင့် သေသေသပ်သပ် ရောက်ရှိသွားတော့သည်။ သူသည် ဘောလုံးကို ပြန်ကန်လိုက်ရန် အတွက် ခပ်ဖြည်းဖြည်း လှည့်ကြည့်ရင်း ကွင်းကို အကဲခတ်လိုက်သည်။ ထိုအချိန် အထိ တစ်ကွင်းလုံး ငြိမ်သက်နေဆဲ ဖြစ်သည်။ ပရိသတ် အားလုံး၏ အာရုံသည် ဘင်နီဒစ် ဗန်ဒါဗီလ်ထံတွင်သာ ရောက်ရှိနေကြသည်။

'ဂျက်ပွန်း'

ပရိသတ်ထဲမှ အသံကလေး တစ်သံက ပရိသတ်ကြီးအား သတိ ပေးလိုက်ရာ ပရိသတ် နှစ်သောင်းသည် ဘောလုံးကွင်း၏ ဟိုဘက်သို့ ချာခနဲ လှည့်ကြည့်မိကြတော့သည်။

'ဂျက်ပွန်း'

ထိုအချိန်တွင် ထိုအသံမှာ ပို၍ ကျယ်လောင်လာလေပြီ။ ပွန်နီသည် သူ့အား ဟန့်တားမည့် အားကစားသမားများထံမှ ကင်းကင်းရှင်းရှင်းနှင့် လွတ်မြောက်လာပြီး လက်နှစ်ဖက်ကို လွှဲရင်း ဘင်နီဒစ်ထံသို့ တအားကုန် ပြေးလာနေသည်။ ထိုအပြုအမူမှာ အကျိုး မထူးသော ကြိုးပမ်းချက် တစ်ခုသာ ဖြစ်သည်။ ထိုမျှလောက် ဝေးကွာသော နေရာမှ ဘင်နီဒစ်လို ဝါရင့် ကစားသမားတစ်ယောက်အား ဆီးဖမ်းရန် မျှော်လင့်၍ ရနိုင်မည် မဟုတ်ပါ။ သို့တိုင်အောင် ပွန်နီသည် သူ့ ခန္ဓာကိုယ်ထဲတွင် ကျန်ရှိနေသေးသော ကာယ စွမ်းအားကို အကုန် ထုတ်၍ သုံးစွဲလိုက်ခြင်းပင် ဖြစ်တော့သည်။ ပွန်နီ လန့်စ်၏ မျက်နှာသည် ချွေးများနှင့် စိုရွဲပြီး ပြောင်လက်နေသလို သူ့ခြေထောက် အောက်တွင် မြက်ပင်ကလေးများသည် ပြတ်သတ်ပြီး လွင့်စဉ်၍ ကျန်ရစ်ခဲ့ကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် ယုံကြည်နိုင်စရာပင် မရှိသော ကိစ္စ တစ်ခု ဖြစ်ပွားခဲ့သည်။ ဘင်နီဒစ်သည် ပြန်လှည့်ကြည့်လိုက်ရာ ဂျွန်နီ လန့်စ်အား မြင်သွားတော့သည်။

ဘင်နီဒစ်သည် ပြေးနေသော သူ့ခြေလှမ်းကို ရပ်တန့်ပစ်လိုက်ပြီး နောက်ဘက်သို့ ပြန်လှည့်၍ မိမိ ကွင်းထဲသို့ ပြန်ဝင်ပြေးတော့သည်။ ယုံကြည် စိတ်ချမှု မှန်သမျှသည် သူ့ခန္ဓာကိုယ်ထဲမှ ထွက်ပြေး လွင့်စဉ်သွားကြသလို ကျွမ်းကျင်မှုနှင့် ကျက်သရေ ရှိမှုတို့ပါ ရောနှော၍ ပျောက်ကွယ်သွားကြတော့သည်။

သူသည် ခလုတ် တိုက်ပြီး ခြေလှမ်း ပျက်သွားရာ လဲကျတော့မလိုလို ဖြစ်သွားရသည်။ သူ့လက်ထဲမှ ဘောလုံးသည်လည်း မြေပေါ်သို့ လွတ်ကျသွားတော့သည်။

ဘင်နီဒစ်သည် နောက်ဘက်သို့ ပြန်လှည့်ကြည့်ရင်း လွတ်ကျသွားသော ထိုဘောလုံးအား မမြင်မကန်းနှင့် လိုက်ကောက်ရန် ကြိုးပမ်းတော့သည်။ ထို အချိန်တွင် သူ့မျက်နှာပေါ်၌ အကြီးအကျယ် ကြောက်ရွံ့နေမှုက အတိုင်းသား ပေါ်လွင်နေသည်။ ဂျွန်နီသည် သူနှင့် အလွန် နီးကပ်နေလေပြီ။ ဂျွန်နီ လန့်စ်၏ နှုတ်ခမ်း အစုံသည် လှောင်တောင်တောင် အမူအရာနှင့် ပြုံးနေကြသည်။

ဘင်နီဒစ် ဗန်ဒါဗီလ်သည် ကြောက်စိတ်ကြောင့် တုန်တုန်ယင်ယင် ဖြစ်လာသဖြင့် မြက်ခင်းပေါ်သို့ ဒူးထောက်ချလိုက်ပြီး မျက်နှာကို လက်နှစ်ဖက်နှင့် ဖုံးအုပ် ထားလိုက်သည်။

ဂျွန်နီသည် သူ့အား ကြည့်မနေဘဲ တစ်ဟုန်ထိုး ကျော်ဖြတ်သွားပြီး မြက်ခင်းပေါ်တွင် လိမ့်နေသော ဘောလုံးကို အေးဆေး သက်သာစွာ ကောက်ယူလိုက်တော့သည်။

ဘင်နီဒစ်သည် ဒူးထောက်လျက် အနေအထားမှပင် မျက်နှာပေါ်မှ လက်နှစ်ဖက်ကို ဖယ်၍ လှမ်းကြည့်လိုက်ရာ ဆယ်ကိုက်ခန့် အကွာတွင် ရှိသော ဂိုးတိုင် နှစ်တိုင် ကြားသို့ ရောက်နေသည့် ဂျွန်နီ လန့်စ်က သူ့အား လှမ်းကြည့်နေသည်ကို တွေ့လိုက်ရတော့သည်။

ထို့နောက် ဂျွန်နီ လန့်စ်သည် တရားဝင် သွားစေရန် အတွက် ဘောလုံးကို တမင်တကာပင် ခြေထောက် နှစ်ဖက် အကြားရှိ မြေကြီးပေါ်သို့ ချထားလိုက်တော့သည်။

ထို့နောက် နှစ်ယောက်စလုံး နှစ်ဦး သဘောတူ ညှိနှိုင်း ထားကြသည့် အလား ဂျွန်နီနှင့် ဘင်နီဒစ်တို့သည် အထူးတန်းဆီသို့ လှမ်းကြည့်လိုက်မိကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အဘိုးကြီးသည် ထိုင်ရာမှ ဖြည်းညင်းစွာ ထ၍ ထွက်ပေါက်ဆီသို့ လျှောက်သွားသည်ကို မြင်လိုက်ကြရသည်။

ဘောလုံးပွဲ အပြီး နောက်တစ်နေ့တွင် ဂျွန်နီသည် သဲကန္တာရထဲသို့ ပြန်သွားရလေတော့သည်။

ဂျွန်နီ လန့်စ်သည် အစမ်း တူးထားသော ဆယ့်ငါးပေ နက်သည့် ကျင်း အောက်ခြေတွင် ရှိနေသည်။ ထိုကျင်းထဲတွင် သည်းခံ၍ မရလောက်အောင် ပူအိုက်လွန်းလှသောကြောင့် ကာကီ ဘောင်းဘီတိုကလေး တစ်ထည်တည်းကိုသာ ဝတ်ဆင်ထားသော်လည်း သူသည် မှန်မှန်ကြီး အလုပ် လုပ်နေသည်။

ဂျွန်နီသည် သူ့ ခေါင်းပေါ်ရှိ မြေပြင်ပေါ်၌ ဂျစ်ကား တစ်စီး ထိုးရပ်လိုက်သံကို ကြားလိုက်ရပြီး ခြေသံများကို ကြားလိုက်ရသည်။ ကျောပြင် တစ်ပြင်လုံး နာကျင် ကိုက်ခဲနေသော ဂျွန်နီ လန့်စ်သည် ခါးကို မတ်မတ် ဆန့်လိုက်၏။

အဘိုးကြီးသည် ကျင်းထိပ်တွင် ရပ်လိုက်ပြီးနောက် အောက်ဘက်ရှိ သူ့အား ငုံ့ကြည့်နေသည်။ အဘိုးကြီးသည် ခေါက်ထားသော သတင်းစာ တစ်စောင်ကို လက်ထဲတွင် ကိုင်ထားသည်။ ယခု အကြိမ်သည် နှစ်ပေါင်း များစွာ အတွင်း အဘိုးကြီးအား ပထမဦးဆုံး အကြိမ် နီးနီးကပ်ကပ် မြင်တွေ့လိုက်ရခြင်း ဖြစ်ပြီး အဘိုးကြီး၏ ပြောင်းလဲသွားမှုကြောင့် တအံ့တသြ ဖြစ်သွားမိသည်။

အဘိုးကြီး၏ ဆံပင် တစ်သိုက်လုံးမှာ ဖွေးဖွေး ဖြူနေသလို မျက်နှာပေါ်ရှိ အသားအရေကလည်း အလွန်အကျွံ တွန့်လိမ် နေလေရာ ကောက်နေသည့် နှာခေါင်းကြီးသည် မျက်နှာပေါ်တွင် တောင်ကုန်းကလေး တစ်ခု ပမာ အထင်းသား ပေါ်လွင်နေသည်။ သို့ရာတွင် အဘိုးကြီး၏ ခန္ဓာကိုယ်မှာ ကျစ်လျစ်နေဆဲ ဖြစ်သလို မျက်လုံးအစုံကလည်း အသည်းအေးစရာ ကောင်းလောက်အောင် ပြာနှမ်းနေဆဲပင်တည်း။

အဘိုးကြီးက သတင်းစာအား ကျင်းထဲသို့ ပစ်ချလိုက်ရာ ဂျွန်နီသည် အဘိုးကြီးအား ငေးကြည့်နေရင်းကပင် သတင်းစာကို ဖမ်းယူထားလိုက်သည်။

အဘိုးကြီးက ပြောလိုက်၏။

'အဲဒါကို ဖတ်စမ်း'



mgyoe.com

mgyoe.com SAMPLE BOOK

သတင်းစာကို အားကစား သတင်း စာမျက်နှာတွင် ခေါက်ထားပြီး စာလုံးမည်းကြီးများနှင့် ပုံနှိပ်ထားသော ခေါင်းစည်းမှာ ထင်းထင်းကြီး ပေါ်လွင်နေသည်။

'ဂျက်ဟွန်းကို ရွေး၊ ဗန်ဒါဗီလ်ကို ပယ်'

အံ့အားသင့်သွားသော အရာသာမှာ ရေပူစမ်းထဲသို့ ခုန်ဆင်း လိုက်ရသလိုပင်တည်း။ သူ အားကစား လက်ရွေးစင် အဖြစ် အရွေးခံလိုက်ရလေပြီ။ သူ၏ဘလေဇာ ကုတ်အင်္ကျီပေါ်တွင် 'ခုန်နေသော ဆိတ်သမင် ရုပ်ပုံနှင့် ရွှေရောင်၊ အစိမ်းရောင်တို့ဖြင့် ခြယ်ထားသော တံဆိပ်' တို့ကို ဝတ်ဆင်ခွင့် ရပေတော့မည်။

ဝမ်းသာသွားသော ဌျန်နီ လန့်စ်သည် အဘိုးကြီး ပြောမည့် စကားကို နားစွင့်ရင်း မော့ကြည့်လိုက်၏။

'မင်းဘာသာ မင်း ဆုံးဖြတ်ပေါ့ကွာ'

အဘိုးကြီးက ခပ်တိုးတိုး ပြောလိုက်သည်။

'မင်း ဘောလုံး ကစားချင်သလား၊ ဒါမှမဟုတ် ဗန်ဒါဗီလ် စိန်ကုမ္ပဏီအတွက် အလုပ် လုပ်ချင်သလား၊ နှစ်မျိုးစလုံးကိုတော့ မင်း လုပ်ခွင့် မရဘူး'

ထို့နောက် သူသည် ဂျစ်ကားဆီသို့ ပြန်လျှောက်သွားပြီး မောင်းထွက်သွားတော့သည်။

ဌျန်နီသည် ဘောလုံး အသင်းမှ နုတ်ထွက်ကြောင်း အကြောင်းကြားသော သံကြိုးကို သူကိုယ်တိုင် ဘောလုံး အသင်း ခေါင်းဆောင် ဒေါက်တာ ဒါနီကရာဗင်ထံ ပေးပို့လိုက်သည်။

ဤတွင် သတင်းစာများထဲ၌ ဒေါသတကြီးနှင့် ကန့်ကွက်ကြသော အယ်ဒီတာထံ ပေးစာများ ပါရှိလာသလို ဌျန်နီသည် သူရဲဘော ကြောင်သူ ဖြစ်ကြောင်း၊ သစ္စာ ဖောက်သူ ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် စွပ်စွဲထားသော စာများသည် ဌျန်နီ့ထံသို့ ရာနှင့် ချီ၍ ရောက်ရှိလာရာ ဌျန်နီသည် သဲကန္တာရအလယ်တွင် ကွန်းခိုခွင့် ရရှိနေသည်ကိုပင် ကျေးဇူးတင်မိတော့သည်။

ဌျန်နီရော ဘင်နီဒစ်ပါ နောက်ထပ်၍ ဘောလုံး ကစားခွင့် မရကြတော့ပါ။ ကြာမြင့်လှပြီ ဖြစ်သော ယခုအချိန်တွင် ထိုကိစ္စအား ပြန်၍ စဉ်းစား ကြည့်သည့်တိုင်အောင် ဌျန်နီ့ စိတ်ထဲ၌ စိတ်ပျက်လက်ပျက် ဖြစ်နေမိဆဲပင်။ သူသည်

mgyoe.com

mgyoe.com SAMPLE BOOK

ရွှေရောင်၊ အစိမ်းရောင်တို့ဖြင့် ခြယ်ထားသော ဂုဏ်ထူးဆောင် တံဆိပ်ကို ထူးထူးခြားခြား လိုချင်မိခဲ့သည်။

သူသည် ဂျက်ဗွာ မော်တော်ကားကို လမ်းဘေးသို့ ဖြုန်းခနဲ ဆွဲချ၍ ရပ်တန့်လိုက်ပြီး လန်ဒန် မြေပုံပေါ်တွင် ကမန်းကတန်း ရှာကြည့်လိုက်ရာ စတတ်ခ်လမ်းကို ရှာတွေ့ရတော့သည်။ သူ့ထံမှ ထိုတံဆိပ်ကို အဘိုးကြီးက မည်သို့ မည်ပုံ လုယူသွားကြောင်း ပြန်စဉ်းစားရင်း သူက မော်တော်ကားကို ဆက်မောင်းသွားသည်။ ထိုကိစ္စ အတွက် ဖြစ်ပေါ်လာရသည့် ခံစားရမှုမှာ မခံမရပ်နိုင်အောင် ဆိုးရွားလှသည်။

ဝျွန်နီ လန့်စ်သည် သဲကန္တာရထဲတွင် တေမိဆန်ဆန် စကား အပြောအဆို နည်းလှသော လူဖြူ အနည်းငယ်၊ ပြီးတော့ အိုဗန်တို မျိုးနွယ်မှ လူမည်းများနှင့်သာ အပေါင်းအသင်း ပြုလုပ်ခဲ့ရသည်။

နာမစ် သဲကန္တာရနှင့် ကာလာဟာရီ သဲကန္တာရတို့သည် ကမ္ဘာပေါ်တွင် အထီးကျန် နိုင်လွန်းလှသော နေရာများ ဖြစ်ကြသလို သဲကန္တာရ အတွင်း၌ နေရသော ညတာများသည် ဝျွန်နီ လန့်စ် အဖို့ ရှည်လျား လွန်းလှပေသည်။ ဝျွန်နီ လန့်စ်သည် ပင်ပန်း နွမ်းနယ်သွားအောင် မည်ရွေ့ မည်မျှပင် ကြိုးစား၍ အလုပ် လုပ်ခဲ့စေကာမူ ထရေစီ သို့မဟုတ် အဘိုးကြီးကို အိပ်မက် မမက်ဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ မရခဲ့ပါချေ။

နေ့တာနှင့် ညတာ ရှည်လှသော ထိုကာလ အတွင်းမှာပင် ဝျွန်နီ လန့်စ်၏ သက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းနှင့် ပတ်သက်၍ ထူးခြားသော မှတ်တိုင်များကို ဝျွန်နီ လန့်စ်သည် စိုက်ထူနိုင်ခဲ့ပေသည်။

ဝျွန်နီ လန့်စ်သည် အခြား မည်သူကမျှ စိန် ထွက်မည်ဟု မထင်သော ဒေသတွင် စိန်တွင်း အသစ် တစ်တွင်းကို ဖော်ထုတ် ပေးနိုင်ခဲ့သည်။ ထိုစိန်တွင်းသည် သေးငယ်သော်လည်း စိန် အမြောက်အမြား ထွက်သည့် တွင်း တစ်တွင်း ဖြစ်သည်။

သူသည် ယူရေနီယမ် သတ္တုကြောကြီး တစ်ခုကိုလည်း ရှာဖွေ တွေ့ရှိခဲ့သည်။ ဗန်ဒါဗီလ် စိန် ကုမ္ပဏီသည် အဆိုပါ သတ္တုကြောကို ပေါင် နှစ်သန်းခွဲနှင့် ရောင်းချနိုင်ခဲ့သည်။

ဝျွန်နီ လန့်စ် အသက် နှစ်ဆယ့် ငါးနှစ် အရွယ်တွင် သူသည် စိန်ကုမ္ပဏီ အသိုင်းအဝိုင်း၌ အလားအလာ ရှိသော လူတော် လူကောင်းကလေး တစ်ယောက် အဖြစ် တိုးတိုးတိတ်တိတ် နာမည် ပျံ့ခဲ့သူ ဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ထံသို့ ချဉ်းကပ်မှုများလည်း ရှိခဲ့သည်။ ထိုချဉ်းကပ်မှုများကို ဂွန်နီ လန့်စ်က ပယ်ချခဲ့သည်ချည်းသာ ဖြစ်သည်။ သူသည် အဘိုးကြီးထံတွင်သာ ဆက်လက်၍ အလုပ် လုပ်ခဲ့သည်။

ထို့နောက် သူ့အား မဟာ စိန်ကုမ္ပဏီကြီးက သတိပြုမိလေတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်က တောင်အာဖရိကရှိ စိန် တူးဖော်၍ ရနိုင်မည့် မြေကို ဒီဘီးယား ဆိုသော ဘိုးဝါး လူမျိုး တစ်ဦးက ပိုင်ဆိုင်ခဲ့ သည်။ ဒီဘီးယားသည် သူ့ယာမြေ အောက်ဘက်တွင် ပေါင် သန်းပေါင်း သုံးရာ တန်သော ရတနာများ ရှိနေသည်ဟု အိပ်မက်ပင် မမက်ခဲ့သောကြောင့် ထို ယာမြေကို ပေါင် ခြောက်ထောင်နှင့် ရောင်းချခဲ့သည်။

ဒီဘီးယား မြေမှ စိန်ထွက်သည် ဆိုသော သတင်းကြောင့် သတ္တု ရှာဖွေ သူများ၊ လုပ်ငန်းရှင်ကလေးများ၊ ခြေသလုံးအိမ်တိုင် ပုဂ္ဂိုလ်များ၊ တစ်ပွဲတိုး သမားများ၊ လူလိမ် လူကောက်များနှင့် လူရမ်းကားများသည် ဒီဘီးယား စိန် နယ်မြေသစ်ဆီသို့ အင်နှင့် အားနှင့် စုပြုံပြီး ရောက်ရှိလာကြသည်။ သူတို့ သည် တစ်ဦးစီ အတွက် အခန်း တစ်ခန်းစီလောက်သာ ကျယ်ဝန်းသော မြေ ပေါ်တွင် နေရာ ယူ၍ စိန်တူးကြသည်။

ထိုကဲ့သို့သော ကံစမ်းသူများ အကြားမှ စီစီ ဂွန် ရုတ်ဒ်နှင့် ဘာနေး ဘာနာတို ဆိုသူ နှစ်ဦးသည် 'ဒီဘီးယား စိန်နယ်မြေသစ်' မှ မြေ အားလုံး နီးပါးကို ပိုင်ဆိုင်ခွင့် ရရှိလာသည် အထိ ထူးထူးခြားခြား အောင်မြင်မှု ရခဲ့ ကြသည်။ နောက်ဆုံးတွင် သူတို့ နှစ်ဦး လက်တွဲ မိကြသောအခါ လေးစား ထိုက်သော လုပ်ငန်း တစ်ခု အဖြစ်သို့ ရောက်ရှိသွားတော့သည်။

ထိုကဲ့သို့သော အခြေအနေမျိုးမှ စတင်ခဲ့သော ထို ကုမ္ပဏီ၏ ကြွယ်ဝ ချမ်းသာမှုမှာ မယုံနိုင်လောက်အောင် များပြားလှသလို ဩဇာ တိက္ကမ ရှိမှုကို လည်း တိုင်းတာ၍ မရနိုင်ပါချေ။ ထိုကုမ္ပဏီ၏ ဝင်ငွေကလည်း အဆမတန် မြင့်မားလှသည်။ တစ်ကမ္ဘာလုံး အတွက် စိန်ဖြန့်ဖြူးမှုကို ထိုကုမ္ပဏီက ထိန်း ချုပ်ထားသည်။

ထိုကုမ္ပဏီသည် အာဖရိက တောင်ပိုင်းနှင့် အလယ်ပိုင်းရှိ ဧရိယာ စတု ရန်း မိုင်ပေါင်း ထောင်ပေါင်း များစွာ ကျယ်ဝန်းသော နေရာများတွင် သတ္တု တူးဖော်ခွင့်ကို ရရှိ ပိုင်ဆိုင်ထားသည် ဖြစ်ရာ ထိုကုမ္ပဏီတွင် မတူးဖော်ရသေး သော အဖိုးတန် ကျောက်မျက် ရတနာများနှင့် သယံဇာတ ပစ္စည်းများ မည်ရွေ့ မည်မျှ ရှိနေမည်ကို မည်သူကမျှ ခန့်မှန်း တွက်ချက်၍ မရနိုင်ကြပါချေ။

mgyoe.com

mgyoe.com SAMPLE BOOK

စိန် ကုမ္ပဏီငယ်ကလေးများကို တစ်စုံတစ်ခုသော ပမာဏ အထိ ကြီးထွားခွင့် ပေးထားပြီး ပို၍ ကြီးထွားလာပါက ချက်ချင်း ဆိုသလို ထိုကုမ္ပဏီကလေးများသည် စိန်ကုမ္ပဏီကြီး၏ ဝါးမျိုမှုကို ခံကြရလေတော့သည်။ စိန်ကုမ္ပဏီကြီးသည် အလားအလာ အကောင်းဆုံး မြေသစ်များ၊ အကောင်းဆုံး ပစ္စည်း ကိရိယာများနှင့် အတော်ဆုံး ပုဂ္ဂိုလ်များကို ဝယ်ယူနိုင်စွမ်း ရှိသည်။ ထို့ကြောင့် စိန်ကုမ္ပဏီကြီး၏ များပြားလှသော လက်ချောင်းများ အနက် လက်ချောင်း တစ်ချောင်းက ပျွန်နီ လန့်စ်အား ဝါးမျိုရန် လှမ်းဆွဲ လိုက်လေသည်။ ထိုကုမ္ပဏီကြီးက ပျွန်နီ လန့်စ်အား ယခု လက်ရှိ လစာထက် တစ်ဆ ပိုပေးမည့် အပြင် အနာဂတ် ကာလ အတွက် မျှော်လင့်ချက်ကိုလည်း သုံးဆ ပို၍ မြင့်မားစေမည်ဟု အာမခံလိုက်သည်။

ပျွန်နီ လန့်စ်က ထိုကမ်းလှမ်းချက်ကို အပြတ် ပယ်ချလိုက်သည်။ ထိုကိစ္စကို အဘိုးကြီးက သတိပြုမိချင်မှ ပြုမိပေလိမ့်မည်။ သို့တည်းမဟုတ် တိုက်ဆိုင်တာ သက်သက်လည်း ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုကိစ္စ ဖြစ်ပွားပြီး နောက်တစ်ပတ် အကြာတွင် ပျွန်နီသည် 'ကမ်းခြေ ဒေသ တူးဖော်ရေး ဒေသ မန်နေဂျာ' ရာထူးသို့ မြှင့်ပေးခြင်း ခံရတော့သည်။ ထိုလုပ်ငန်းကို လုပ်ကိုင်ခွင့် ရသူများအား ကနွတ် ဘုရင် (King Canute)* ဟု ခေါ်ဝေါ်လေ့ ရှိသည်။

ဗန်ဒါဗီလ် စိန်ကုမ္ပဏီသည် သုံးဆယ့်ခုနစ်မိုင် ရှည်လျားသော ကမ်းခြေ တစ်လျှောက်တွင် စိန် တူးဖော်ခွင့် ရရှိထားသည်။ ထိုနေရာမှာ ပင်လယ်ရေ အမြင့်ဆုံး တက်လေ့ ရှိသည့် နေရာမှ အထက်ဘက် ပေ တစ်ရာ့ နှစ်ဆယ် အထိနှင့် ပင်လယ်ရေ အနိမ့်ဆုံး ဆင်းသွားသည့် နေရာ၏ အောက်ဘက် ပေ တစ်ရာ့ နှစ်ဆယ် အထိ ကမ်းခြေ တစ်လျှောက် သုံးဆယ့် ခုနစ်မိုင် ရှည်လျားသော ဖဲပြား သဏ္ဌာန် မြေနေရာကလေးသာ ဖြစ်သည်။ ကုန်းတွင်းပိုင်းရှိ မြေအားလုံးပေါ်တွင် တူးဖော်ခွင့်ကို စိန် ကုမ္ပဏီကြီးက ပိုင်ဆိုင်ထားသည်။ စိန်ကုမ္ပဏီကြီးသည် သတ္တု တူးဖော်ခွင့် ရရှိရေး အတွက် ကြီးမားလှသော ခြံကြီး တစ်ဒါဇင်ကိုလည်း ဝယ်ယူထားသည်။ ပင်လယ်ထဲတွင်လည်း ထိုကုမ္ပဏီကြီးသည် ကမ်းခြေမှ ဆယ့်နှစ်မိုင် အထိ တူးဖော်ခွင့်ကို ဝယ်ယူထားပြီး ဖြစ်သည်။

---

* King Canute (၉၉၅-၁၀၃၅)
အင်္ဂလန်၊ နော်ဝေးနှင့် ဒိန်းမတ် သုံးနိုင်ငံကို အုပ်စိုးခဲ့သော ဘုရင်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုကုမ္ပဏီကြီးအား လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က စ၍ အစိုးရက ခွင့်ပြုထားခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ဗန်ဒါဗီလ် စိန်ကုမ္ပဏီသည် ပင်လယ် ရေစပ်မှ 'ရေတပ်ပိုင် နယ်မြေ' ဟု ဆိုရမည် ဖြစ်သော ရှည်မျောမျော မြေကလေးကို ပိုင်ဆိုင်ထားပြီး ထိုမြေပေါ်မှ အကျိုးအမြတ် ရလာအောင် ဆောင်ရွက်ရေးမှာ ကန္တတ် ဘုရင်၏ တာဝန်သာ ဖြစ်ပေသည်။

ပင်လယ် မြူနှင်းသည် ဘင်ဂွယ်လာ ရေစီးကြောင်း၏ အေးမြသော ရေပြင်ပေါ်၌ ပုလဲရောင် မီးခိုးလုံးကြီးပမာ ဝေ့ဝဲပြီး မျောပါလာသည်။ ထို မြူနှင်းထုထဲမှ ကြီးမားသော လှိုင်းလုံးကြီးများသည် အဝါရောင် သဲမြေနှင့် နမာကူလန် ကမ်းခြေမှ ကျောက်ဆောင် ကျောက်ကမ်းပါးကြီးများဆီသို့ ခပ်ဖြည်းဖြည်း လိမ့်လာကြသည်။

ထိုလှိုင်းလုံးကြီးများသည် ကမ်းခြေမှ သဲမြေနှင့် ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဖြန်းခနဲ ကြီးမားလာကြသည်။ ထို့နောက် လှိုင်းလုံးကြီးများသည် ယိမ်းယိုင်လာကြပြီး တောက်ပသော အစိမ်းရောင်သို့ ပြောင်းလဲသွားကာ လေတိုက်ခတ်မှုကြောင့် ရေမှုန် ရေမွှားများ အဖြစ် လွင့်စဉ် ကြဲဖြန့်၍ သဲပြင်ပေါ်သို့ ပြန်လျှောကျလာပြီးလျှင် ဖြူဖွေးသော ရေမြှုပ်များသည် ဝေါခနဲ မြည်သံနှင့် အတူ သဲပြင်ပေါ်တွင် ပြန့်ကျဲ သွားကြလေတော့သည်။

ဂျွန်နီ လန့်စ်သည် အမိုး ဖွင့်ထားသော လင်းရိုဗာ မော်တော်ကား တစ်စီး၏ ယာဉ်မောင်းသူ ထိုင်ခုံပေါ်တွင် မတ်တတ် ရပ်နေသည်။

သူသည် အရဏ်ဦး မြူနှင်းထု၏ အအေးဒဏ်ကို ကာကွယ်ရန် သိုးသားရေနှင့် ချုပ်ထားသော သားရေ ဂျာကင် အင်္ကျီ တစ်ထည်ကို ဝတ်ဆင်ထားသော်လည်း ဦးထုပ် ဆောင်းထားခြင်း မရှိချေ။ ထို့ကြောင့် မည်းနက်သော ဆံပင် တစ်ထွေးသည် လေ အဝှေ့တွင် နဖူးပေါ်၌ တဖျပ်ဖျပ် လှုပ်ရှားနေသည်။

ဂျွန်နီ လန့်စ်သည် ဦးခေါင်းကို မော့ထားပြီး သိုးသားရေဖြင့် ချုပ်ထားသော သားရေ ဂျာကင် အင်္ကျီထဲ၌ ထည့်သွင်းထားသော လက်နှစ်ဖက်ကို ကျစ်ကျစ် ပါအောင် ဆုပ်ထားသည်။

သူသည် လှိုင်းလုံးကြီးများ၏ အမြင့်နှင့် တွန်းအားကို တွက်ဆကြည့်ရင်း ဒေါသတကြီး ရေရွတ်လိုက်၏။ ကျိုးနေသော နှာခေါင်းကြောင့် ဂျွန်နီ လန့်စ်သည် အချက်ပေးသံကို စောင့်နေသော လက်ဝှေ့သမား တစ်ယောက်နှင့် တူနေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ဝျှန်နီ လန့်စ်သည် ဘယ်ဘက် လက်ကို အင်္ကျီအိတ်ထဲမှ ဆတ်ခနဲ ဆွဲထုတ်ပြီး လက်ပတ် နာရီကို ကြည့်လိုက်၏။ နှစ်နာရီနှင့် သုံးမိနစ် ကြာအောင် ဒီရေသည် အနိမ့်ဆုံး အဆင့်သို့ ကျဆင်းနေပေလိမ့်မည်။ သူသည် လက်သီးဆုပ်ကို အင်္ကျီ အိတ်ထဲသို့ ပြန်သွင်းလိုက်ပြီးနောက် သူ၏ မြေညှိစက်ကြီးများအား ကြည့်ရန် နောက်ဘက်သို့ ပြန်လှည့်လိုက်၏။

အမြင့်ဆုံး ရေတက်သော ကမ်းစပ်တွင် စီတန်း၍ ရပ်ထားသော အဝါရောင် ဒီအိပ် ကာတာပီလာ ဆယ့်တစ်စီး ရှိနေသည်။ ရေကာ မျက်မှန်များကို တပ်ဆင်ထားကြသော မြေညှိစက် မောင်းသူများသည် ထိုင်ခုံများပေါ်တွင် ထိုင်ရင်း မျက်တောင် မခတ်ဘဲ ကြည့်နေကြသည်။ သူတို့ အားလုံးက ဝျှန်နီ လန့်စ်အား စောင့်ကြည့် နေကြသည်။

ကာတာပီလာများ၏ နောက်ဘက်တွင် မြေကြီး သယ်သော စက်များ ရှိနေကြသည်။ ထိုစက်ကြီးများသည် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦး ပမာ ဝမ်းဗိုက် နေရာတွင် ပူနေပြီး လူတစ်ရပ်မက မြင့်မားသော တာယာကြီးများနှင့် အကြည့်ရ အလွန် ဆိုးရွားသော ပုံပျက်ပန်းပျက် စက်ကြီးများ ဖြစ်ကြသည်။

လှုပ်ရှားရမည့် အချိန်သို့ ရောက်ရှိလာသောအခါ ထိုစက်ကြီးများသည် တစ်နာရီလျှင် မိုင် သုံးဆယ်နှုန်းဖြင့် လှုပ်ရှားကြမည် ဖြစ်ပြီး သူတို့၏ ဝမ်းဗိုက် အောက်ရှိ သံမဏိ ဓားသွားကြီးများဖြင့် ဆယ့်ငါးတန် ရှိသော သဲ သို့မဟုတ် ကျောက်စရစ်ခဲများကို ထိုးကော် သယ်ယူ၍ ကုန်းပေါ်သို့ သယ်ပို့ပေးကြမည် ဖြစ်သည်။ ထို့နောက် နောက်တစ်ကြိမ် ထပ်သယ်ရန် ပြန်ပြေးလာကြမည် ဖြစ်သည်။

ဝျှန်နီသည် လက်တစ်ဆုပ်စာလောက် ရှိသော စိန်များကို ရလိုရငြား စတာလင် ပေါင် နှစ်သိန်းခွဲခန့် တန်သော စက်ပစ္စည်းများအား အတ္တလန္တိတ် သမုဒ္ဒရာထဲသို့ ဆင်းခိုင်းရမည့် အချိန် အတိအကျကို စောင့်ဆိုင်းနေသည်။

သူ စတင် လှုပ်ရှားရမည့် အချိန်သို့ ရောက်လာချိန်တွင် ဝျှန်နီ လန့်စ်သည် အဖိုးတန်သော အချိန် မိနစ်ဝက်ခန့် ကြာအောင် သူ စီစဉ်ထားသမျှကို ပြန်လည် ကြည့်ရှုပြီး သုံးသပ်လိုက်သည်။

ထို့နောက် ဝျှန်နီ လန့်စ်က ခရီးဆောင် အော်လန်နှင့် 'သွားကြတော့' ဟု အော်လိုက်သလို ညာဘက် လက်ကို ရှေ့တည့်တည့်သို့ ထိုးပြပြီး အမိန့်ပေးလိုက်သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

'သွားကြတော့' ဟု သူက နောက်တစ်ကြိမ် ထပ်အော်လိုက်သော်လည်း ထိုအသံသည် ဒီလှိုင်းများ၏ အသံ၊ ဒီဇယ် အင်ဂျင်စက်များ၏ အသံများ အကြားတွင် ပျောက်ကွယ်သွားတော့သည်။

ကာတာပီလာ မြေညှိစက်များသည် ကြီးမားသော သံမဏိ ဓားသွားများကို အောက်ဘက်ရှိ သဲထဲသို့ နှိမ့်ချရင်း ရှေ့တူရူသို့ ခပ်ဖြည်းဖြည်း တိုးသွားကြသည်။

ယခုအချိန်တွင် ရွှေရောင် သဲများသည် မြေညှိစက်ကြီးများ၏ ရှေ့ရှိ ဂေါ်ပြားကြီးများ ရှေ့တွင် တဖြည်းဖြည်း စုပုံလာကြသည်။ ထို့နောက် သဲများသည် တဖြည်းဖြည်းနှင့် ပို၍ များပြားလာပြီး နောက်ဆုံးတွင် သဲတံတိုင်းကြီး တစ်ခု အဖြစ်သို့ ရောက်ရှိသွားတော့သည်။

မြေညှိစက်ကြီးများသည် ရှေ့သို့ တိုးလိုက်၊ နောက်သို့ ပြန်ဆုတ်လိုက်၊ အားနှင့် ဆောင့်တွန်းလိုက်၊ ခပ်ဖြည်းဖြည်း ဖိတွန်းလိုက် စသည်ဖြင့် သဲ တံတိုင်းကြီးအား ရှေ့သို့ ရွေ့သွားအောင် နည်းအမျိုးမျိုးဖြင့် တွန်းနေကြသည်။

သဲတံတိုင်းကြီးသည် အားမရှိလှသော ပင်လယ် ဒီရေလှိုင်းအား ရင်ဆိုင်ပြီး တွန်းလှန် ပစ်လိုက်သည်။ လှိုင်းလုံးကြီးများသည် သဲတံတိုင်းကြီးကို တွေ့လိုက်ရသောကြောင့် တအံ့တသြ ဖြစ်သွားသည့် အလား နောက်ဘက်သို့ ပြန်ဆုတ်သွား ကြသည်။

ယခုအချိန်တွင် မြေညှိ စက်ကြီးများသည် ရှုပ်ထွေးလှသော ဘဲလေး ကကွက် တစ်ကွက်ကို ကနေသည့်ပမာ မှန်မှန်ကန်ကန် လှုပ်ရှားနေကြသည်။ လင့်ရိုဗာ မော်တော်ကားသည် တဖြည်းဖြည်းနှင့် ကျင်းကြီး တစ်ခု ဖြစ်လာနေသော ကျင်း နှုတ်ခမ်း ထိပ်တွင် ခေါက်တုံ့ ခေါက်ပြန် မောင်းနှင်ရင်း လျှပ်စစ် အော်လန်မှ တစ်ဆင့် ညွှန်ကြားချက်များကို အော်ပြောနေသည်။

တဖြည်းဖြည်းနှင့် လခြမ်း သဏ္ဌာန် သဲတံတိုင်းကြီးသည် ပင်လယ်ထဲတွင် အခြေ တည်မိတော့သလို ထိုသဲတံတိုင်း နောက်ဘက်ရှိ မြေညှိစက်ကြီးများ၏ သံမဏိ ဂေါ်ပြားကြီးများကလည်း ရွှေဝါရောင် သဲထဲသို့ ခြောက်ပေ၊ ဆယ်ပေ၊ ဆယ့်ငါးပေ နက်အောင် ထိုးစိုက်နေကြတော့သည်။

ထို့နောက် ချက်ချင်းလိုလိုပင် ကာတာပီလာများ၏ သဲဂေါ်ပြားကြီးများသည် အနောက်တောင် အာဖရိက ဒေသတွင် စိန် ကျောက်စရစ်ခဲများကို ဖုံးအုပ်ထားလေ့ ရှိတတ်သော ကျောက်ဖြစ် ရပ်ကြွင်း ကနုကမာ မြေလွှာကို ထိုးဖောက် မိကြတော့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဌွန်နီသည် မြေညှိစက်၏ သံဂေါ်ပြားများပေါ်တွင် ပါလာသော ကနုကမာ အခွံများကို မြင်လိုက်ရသောကြောင့် ယခု တူးနေသော ကျင်း၏ ထူးခြားသော အသွင်အပြင်ကို သတိ ထားလိုက်မိတော့သည်။

ဌွန်နီ လန့်စ်သည် ထိုကျင်းကြီး၏ နှုတ်ခမ်း နှစ်ဖက်တွင် မြေသယ်စက်ကြီးများ ဆင်းတက်နိုင်သော ဆင်ခြေလျှော အဆင်း အတက် နေရာများ ဖြစ်သွားအောင် မြေညှိပေးရန် မြေညှိစက်ကြီးများ အမိန့်ပေးလိုက်သည်။ ဆင်ခြေလျှော နေရာများကို ပြုလုပ် ပေးပြီးကြသောအခါ ထိုမြေညှိစက်ကြီးများအား မူလ နေရာသို့ ပြန်၍ သဲတံတိုင်းကြီးကို ဆက် ထိန်းပေး ထားကြရန် ဌွန်နီ လန့်စ်က ထပ်မံ ညွှန်ကြားလိုက်သည်။

သူက လက်ပတ်နာရီကို ကြည့်လိုက်၏။

'တစ်နာရီနှင့် ဆယ့်သုံး မိနစ်၊ ကျုပ်တို့ အတွက် အချိန်ကတော့ ကတ်သီး ကတ်သတ်ပဲ'

ဌွန်နီ လန့်စ်က သူ့ကိုယ်သူ ခပ်တိုးတိုး ပြောလိုက်သည်။ သူက ကျင်းကြီးအား ခပ်မြန်မြန် စစ်ဆေးလိုက်၏။ ကိုက်နှစ်ရာ ရှည်လျားပြီး အနက် ဆယ့်ငါးပေ ရှိသော ကျင်း အောက်ခြေတွင် နေရောင်ခြည်ထဲ၌ ဖြူဖွေးနေသော ကနုကမာ မြေလွှာ ရှည်လျားလျားကလေးကို မြင်နေရသည်။ မြေညှိစက်ကြီးများသည် ပင်လယ်ရေကို တောင့်ခံထားရင်း ကျင်း အောက်ခြေနှင့် လွတ်ကင်းသော နေရာတွင် ရှိနေကြသည်။

ဌွန်နီ လန့်စ်က ခပ်တိုးတိုး ပြောလိုက်၏။

'ကောင်းပြီလေ၊ ကျုပ်တို့ ဘာရမလဲ ဆိုတာ ကြည့်ကြရအောင်'

သူက မျှော်လင့်တကြီးနှင့် စောင့်ကြည့် နေကြသော မြေသယ်စက်ကြီးများ ဘက်သို့ မျက်နှာမူလိုက်၏။

သူက ရှေ့သို့ သွားကြရန် ညာလက်နှင့် အချက် ပြလိုက်သလို နှုတ်ကလည်း 'ကျင်းထဲ ဝင်ပြီး သယ်ကြတော့' ဟု အော်ပြောလိုက်သည်။

တစ်စီးနှင့် တစ်စီး ရှေ့နောက် တန်းစီ၍ ရပ်နေကြသော မြေသယ်စက်ကြီးများသည် ကျင်း၏ ထိပ်ဖျား တစ်ဖက်မှ ဆင်ခြေလျှောလမ်း အတိုင်း ကျင်း အောက်ခြေသို့ ပြေးဆင်းလာကြသည်။

ထို့နောက် ကနုကမာခွံများနှင့် ကျောက်စရစ်ခဲများကို ကျုံးယူလိုက်ပြီး အရှိန် မသတ်တော့ဘဲ ကျင်း တစ်ဖက်စွန်းတွင် ရှိသော ဆင်ခြေလျှောမှ ပြေးတက်သွားကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြေသယ်စက်ကြီးများသည် ပင်လယ်ရေ အမြင့်ဆုံး ရောက်ရှိမည့် ရေမှတ်၏ အထက်နားတွင် သယ်လာသော ပစ္စည်းများကို အန်ချခဲ့ပြီး နောက်တစ်ကြိမ် ပြန်သယ်ရန် ကျင်းထဲသို့ ပြေးဆင်းသွားကြပြန်သည်။

ထိုအချိန်တွင် ပို၍ ပို၍ ဒေါသ ကြီးလာပြီ ဖြစ်သော လှိုင်းလုံးကြီးများအား သဲတံတိုင်း နောက်ဘက်ရှိ မြေညှိစက်ကြီးများက ထိန်းနေကြရပြီ ဖြစ်သည်။

ဂျွန်နီ လန့်စ်က သူ့ နာရီအား တစ်ချက် လှမ်းကြည့်လိုက်၏။

'ရေ ပြန်တက်ဖို့ သုံးမိနစ် အချိန်ရသေးတယ်၊ ကျုပ်တို့ ဟန်လိမ့်မယ်နှင့် တူတယ်'

သူက အားရပါးရ ပြုံးရင်း ခပ်ကျယ်ကျယ် ပြောလိုက်မိ၏။

သူသည် ယခုအချိန်တွင် အနည်းငယ် စိတ်သက်သာရာ ရရှိသွားသောကြောင့် စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။

သူသည် ဒရိုင်ဘာ ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်ပြီးနောက် မြေသယ် စက်များက သယ်လာကြသော ကျောက်စရစ်ခဲပုံကြီး၏ နံဘေးတွင် လင့်ရိုဗာ ကားကို ရပ်လိုက်သည်။

သူသည် ကားထဲက ထွက်လိုက်ပြီးနောက် ကျောက်စရစ်ခဲများကို လက်တစ်ဆုပ်စာခန့် ကောက်ကိုင်လိုက်၏။

သူက တိုးတိုးကလေး ပြောလိုက်သည်။

'ချစ်စရာ ကောင်းလိုက်တာကွာ၊ ပျော်ဖို့ သိပ်ကောင်းတာပဲ၊ ပျော်ဖို့ သိပ်ကောင်းတာပဲ'

ကျောက်စရစ်ခဲများသည် အနေအထား မှန်ကန်ကြပေသည်။ မြင်တွေ့နေရသော သွင်ပြင် လက္ခဏာများကလည်း အခြေအနေ ကောင်းမွန်သည်။

သူ လှမ်းယူလိုက်သော လက်တစ်ဆုပ် အတွင်းမှာပင် ဂေါ်မုတ် ကျောက်ကလေး တစ်လုံးနှင့် ပိုကြီးသော မဟူရာ ကျောက်တုံး တစ်တုံးတို့ကို တွေ့လိုက်ရသည်။

သူက နောက်တစ်ဆုပ်ကို ကောက်ကိုင်လိုက်ပြန်၏။

သူက ပီတိဖြစ်သော လေသံနှင့် ပြောလိုက်သည်။

'နဂါးသွဲ့ကျောက်၊ ပြီးတော့ သံကျောက်'

ထိုကျောက်များသည် စိန်၏ ဖွားဖက်တော် ကျောက်များ ဖြစ်ကြသည်။ စိန်ကို ထိုကျောက်များနှင့် အတူ တွေ့ရလေ့ ရှိသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျောက်ခဲများ၏ ပုံသဏ္ဌာန်ကလည်း မှန်သည်။ ဒင်္ဂါးများလို ပြားချပ်မနေဘဲ ဂေါ်လီလုံးများလို လုံးဝိုင်းပြီး ပြောင်လက်နေသည်။ လုံးနေသော ကျောက်စရစ်ခဲများကို တွေ့ရခြင်းကြောင့် စိန်ရတနာသိုက်ကို တွေ့ရပြီဟု ယူဆနိုင်သည်။

'ကျုပ်တို့ကတော့ ရတနာသိုက်နှင့် တန်းတိုးပြီဗျို့'

ဠျန်နီသည် သုံးဆယ့် ခုနစ်မိုင် ရှည်လျားသော ကမ်းခြေမှ ကိုက် နှစ်ရာရှိသော မြေနေရာ တစ်ခုကို ရွေးချယ်လိုက်ရာ စိန်ရှိသော နေရာနှင့် တန်းတန်းမတ်မတ် ဝင်တိုးတော့သည်။ ထိုကဲ့သို့ ဒက်ထိ တိုးခဲ့ခြင်းမှာ ကံကောင်းသောကြောင့် မဟုတ်။ ဠျန်နီ လန့်စ်သည် ကမ်းခြေ၏ ပုံပန်းသဏ္ဌာန်၊ ကောင်းကင်မှ ရိုက်ယူထားသော လှိုင်းလုံးကြီးများ၏ ဓာတ်ပုံများ၊ ပင်လယ် အောက်ခြေမှ ကွန်တို မျဉ်းများ၊ ကမ်းခြေရှိ သဲများအား ဓာတ်ခွဲ၍ သုတေသန ပြုရာမှ ထွက်ပေါ်လာသော အဖြေများ စသည်တို့ကို စေ့စေ့စပ်စပ် လေ့လာခဲ့ရုံမျှသာမက နောက်ဆုံးတွင် မည်သည့် နေရာ၌ စိန် ရှိသည်ကို အလိုလို သိသော ဆဋ္ဌမအာရုံတို့ကြောင့် တန်းတန်းမတ်မတ် ဝင်တိုးခဲ့ရခြင်း ဖြစ်ပေသည်။

လင့်ရိဗာ ကားပေါ်သို့ ပြန်တက်ခဲ့ချိန်တွင် ဠျန်နီ လန့်စ်သည် သူ့ကိုယ်သူ အကြီးအကျယ် ကျေနပ် ဝမ်းမြောက်နေပြီ ဖြစ်သည်။ မြေသယ် စက်ကြီးများသည် ကျင်း အောက်ခြေတွင် ကျောက်သား ပေါ်လာသည် အထိ ကျောက်စရစ်ခဲများကို ခြစ်ခြစ်ခြုတ်ခြုတ် ကျုံးယူခဲ့ကြပြီး ဖြစ်သည်။

သူတို့ လုပ်ရမည့် အလုပ် တာဝန် ပြီးဆုံးသွားပြီ ဖြစ်သောကြောင့် မြေသယ်စက်ကြီးများသည် သူတို့ သယ်လာခဲ့သော ကျောက်စရစ်ခဲ အပုံကြီး နံဘေးတွင် အိပ်ဇောပိုက်မှ မီးခိုးများကို မှုတ်ထုတ်ရင်း စီတန်းပြီး ရပ်နေကြသည်။

'ကဲ ကိုယ့်လူတို့'

ဠျန်နီ လန့်စ်သည် စိတ်ရှည်ရှည်နှင့် စောင့်နေသော အိုဗန်ဘို လူမျိုးစုမှ လူမည်းများအား အော်ဟစ်၍ အမိန့်ပေးလိုက်ရာ ထိုလူမည်းများသည် ကျင်းထဲသို့ ပြေးဆင်းသွားကြတော့သည်။ ကျင်း အောက်ခြေတွင် ရှိသော ကျောက်သား မျက်နှာပြင်၏ မညီညာမှုနှင့် ပပ်ကြားအက်များ ရှိနေမှုတို့ကြောင့် စိန်အတော်များများသည် ပပ်ကြားအက်များ ကြားထဲမှ အောက်ဘက်သို့ ကျကျန်ရစ်ခဲ့နိုင်သည်။ ထို့ကြောင့် အိုဗန်ဘိုများက ကျင်း အောက်ခြေ မျက်နှာပြင်ကို ပြောင်စင်သွားအောင် တံမြက်စည်းနှင့် လှည်း၍ ကောက်သင်းကောက် ကောက်ယူ ပေးကြရမည် ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ပင်လယ် ရေပြင်သည် ၄င်း၏ ကမ်းခြေကို မတရား ပြုမူသည့် ကိစ္စအား မခံမရပ်နိုင်အောင် ဒေါပွသွားဟန်နှင့် သဲတံတိုင်းကြီးကို အတင်း ဝင်၍ တိုးဝှေ့နေတော့သည်။

ယခု အချိန်တွင် ဒီရေကလည်း ပြန်တက်စ ပြုလာပြီ ဖြစ်ရာ မြေညှိစက်ကြီးများသည် သဲတံတိုင်းကြီး ပြိုမကျအောင် ယခင်ကထက် နှစ်ဆ တိုး၍ကြိုးစားပြီး ကာကွယ် နေကြရပြီ ဖြစ်သည်။

ကျင်းကြီးထဲတွင်လည်း အိုဗန်ဘို လူရိုင်းများသည် အတ္တလန္တိတ် သမုဒ္ဒရာကို တားဆီး ဟန့်တားထားသော သဲတံတိုင်းကြီးအား ခဏ တစ်ဖြုတ်ခန့် ကြောက်လန့်တကြား လှည့်ကြည့်ရင်း ကမန်းကတန်း အလုပ် လုပ်နေကြသည်။

ယခုအချိန်တွင် ပွန်နီသည် ရင်တထိတ်ထိတ် ဖြစ်နေရပြန်လေပြီ။

သူသည် ထိုလုပ်ငန်းကို ခပ်စောစော ရပ်သိမ်းလိုက်မည် ဆိုပါက စိန်များသည် ကျင်းထဲတွင် ကျန်ရစ်ခဲ့ကြမည် ဖြစ်သလို နောက်ကျမှ ရပ်သိမ်းမိမည် ဆိုပါကလည်း သူ့ကြောင့် စက်ပစ္စည်းများသာမက လူများပါ ရေနစ်ပြီး ဆုံးရှုံးသွားနိုင်ပေသည်။

သူက ရပ်သိမ်းရမည့် အချိန်ကို ကွက်တိ ဖြစ်အောင် ဆုံးဖြတ် ပေးလိုက်၏။ သိပ်ပြီး ကွက်တိ ဖြစ်လွန်းသွားသည်။ ပင်လယ် ဒီရေသည် သဲတံတိုင်းကြီးပေါ်မှ အနည်းငယ် ကျော်ဖြတ် စီးဆင်းစပြုလာသလို သဲတံတိုင်းကြီးထဲမှ ရေ အနည်းငယ် စိမ့်ယို၍ ထွက်ကျစပြုချိန်တွင် ကျင်း အောက်ခြေ၌လှည်းကျင်းနေသော အိုဗန်ဘို လူရိုင်းများအား ပြန်၍ ရပ်သိမ်းလိုက်၏။

ထို့နောက် သူက မြေညှိစက်များအား ပြန်လည် ရပ်သိမ်းလိုက်သည်။ မြေညှိစက် ဆယ်လုံးသည် ကျင်းပေါ်သို့ ချောချောမောမော ပြန်တက် လာနိုင်ခဲ့သော်လည်း မြေညှိစက် တစ်လုံးသည် ဟာလာဟင်းလင်း ဖြစ်နေပြီ ဖြစ်သော ကျင်း အောက်ခြေတွင် နှေးနှေးကွေးကွေးနှင့် မောင်းနှင်လာနေဆဲ ဖြစ်သည်။

သဲတံတိုင်းကြီးသည် နေရာ နှစ်နေရာဆီမှ ကျိုးပေါက် သွားလေတော့ရာ ခါးစောင်းခန့် မြင့်သော လှိုင်းလုံးကြီးများသည် ကျင်းထဲသို့ ဆူပွက်ပြီး ဝင်လာကြတော့သည်။

ပင်လယ်ရေ စီးဝင်လာသည်ကို မြေညှိစက် မောင်းသူက မြင်လိုက်ရရာ သူသည် တစ်စက္ကန့်လောက် တုံ့ဆိုင်းသွားပြီး ကြောက်စိတ် ဝင်သွားသဖြင့် မြေညှိစက်ပေါ်မှ ခုန်ချလိုက်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူသည် မြေညှိစက်ကို ပင်လယ်ထဲတွင် ထားရစ်ခဲ့ပြီး အနီးဆုံး ကျင်းနံရံဆီသို့ ပင်လယ် လှိုင်းလုံးကြီးများ၏ ရှေ့မှ အတင်း ကဆုန်ပေါက်၍ ပြေးသွားလေတော့သည်။

မြေညှိစက် မောင်းနှင်သူသည် ရေနှင့် လွတ်ရာသို့ ရောက်ရှိသွားသည်ကို စောင့်ကြည့်နေသော ဗျွန်နီ လန့်စ်က 'ခွေးမသား' ဟု ဆဲဆိုလိုက်မိ၏။

'သူ ကြိုးစားမယ် ဆိုရင် ဖြစ်နိုင်မှာပါ'

သို့ရာတွင် သူ့ဒေါသမှာ သူ့ကိုယ်ကိုလည်း ပြန်၍ ဦးတည်နေသည်။ သူ့လူများကို ပြန်၍ ရုပ်သိမ်းသော သူ့ ဆုံးဖြတ်ချက်မှာ သိပ် နောက်ကျသွားသဖြင့် သူသည် စတာလင်ပေါင် နှစ်သောင်းတန် စက်ပစ္စည်းကို ပင်လယ်ထဲတွင် စွန့်လွှတ်လိုက်ရလေပြီ။

သူသည် လင့်ရိုဗာကို ဂီယာ သွင်းလိုက်ပြီးနောက် ကျင်းဆီသို့ တရကြမ်း မောင်းနှင်လာခဲ့သည်။

လင့်ရိုဗာ မော်တော်ကားသည် ကျင်းထိပ်မှ နေ၍ ဆီးနှင်းခဲပေါ်၌ လျှောစီးသူ တစ်ဦး ပမာ အရှိန်နှင့် လွင့်ကျသွားသော်လည်း အောက်ခြေ ကြမ်းပြင်သို့ ရောက်ရန် ဆယ့်ငါးပေခန့် အလိုတွင် မြေပေါ်သို့ ပြုတ်ကျသွားတော့သည်။ သို့ရာတွင် ခပ်ပြေပြေ ရှိနေသော သဲပေါ်သို့ ပြုတ်ကျသွားသောကြောင့် အကျမနာလှဘဲ လင့်ရိုဗာ မော်တော်ကားသည် ရှေ့သို့ ဆက်လက်၍ ခုန်ထွက်သွားပြီး အတင်း စီးဝင်လာသော ပင်လယ်ရေနှင့် ရဲဝံ့စွာ မျက်နှာချင်းဆိုင်လိုက်သည်။

ပင်လယ်ရေသည် ဘောနက်ပေါ်သို့ ရောက်ရှိလာပြီးနောက် မော်တော်ကားကို ဘေးဘက်သို့ ယိုင်ဆင်းသွားစေသော်လည်း ဗျွန်နီ လန့်စ်က မော်တော်ကား လက်ကိုင်ကို အတင်း ထိန်းထားရင်း မြေညှိစက်ဆီသို့ ဦးတည်၍ ဆက်လက် မောင်းနှင်ခဲ့သည်။

ယခုလို အရေးပေါ် အရေးအခင်းမျိုး အတွက် မော်တော်ကား အင်ဂျင်စက်ထဲသို့ ရေမဝင်အောင် အလုံ ပိတ်ထားသဖြင့် လင့်ရိုဗာကားသည် ရေထဲသို့ အတင်း တိုးဝင်ပြီး ရှေ့သို့ ဆက်လက် မောင်းနှင်လျက် ရှိသည်။ သို့ရာတွင် မော်တော်ကားပေါ်သို့ ပင်လယ်ရေများ အလုံးလိုက် အခဲလိုက် ကျလာသည်နှင့်အမျှ ရှေ့တူရူသို့ ဦးတိုက် မောင်းနှင်မှုမှာ ဆုတ်ဆိုင်းဆိုင်း ဖြစ်လာရတော့သည်။

ယခု အချိန်တွင် သဲတံတိုင်းကြီး တစ်ခုလုံးသည် လှိုင်းလုံးဖြူကြီးများ၏ ဒဏ်ကြောင့် လုံးဝ ပြိုကွဲ ပျက်စီးသွားလေတော့ရာ အတ္တလန္တိတ် သမုဒ္ဒရာကြီး



mgyoe.com

mgyoe.com SAMPLE BOOK
က အနိုင် ရရှိသွားလေပြီ။ ကျင်းကြီးဆီသို့ အပြေးအလွှား လာနေသော လှိုင်းလုံးကြီး တစ်လုံးသည် လင့်ရှိဗာ မော်တော်ကားကို နောက်ပြန် ဖင်ထိုင်သွားအောင် တွန်းပစ်လိုက်ရာ ဌှန်နီ လန့်စ်သည် ဖွေးဖွေးဖြူအောင် အမြှုပ် ထနေသော ပင်လယ်ရေထဲသို့ လွင့်ကျသွားတော့သည်။

ထိုအခိုက်တွင် လင့်ရှိဗာ ကားသည် ဘီးလေးဘီးစလုံး မိုးပေါ်သို့ ထောင်နေသည် အထိ ပက်လက် လန်သွားလေပြီ။

ဌှန်နီသည် ရေထဲသို့ မြုပ်သွားသော်လည်း ချက်ချင်းပင် ပြန်ပေါ်လာသည်။ သူသည် ကူးတစ်ဝက် ယက်တစ်ဝက်နှင့်ပင် ဆူပွက်နေသော ပင်လယ်ရေကို အတင်း ဆန့်ကျင်၍ ရေ မမြုပ်သေးသော မြေညီစက်ဆီသို့ ကြိုးစားပမ်းစား သွားနေသည်။

ပင်လယ်ရေက အတင်း တွန်းလှဲလိုက်သောကြောင့် ဌှန်နီသည် ရေအောက်သို့ နောက်တစ်ကြိမ် ထပ်မြုပ်သွားပြန်၏။

သူသည် မြေကြီးပေါ်သို့ ခြေ ထောက်မိပြီးနောက် နောက် တစ်ကြိမ် အောက်ခြေ လွတ်ပြီး လဲကျသွားပြန်သည်။

ထို့နောက် သူသည် မြေညီစက်ဆီသို့ ဖြုန်းခနဲ ရောက်ရှိလာပြီး ယာဉ်မောင်းသူ၏ ထိုင်ခုံပေါ်သို့ ရောက်အောင် အတင်း ဆွဲတက်ခဲ့ရသည်။ ပင်လယ်ရေသည် မြေညီစက်ပေါ်တွင် လွှမ်း လွှမ်းသွားသော်လည်း မြေညီစက်ကို ယိုင်သွားအောင် ပြုလုပ်နိုင်စွမ်း မရှိပါ။

ပင်လယ် ဆားငန်ရေနှင့် သူ့မျက်လုံးထဲမှ စီးကျလာသော မျက်ရည်တို့ကြောင့် ဌှန်နီ လန့်စ်၏ မျက်လုံးများသည် ဝေနေကြသော်လည်း သူသည် မြေညီစက်မှ ဒိုင်ခွက်တို့ကို ကမန်းကတန်း စစ်ဆေးလိုက်သည်။ မြေညီစက်တွင် ဆီဖိအား ကောင်းနေသေးသလို အင်ဂျင်ကလည်း စက်မသေသေးပါ။

သူ့ ဦးခေါင်းပေါ်တွင် ရှိသော အိပ်ဇောပိုက်မှ မီးခိုး ပြာပြာကလေးများသည် တလူလူ ထွက်နေဆဲပင်တည်း။

ဌှန်နီသည် နောက်တစ်ကြိမ် ချောင်းဆိုးလိုက်၏။ အန်ဖတ်များနှင့် ပင်လယ် ဆားငန်ရေများသည် လည်ချောင်းထဲမှ ဆိုးဆိုးရွားရွား ပျို့တက် လာကြသော်လည်း သူက စက်ရှိန်မြှင့် ကိရိယာကို အဆုံး အထိ တွန်းတင်လိုက်ပြီး ကလပ်ချ် နှစ်ခုစလုံးကို နင်းချလိုက်သည်။

မြေညီစက်ကြီးသည် အင်တင်တင်နှင့်ပင် ရှေ့တူရူသို့ ရွေ့စပြုတော့သည်။ ဌှန်နီသည် ပတ်ဝန်းကျင်အား ကမန်းကတန်း အကဲခတ်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကျင်း၏ ထိပ်စွန်း နှစ်ဖက်တွင် ရှိသော ဆင်ခြေလျှော သံလမ်း နှစ်ခုမှာ ရေတိုက်စားမှုကြောင့် မျောပါသွားကြလေပြီ။ ကျင်းနံရံများမှာ မတ်မတ်စောက်စောက် ရှိနေကြသည့် အပြင် သူ့ နောက်ဘက်တွင်လည်း ပင်လယ်ရေများသည် ကျင်းထဲသို့ အလုံးအရင်းနှင့် ဝင်လာနေကြဆဲပင်တည်း။

လှိုင်းလုံး တစ်လုံးသည် သူ့ဦးခေါင်းပေါ်မှ ကျော်ဖြတ်သွားလေရာ ဂျွန်နီသည် သဘော်ခွေးကလေး တစ်ကောင်ပမာ ဦးခေါင်းပေါ်မှ ရေများကို ခါထုတ် ပစ်လိုက်ပြီးနောက် မည်သည့် နေရာသို့ ထွက်ပြေးရမည်ကို သွေးရူးသွေးတန်း လှမ်းကြည့်လိုက်၏။

အံ့အားသင့်စရာ ကောင်းလောက်အောင် အဘိုးကြီးကို သူ တွေ့လိုက်ရသည်။ အဘိုးကြီးသည် မိုင်လေးရာ ကွာဝေးသော ကိပ်တောင်း မြို့၌ ရှိနေလိမ့်မည်ဟု သူ ထင်ခဲ့မိသော်လည်း ယခု ကျင်းထိပ်တွင် ရောက်နေသည်။ ဤတွင် ဂျွန်နီ လန့်စ်သည် မြေညှိစက်ကို အဘိုးကြီးဆီသို့ အလို အလျောက် ဦးတည်၍ မောင်းနှင်မိတော့သည်။

အဘိုးကြီးသည် မြေညှိစက်ကြီး နှစ်လုံးကို ကျင်းထိပ်နှင့် နီးနိုင်သမျှ နီးအောင် နောက်ပြန်ဆုတ်၍ လာစေရန် ညွှန်ကြားလျက် ရှိသည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းရှိ မတ်စောက်သော ကမ်းနဖူး အောက်၌ ရပ်ထားသော ယာဉ် ပြုပြင်ရေး မော်တော်ယာဉ်ဆီမှ မြေညှိစက်ကြီးများအား ဆွဲတင်ရာတွင် အသုံးပြုသော သံကြိုးကြီး တစ်ချောင်းကို အိုဗန်ဘို လူရိုင်းများက ထမ်းယူလာကြသည်။

လူရိုင်းများသည် လေးလံလှသော သံကြိုးကြီး၏ အလေးချိန်ကြောင့် ခြေခွင်၍ နေကြပြီး ခြေလှမ်း လှမ်းလိုက်သည့် အခါတိုင်းတွင် သဲထဲတွင် ခြေမျက်စိသို့ ရောက်သည် အထိ ကျွံဝင်သွားလေ့ ရှိသည်။

အဘိုးကြီးက သူတို့အား သံကြိုးကြီးကို ခပ်မြန်မြန် သယ်လာရန် အော်ဟစ်ပြီး အမိန့်ပေးလျက် ရှိသည်။ သို့ရာတွင် တဂူးဂူး မြည်နေအောင် တိုက်ခတ်နေသော လေသံနှင့် ဒီဇယ် အင်ဂျင်စက်သံများကြောင့် သူ့အသံသည် ပျောက်ကွယ် သွားရတော့သည်။ ယခု သူသည် ဂျွန်နီ့ ဘက်သို့ လှည့်လိုက်၏။

'ဒီနားကို ရောက်အောင် လာခဲ့စမ်း'

အဘိုးကြီးက နှုတ်ခမ်းပေါ်တွင် လက်ဝါး နှစ်ဖက်နှင့် ကာ၍ အော်ပြောလိုက်၏။

'ငါက သံကြိုး အစကို မင်းဆီ ရောက်အောင် သယ်လာပေးမယ်'



mgyoe.com

mgyoe.com SAMPLE BOOK

ပွန်နီက နားလည်ကြောင်း လက်ဖွေ့ယမ်း ပြလိုက်သည်။ လှိုင်းလုံးကြီး တစ်လုံးက မြေညှိစက်အား လွင့်သွားအောင် နောက်ထပ် တွန်းလိုက်ချိန်တွင် ပွန်နီသည် မြေညှိစက်ကို အားကုန် သုံးစွဲ၍ ထိန်းထားလိုက်ရသည်။

ထိုအချိန်တွင် ဒီဇယ် အင်ဂျင်စက်သည် ပထမဦးဆုံး အကြိမ် အဖြစ် စတင်၍ ဒုက္ခ ပေးတော့သည်။ နောက်ဆုံးတွင် ပင်လယ်ရေများသည် အလုံ ပိတ်ထားသော အင်ဂျင်စက်ထဲသို့ တစ်နည်းနည်းနှင့် ရောက်ရှိသွားကြလေပြီ။

ထိုနောက် သူသည် ပေ နှစ်ဆယ် မြင့်သော မတ်စောက်သည့် ကျင်းနံရံ ဘက်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း တွေ့လိုက်ရတော့ရာ သူသည် အဘိုးကြီး နှင့် တွေ့ရန် ထိုင်ခုံပေါ်မှ ထပြီး အင်ဂျင်စက်ဖုံးပေါ်သို့ လှမ်းတက်လိုက်သည်။

အဘိုးကြီးသည် သံကြိုးထိပ်တွင် ကြိုးကွင်း ဖြစ်အောင် ပြုလုပ်ထားသော သံကြိုးကွင်းကြီးကို ပခုံး နှစ်ဖက်ပေါ်တွင် တင်၍ ထမ်းရင်း ကျင်းနဖူးထိပ် တွင် မတ်တတ် ရပ်နေသည်။ အဘိုးကြီးသည် သံကြိုး၏ အလေးချိန်ကြောင့် ခါးကုန်း နေပြီး ရှေ့သို့ တစ်လှမ်း တိုးလိုက်ချိန်တွင် ခြေထောက် အောက်မှ သဲပြင်သည် ပြိုကျသွားတော့သည်။

ဤတွင် အဘိုးကြီးသည် မတ်စောက်သော ကျင်းနံရံပေါ်မှ အောက်သို့ လျှောကျလာပြီး သဲထဲတွင် ခါးစောင်းခန့် အထိ မြုပ်နေလေသည်။ သံကြိုးကြီး ကမူ အဘိုးကြီး၏ နောက်ဘက်တွင် ကျန်ရစ်ခဲ့သည်။

ပွန်နီသည် ပင်လယ်ရေက ဝင်တိုးသည့် ဖိအားကို ချိန်ဆရင်း အဘိုး ကြီးအား ကူညီရန် မြေညှိစက်ပေါ်မှ ခုန်ချလိုက်သည်။

သူတို့ နှစ်ယောက်သည် ပင်လယ်ရေး တိုးသည့် ဒဏ်ကို ကြံ့ကြံ့ခံရင်း သံကြိုးကြီးကို မြေညှိစက်ကြီးဆီသို့ ဆွဲယူလာခဲ့ကြသည်။

'အဲဒီ ကြိုးကို ဂေါ်ပြား လက်တံပေါ်မှာ ချည်ကွာ'

အဘိုးကြီးက ပြောလိုက်ခြင်း ဖြစ်သည်။

သူတို့ နှစ်ယောက်သည် ကြီးမားသော ဂေါ်ပြား လက်တံကြီးပေါ်တွင် သံကြိုးကို နှစ်ပတ် ပတ်၍ ပေးလိုက်ကြသည်။ ဤတွင် ပွန်နီက အဘိုးကြီး ထံမှ သံချိတ်ကို လှမ်းပေးရန် ခပ်မြန်မြန် တောင်းလိုက်၏။

အဘိုးကြီးက သူ့ခါးတွင် ကြိုးနှင့် ချည်နှောင်ထားသော သံချိတ်ကို ဖြုတ် နေစဉ် ပွန်နီသည် သူတို့ပေါ်၌ မိုးနေသော သဲကျောက်ကမ်းပါးကို မော့ကြည့် လိုက်မိသည်။

'မြတ်စွာဘုရား'

mgyoe.com

mgyoe.com SAMPLE BOOK

ပွန်နီက ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ ပင်လယ်ရေသည် သဲချောက်ကမ်းပါးကို တိုက်စားလျက် ရှိရာ ထို သဲချောက်ကမ်းပါးသည် နူးညံ့နေပြီး သူတို့၏ ဦးခေါင်းပေါ်တွင် တုန်ခါနေသည်။ ထို သဲချောက်ကမ်းပါးသည် ပြိုကျပြီး သူတို့ နှစ်ယောက်အား အချိန်မရွေး ဖုံးအုပ်သွားမည့် အနေအထားတွင် ရှိနေသည်။

အဘိုးကြီးက ကြီးမားသော သံချိတ်ကြီးကို လှမ်းပေးလိုက်ရာ ပွန်နီသည် ထုံကျဉ်နေသော လက်များနှင့် ထိုသံချိတ်ကြီးကို သံကြိုးစ၏ အစွန်းတွင် မြဲအောင် ချည်နှောင်နေရတော့သည်။ သူသည် ကြီးမားသော သံမဏိပင်ချောင်းကြီး တစ်ချောင်းကို သံကွင်း နှစ်ခုထဲသို့ ဖြတ်သွားအောင် ထိုးသွင်းရမည် ဖြစ်ပြီး ပြုတ်မသွားအောင် မူလီခေါင်းနှင့် ပြန်၍ ထိန်းပေးထားရမည် ဖြစ်ပေသည်။

ထိုအချိန်တွင် ဦးခေါင်းပေါ်မှ သဲချောက်ကမ်းပါးသည် ပြိုကျတော့မည့်ဆဲဆဲ ဖြစ်နေသလို ပင်လယ်မှ လှိုင်းလုံးကြီးများသည် ပွန်နီ၏ ဦးခေါင်းပေါ်သို့ မကြာခဏ လာ၍ လွှမ်းမိုးလျက် ရှိသည်။ တစ်ဖန် ပင်လယ်ရေကလည်း သံကြိုးကြီးကို ရေအားနှင့် အတင်း ဆွဲယူလျက် ရှိရာ ထိုလုပ်ငန်းသည် အလွန်ကြီးကျယ်သော လုပ်ငန်းကြီး တစ်ခု ဖြစ်နေရပေသည်။ သူတို့၏ အပေါ်ဘက်ပေနှစ်ဆယ် အကွာတွင် ရှိနေသော ပွန်နီ၏ ဖိုမင်သည် အသင့် စောင့်ဆိုင်းနေသော မြေညှိစက်ကြီး နှစ်လုံးအား 'ဆွဲကြတော့' ဟု အမိန့်ပေးရန် စိုးရိမ်တကြီး စောင့်ကြည့်နေသည်။

သံမဏိပင်ချောင်းသည် သံကွင်း နှစ်ခုထဲသို့ ရောက်ရှိသွားပြီ ဖြစ်ရာ ပွန်နီက မူလီခေါင်းကို လေးငါးချောက်ကြိမ် လှည့်ပေးလိုက်မည် ဆိုပါက ပြန်ပြုတ်တော့မည် မဟုတ်ပါ။ မြေညှိစက် မောင်းနှင်သူများထံသို့ ဆွဲကြတော့ဟု အမိန့် ပေးသံ ရောက်ရှိသွားချိန်တွင် ပွန်နီသည် မူလီခေါင်းကို ကျပ်ပြီးသား ဖြစ်နေပေရော့မည်။

ပွန်နီက အဘိုးကြီးအား ခေါင်းညိတ်ပြရင်း ပြောလိုက်၏။

'အိုကေ၊ ဆွဲတော့'

အဘိုးကြီးသည် ဦးခေါင်းကို မော့လိုက်ပြီး ချောက်ကမ်းပါးပေါ်သို့ လှမ်းအော်လိုက်၏။

'ဆွဲတော့'

ဖိုမင်က နားလည်ကြောင်း လက်ဝှေ့ယမ်းပြလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အိုကေ'

ဖိုမင်၏ ဦးခေါင်းသည် ချောက်ကမ်းပါးပေါ်မှ ပျောက်ကွယ်သွားပြီး နောက် သူသည် မြေညှိစက်များဆီသို့ ပြေးသွားတော့သည်။ ထိုအချိန်မှာပင် လှိုင်းလုံးကြီး တစ်လုံးကလည်း သံကြိုးကြီးကို လှုပ်ခါသွားအောင် ရေအား နှင့် စုပ်ဆွဲလိုက်လေသည်။ သံကြိုးကြီးသည် လက်မ အနည်းငယ်မျှသာ ရွေ့ သွားသည်။ သို့သော် ထိုရွေ့လျားမှုက ဂျွန်နီ၏ ဘယ်ဘက် လက်ညှိုးကို သံ ကွင်း နှစ်ခု အကြားတွင် ညပ်သွားစေခဲ့လေသည်။

အဘိုးကြီးက သူ့ မျက်နှာထားကို မြင်သွားသည်။ ဂျွန်နီက လွတ်သွား အောင် ရုန်းနေရမှုကို တွေ့မြင်သွားသည်။

'ဘာဖြစ်လို့လဲ'

ထိုအချိန်တွင် ပင်လယ်ရေသည် အနည်းငယ် လျော့ကျသွားသဖြင့် မည် သို့ မည်ပုံ ဖြစ်ပျက်နေသည်ကို အဘိုးကြီးက မြင်တွေ့သွားတော့သည်။ သူက ကူညီရန် ရှေ့သို့ တိုးလာသည်။

သို့ရာတွင် ဒီဇယ် အင်ဂျင် စက်သံများသည် သူတို့၏ ခေါင်းပေါ်မှ ထွက် ပေါ်လာကြပြီး သံကြိုးကြီးသည် စပါးကြီး မြွေကြီး တစ်ကောင် အလား တရူး ရူး တလွန့်လွန့်နှင့် အပေါ်သို့ မြောက်ပါ သွားလေတော့သည်။

ဂျွန်နီ့ထံသို့ ရောက်လာသော အဘိုးကြီးသည် ဂျွန်နီ့ ပခုံးကို ကိုင်ရင်း ထိန်းပေးထားသည်။ သူတို့ နှစ်ယောက်စလုံးသည် ညပ်နေသော လက်ကို စိုက်ကြည့်ရင်း အားတင်းလိုက်ကြ၏။

ကြက်သွေးရောင် သွေးများ ရဲခနဲ ပေါ်ထွက်လာစေပြီး ဂျွန်နီ၏ လက် ညှိုးကို တိခနဲ ပြတ်သွားအောင် သံကြိုးကြီးက ဆတ်ခနဲ တောင့်တင်းသွားချိန် တွင် ဂျွန်နီသည် အဘိုးကြီး၏ ရင်ခွင်ထဲသို့ ယိုင်လဲပြီး ကျသွားတော့သည်။ မြေညှိစက်ကြီးအား သူတို့၏ ဦးခေါင်းပေါ်မှ ကျော်၍ ကုန်းပေါ်သို့ ဆွဲတင် နေစဉ် သူတို့ နှစ်ယောက်သည် မြေညှိစက် အောက်ဘက်တွင် ပြားသွားအောင် အဖိခံရမည့် အန္တရာယ်နှင့် အချိန်ပြည့် ရင်ဆိုင်နေခဲ့ကြရသည်။

သို့ရာတွင် အဘိုးကြီးသည် နောက်တစ်ကြိမ် လှိုင်းပုတ်ချိန်တွင် အခွင့် ကောင်း ယူ၍ ဂျွန်နီ့အား ထိုနေရာမှ လွတ်သွားအောင် နံဘေးသို့ ဆွဲခေါ် လာ နိုင်ခဲ့သည်။ ဂျွန်နီသည် ဒဏ်ရာ ရသွားသော လက်ကို ရင်ခွင်တွင် ကပ်ထား သော်လည်း ထိုဒဏ်ရာမှ ထွက်လာသော သွေးများက အနီးအနားတွင် ရှိနေ သော ရေများကို အရောင် ဆိုးပေးလျက် ရှိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဝှန်နီ၏ ဦးခေါင်းသည် ရေအောက်သို့ ရောက်ရှိသွားပြီး ဆားငန်ရေများသည် ဝှန်နီ၏ လည်ချောင်းမှ တစ်ဆင့် အဆုတ်ထဲသို့ ဝင်ကုန်ကြတော့သည်။ ဝှန်နီသည် ရေနစ်နေသည်ဟု ခံစားနေရပြီး တဖြည်းဖြည်း အားအင်ကုန်ခန်းစ ပြုလာသည်။

သူ ရေပေါ်သို့ ပေါ်လာပြန်သည်။ သူသည် ရီဝေသော မျက်လုံး အစုံမှ တစ်ဆင့် မြေညှိ စက်ကြီးသည် သဲချောက်ကမ်းပါး၏ ထက်ဝက်ခန့် အထိ ရောက်ရှိနေပြီ ဖြစ်ကြောင်း မြင်လိုက်ရသည်။

အဘိုးကြီး၏ လက်မောင်းသည် သူ၏ ရင်ဘတ်ပေါ်သို့ ရောက်ရှိလာပြီး သူ့အား ဖက်လိုက်သည်ကို သိရှိလိုက်ရချိန်တွင် သူသည် ရေအောက်သို့ နောက်တစ်ကြိမ် ရောက်ရှိသွားပြန်၏။

အမှောင်ထုသည် ဝှန်နီ၏ မျက်လုံး အစုံကိုသာမက ဦးနှောက်ကိုပါ လွှမ်းမိုးသွားပြီ ဖြစ်ရာ သူသည် သတိ လစ်သွားတော့သည်။

သူ၏ မျက်လုံးများ ပြန်၍ ကြည်လင်လာချိန်တွင် သူသည် ကမ်းခြေရှိ ခြောက်သွေ့သော သဲပြင်ပေါ်တွင် လဲလျောင်းလျက်သား ရှိနေပြီး သူ ပထမဦးဆုံး မြင်လိုက်ရသည့် အရာမှာ နဖူးပေါ်တွင် ဆံပင်ဖြူများ ကပ်နေပြီး ပါးရေများ တွန့်၍ တွဲကျနေသော အဘိုးကြီး၏ မျက်နှာပင် ဖြစ်တော့သည်။

ဝှန်နီက အာလေး လျှာလေးသံကြီးနှင့် မေးလိုက်၏။

'မြေညှိစက်ကြီးကို ကျွန်တော်တို့ ပြန်ဆယ်လို့ ရခဲ့သလား'

'အင်း'

အဘိုးကြီးက ဖြေလိုက်သည်။

'တို့ ဆယ်လို့ ရခဲ့တယ်'

ထို့နောက် အဘိုးကြီးသည် မတ်တတ် ရပ်လိုက်ပြီးနောက် ဂျစ်ကားဆီသို့ လျှောက်သွားပြီး မောင်းထွက်သွားတော့သည်။

ဝှန်နီ့ကိုမူ ဖိုမင်က ပြုစုရန် ထားရစ်ခဲ့သည်။

ဝှန်နီသည် အတိတ်မှ ထိုဖြစ်ရပ်ကလေးကို တွေးမိပြီး ပြုံးလိုက်မိ၏။ သူသည် လက်ကိုင်ဘီးအား ကိုင်ထားသော ဘယ်လက်ကို ဖြုတ်လိုက်ပြီး ဘယ်လက် လက်ညှိုးပြတ်ကလေးကို လျှာနှင့် လျက်လိုက်မိလေသည်။

'လက်ညှိုး တစ်ချောင်းတော့ တန်ပါတယ်ကွာ'

သူသည် အသံထွက်အောင် ပြောလိုက်မိရင်းကပင် လမ်းညွှန် ဆိုင်းဘုတ်များကို ရှာရင်း ခပ်ဖြည်းဖြည်း ဆက်မောင်းသွားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အဘိုးကြီးက သဲပြင်ပေါ်တွင် လဲနေသော သူ့အား ထားခဲ့ပြီး ထွက်သွားသောကြောင့် သူ စိတ်ပျက်ခဲ့ရပုံ၊ ဝမ်းနည်းခဲ့ရပုံတို့ကို ပြန်တွေးမိသောကြောင့် ဦးခေါင်းကို ခါယမ်းပြီး အားရပါးရ ပြုံးလိုက်မိသည်။ နှစ်ပေါင်းများစွာ ကြာအောင် အကြီးအကျယ် စိတ်ဒုက္ခ ရောက်ခဲ့ရပြီး အထီးကျန် ဘဝတွင် နေခဲ့ရရှာသော ဂျွန်နီ့အား အဘိုးကြီးက ကျေးဇူး တင်လှသောကြောင့် ပခုံးကို ဖက်၍ ငိုပြီး ငါ့ကို ခွင့်လွှတ်ပါကွာဟု တောင်းပန်လာလိမ့်မည်ဟု သူက မျှော်လင့် မထားခဲ့ပါ။ သို့သော်လည်း သူ့ကို ကမ်းစပ် သဲပြင်ပေါ်တွင် ထားရစ်ခဲ့သော ပုံစံမျိုးထက် ပိုလိမ့်မည်ဟု မျှော်လင့်ထားခဲ့မိရိုး အမှန်ပါ။

ဂျွန်နီသည် အသွား အပြန် မိုင်နှစ်ရာ ရှိသော သဲကန္တာရ ခရီးကို ဂျစ်ကား စီး၍ အနီးဆုံး ဆေးရုံသို့ လာခဲ့ရပြီး ထိုဆေးရုံက သူ့ လက်ညှိုးအား ဖြတ်တောက် ချုပ်နှောင်၍ ပြီးစီးသွားသည့်အခါ ပင်လယ်ကမ်းခြေမှ ရလာသော ကျောက်စရစ်ခဲများအား ပထမ အကြိမ် စတင် စမ်းသပ်သည့် လုပ်ငန်းကို လေ့လာ ကြည့်ရှုနိုင်ရန် အချိန်မီ ပြန်လည် ရောက်ရှိလာသည်။

ဂျွန်နီ မရှိခိုက်တွင် ကြီးမားလွန်းသော ကျောက်စရစ်ခဲများကို ဆန်ခါနှင့် ချ၍ ဖယ်ထုတ် ပစ်လိုက်ကြသည်။ ထို့နောက် ကျန်နေသေးသော ကျောက်စရစ်ခဲများထဲမှ သိပ်သည်းဆ နှစ် ဒသမ ငါးထက် နည်းသော ကျောက်စရစ်ခဲများကို ဖယ်ထုတ်ပစ်နိုင်ရန် ဆီလီကွန် ရွှံ့နှစ်များထဲတွင် ထည့်၍ မွှေနှောက်ပေးခဲ့ပြန်သည်။

ထိုရွှံ့နှစ်များထဲတွင် မနစ်မြုပ်ဘဲ အပေါ်သို့ ပေါ်လာသော ကျောက်စရစ်ခဲများကို ဖယ်ထုတ်ပစ်လိုက်သည်။ နောက်ဆုံးတွင် ကျန်နေသော ကျောက်ခဲများကို ဘေ့စ်ဘော အရွယ် သံမဏိလုံးကြီးများ ထည့်ထားသော အဆက်မပြတ်လည်နေသည့် သံမဏိပြွန်ကြီး တစ်ခု အတွင်းတွင် ထည့်ပေးလိုက်ရာ (Mohs) မိုး၏ မာကျောမှု စကေး အဆင့် လေးထက် ပို၍ နူးညံ့သော ကျောက်ခဲများကို အမှုန့် ဖြစ်သွားအောင် သံမဏိလုံးကြီးများက ကြိတ်ပစ်လိုက်လေသည်။

ယခုအချိန်တွင် ပင်လယ် သမုဒ္ဒရာထဲမှ ရလာသော ကျောက်စရစ်ခဲများကား အပုံ တစ်ထောင်ပုံလျှင် တစ်ပုံခန့်မျှသာ လက်ကျန် အဖြစ် ကျန်ရစ်ခဲ့တော့သည်။ ထိုကျောက်စရစ်များထဲတွင် စိန် ရှိနေခဲ့မည် ဆိုပါက အဆိုပါ လက်ကျန်ထဲတွင် ရှိနေရပေလိမ့်မည်။

သဲသောင်ပြင်၏ အထက် ကမ်းပါးစွန်းပေါ်၌ သစ်သားများ၊ သံပြားများနှင့် ယာယီ ဆောက်လုပ်ထားသော ကျောက်ခဲများအား စိစစ် သန့်စင်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

စက်ရုံဆီသို့ ဌှန်နီ ပြန်လည် ရောက်ရှိလာသောအခါ သူသည် အိပ်ရေး မဝမှုနှင့် မေ့ဆေး ကောင်းစွာ မပြယ်သေးမှုတို့ကြောင့် ရီဝေဝေ ဖြစ်နေဆဲပင်။

သူ့လက်သည် တဒုန်းဒုန်း ခုန်နေသလို သူ့မျက်လုံးများသည် နီရဲနေကြသည်။ မေးရိုးပေါ်တွင်လည်း မုတ်ဆိတ်မွေး တိုနန့်နန့်များက ဖုံးလွှမ်းနေလေပြီ။

သူသည် ထိုအဆောက်အအုံ၏ ထက်ဝက်ခန့် အထိ နေရာ ယူထားသော အမဲဆီ သုတ်ထားသည့် စားပွဲ နံဘေးတွင် မတ်တတ် ရပ်နေသည်။ သူ့ နံဘေးဝန်းကျင်၌ ပြင်ဆင် လုပ်ကိုင်နေကြမှုများကို လျှောက်ကြည့်ရင်း ခြေထောက်မခိုင်ဘဲ ယိုင်တိုင်တိုင် ဖြစ်နေသည်။ စားပွဲ ထိပ်ဘက်တွင် ရှိသော သံပုံးကြီးထဲတွင် စိန် ရှိသည်ဟု ယူဆရသော ကျောက်စရစ်ခဲများ အပြည့်အနှက် ရှိနေသည်။ စားပွဲ မျက်နှာပြင်ပေါ်တွင် အမဲဆီများ သုတ်လိမ်းထားပြီး ဌှန်နီ၏ တပည့်များက အဆင်သင့် ရပ်စောင့်နေကြသည်။

'ကဲ စကြရအောင်'

ဌှန်နီက သူ၏ ဖိုမင်အား ခေါင်းညိတ်ပြလိုက်ရာ ဖိုမင်သည် စားပွဲထိပ်တွင် ရှိသော လီဗာတံကို ဆွဲချလိုက်သည်။ ဤတွင် စားပွဲကြီးသည် သွက်ချာပါဒ လိုက်နေသော အဘိုးကြီး တစ်ယောက်ပမာ ယိမ်းထိုး လာလေတော့သည်။

ထိုစားပွဲ၏ မျက်နှာပြင်မှာ တစ်ဖက်သို့ အနည်းငယ်စီ စောင်းထားသော သံမဏိပြားများကို ဆက်၍ ခင်းထားခြင်း ဖြစ်ပြီး စားပွဲ မျက်နှာပြင်ပေါ်တွင် အဝါရောင် အမဲဆီနှင့် သုတ်လိမ်းထားသည်။ တဆတ်ဆတ် တုန်လှုပ်နေသော စားပွဲထိပ်ရှိ သံပုံးထဲမှ ရေနှင့် ကျောက်ခဲများသည် စားပွဲ မျက်နှာပြင်ပေါ်သို့ အဆက်မပြတ် ကျဆင်းလာကြသည်။ ကျောက်ခဲနှင့် ရေတို့၏ ကျဆင်းနှုန်းကို ဖိုမင်က စနစ်တကျ ချိန်ဆ၍ လွှတ်ပေးနေရသည်။ ထိုကျောက်ခဲများနှင့် ရေများသည် အမဲဆီ သုတ်ထားသော စားပွဲ၏ မျက်နှာပြင်ပေါ်တွင် ပြန့်ဆင်းလာကြသည်။

ကျောက်ခဲများသည် သံမဏိပြား တစ်ချပ်ပေါ်မှ နောက်တစ်ချပ်ပေါ်သို့ ဆက်တိုက် ကျလာကြပြီး နောက်ဆုံးတွင် စားပွဲ၏ တစ်ဖက်စွန်းတွင် ရှိသော အမှိုက်ပုံးထဲသို့ ကျသွားကြလေတော့သည်။

စိန်ကို ရေစိုအောင် လုပ်၍ မရပါ။ စိန်ကို ရေထဲတွင် နှစ်ပါ။ ရေနှင့် ဆေးပါ။ သို့သော် ခြောက်ခြောက်သွေ့သွေ့နှင့်ပင် ပေါ်ထွက်လာပါလိမ့်မည်။ သံမဏိပြားပေါ်တွင် သုတ်လိမ်းထားသော အမဲဆီပေါ်တွင် ရေ တင်နေလေ့



mgyoe.com

mgyoe.com SAMPLE BOOK

မရှိပါ။ ထို့ကြောင့် ရေစိုနေသော ကျောက်ခဲများနှင့် ကနုကမာလို အခွံများသည် သံမဏိပြားများပေါ်တွင် ဆက်တိုက် လျှောကျသွားပြီးနောက် နောက်ဆုံးတွင် အမှိုက်ပုံးထဲသို့ ရောက်ရှိ သွားကြပေလိမ့်မည်။

သို့ရာတွင် စိန်သည် အမဲဆီနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ပျော့နေသော တော်ဖီသည် သိုးမွေးစောင်တွင် ခွာမရအောင် ကပ်နေသည့် အလားကပ်နေတော့သည်။

စိတ် လှုပ်ရှားမှုနှင့် စိုးရိမ်သောက ဖြစ်ရမှုတို့ကြောင့် ဂျွန်နီ၏ ပင်ပန်းနွမ်းနယ်မှုများသည် လျော့နည်းသွားကြသလို လက်ညှိုးပြတ်ကလေးမှ ဝေဒနာသည်လည်း သိသိသာသာ သက်သာသွားခဲ့သည်။ သူ့မျက်လုံးများနှင့် အာရုံစိုက်မှု အားလုံးသည် အမဲဆီ သုတ်ထားသော မျက်နှာပြင်ပေါ်တွင်သာ စူးစူးစိုက်စိုက် ရှိနေခဲ့ ကြသည်။

စားပွဲ၏ လှုပ်ရှားမှုမှာ မျက်စိထဲတွင် ဝါးနေလောက်အောင် မြန်လွန်းလှသည်။ တစ်ကာရက်ထက် နည်းသော စိန်၊ သို့မဟုတ် အနက်ရောင် စက်မှုလက်မှု စိန်တို့ကို စားပွဲပေါ်တွင် မြင်နိုင်လိမ့်မည် မဟုတ်ပါ။

၄င်းအပြင် အမှိုက်ပုံးထဲသို့ ကျဆင်းနေသော ကျောက်စရစ်ခဲများက ထိုစိန်များကို ဖုံးကွယ်ထားပေလိမ့်မည်။

သူသည် ထိုကိစ္စတွင် စိတ်ရော ကိုယ်ပါ အာရုံ စိုက်နေခဲ့သောကြောင့် အနားတွင် လူ ရှိနေသည်ကို စက္ကန့်ပေါင်း များစွာ ကြာမှ သတိ ထားလိုက်မိတော့သည်။ သူက ကမန်းကတန်း မော့ကြည့်လိုက်၏။

အဘိုးကြီးသည် သူ့ပုံစံ အတိုင်း ခြေထောက်ကို ချဲကား၍ မတ်တတ်ရပ်ရင်း စိတ်ကို ချုပ်ထားရသော ဟန်ပန်နှင့် ရှိနေသည်။

ဂျွန်နီသည် ရုတ်တရက် ထိတ်လန့်လာမိသည်။ ယခု တူးဖော်သော နေရာတွင် စိန် မရှိခဲ့ပါက မည်ကဲ့သို့ ဖြစ်လာလေမည်နည်း။ သူသည် ယခု အချိန်တွင် စိန်ကို အထူးတလည် လိုချင်နေသည်။ သူသည် အမြင်တွင် ဝါးနေအောင် လှုပ်နေသော သံမဏိပြားများကို လျှောက်ကြည့်ရင်း အဘိုးကြီး၏ လေးစားမှုကို ရနိုင်လောက်သည့် ပစ္စည်းကို လိုက်လံ ရှာဖွေနေသည်။ ကျောက်ခဲများသည် သံမဏိပြားများပေါ်မှ အဆက်မပြတ် ရွေ့လျား ကျဆင်း နေကြလေရာ ဂျွန်နီ တစ်ယောက် ထိတ်ထိတ်ပျာပျာ ဖြစ်လာမိတော့သည်။

ထို့နောက် စားပွဲ၏ ဟိုဘက်တွင် ရှိနေသော ဖိုမင်က ကမန်းကတန်း လက်ညှိုး ထိုးပြပြီး ပြောလိုက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

'ဟိုမှာ တလက်လက် တောက်နေတယ်'

ဂျွန်နီ၏ မျက်လုံးများသည် စားပွဲထိပ်ဆီသို့ ဖြတ်ခနဲ ရောက်သွားတော့သည်။ သံပုံးထဲမှ ကျောက်ခဲများကို ဖွင့်လှတ်လိုက်သော အပေါက် အောက်ဘက်တွင် ထူထူထဲထဲ ရှိနေသော အမဲဆီထဲ၌ မိမိ၏ အလေးချိန်နှင့်ပင် တစ်ဝက်ခန့် အထိ နစ်မြုပ်နေသော စိန်တစ်လုံးသည် တသွင်သွင် လျှောကျနေသော အဖိုး မတန်သည့် ကျောက်ခဲများ အကြား၌ ထီးတည်းကြီး ရှိနေသည်။

ငါး ကာရက်ခန့် ရှိသော ကြီးမားသည့် စိန်ကြီး တစ်လုံးပင်တည်း။

ဂျွန်နီက မသိမသာ သက်ပြင်း ချလိုက်ပြီး နံဘေးရှိ အဘိုးကြီးအား မျက်စောင်း တစ်ချက် ထိုး၍ ကြည့်လိုက်၏။

အဘိုးကြီးသည် စားပွဲအား ခံစားမှု မရှိသော မျက်နှာထားနှင့် စိုက်ကြည့်နေသည်။ အဘိုးကြီးသည် ဂျွန်နီက လှမ်းကြည့်သည်ကို သိရမည် ဖြစ်သော်လည်း မော်မကြည့်ခဲ့ချေ။

ဂျွန်နီသည် သူ မကြည့်ဘဲ မနေနိုင်သော စားပွဲဆီသို့ ပြန်ကြည့်လိုက်၏။

သံပုံးထဲမှ နောက်ထပ် ကျလာသော စိန်တစ်လုံးသည် ထူးထူးခြားခြား ဆိုသလို အမဲဆီထဲတွင် နစ်မြုပ်နေသော စိန်ပေါ်သို့ တည့်တည့်ကြီး ကျသွားတော့သည်။

စိန်တစ်လုံးသည် အခြား စိန်တစ်လုံးပေါ်သို့ ကျရောက်သွားသည့် အခါ ကတ္တရာစေး လမ်းပေါ်သို့ ကျသွားသော ဂေါက်သီး ဘောလုံး တစ်လုံး ပမာ စဉ်ထွက်သွားတတ်သည်။

ဒုတိယ စိန်သည် မက်မွန်သီးစေ့ခန့် ရှိသော ကြည်လင်နေသည့် စိန်တစ်လုံး ဖြစ်ပြီး ပထမ စိန်နှင့် ထိမိသောကြောင့် ဒေါင်ခနဲ မြည်ပြီး လေထဲသို့ စဉ်ထွက် သွားတော့သည်။

ဂျွန်နီနှင့် ဖိုမင်တို့က ဝမ်းမြောက် ဝမ်းသာစွာနှင့် ရယ်လိုက်မိကြ၏။

ဂျွန်နီသည် စားပွဲပေါ်သို့ ကျော်၍ ထိုစိန်ကို ဒဏ်ရာ မရသော လက်နှင့် ဖမ်းယူလိုက်သည်။ သူသည် ထိုစိန်ကို ပြောင်စင်သွားအောင် လက်ချောင်းများ အကြားတွင် ပွတ်ပစ်လိုက်သည်။ ထို့နောက် အဘိုးကြီးဆီသို့ လှမ်းပေးလိုက်၏။ အဘိုးကြီးသည် စိန်ကို ကြည့်ပြီးနောက် ခေါင်းညိတ်၍ အသိအမှတ် ပြုလိုက်သည်။ ထို့နောက် ကုတ်အင်္ကျီ လက်ကို ပင့်တင်လိုက်ရင်း လက်ပတ်နာရီကို ကြည့်လိုက်၏။

'နောက်ကျနေပြီ၊ ငါ ကိပ်တောင်းကို အရောက် ပြန်မှ ဖြစ်မယ်'

mgyoe.com

mgyoe.com
SAMPLE BOOK

'အားလုံး ပြီးတဲ့ အထိ ကြည့်မသွားတော့ဘူးလား ခင်ဗျာ'

ဂျွန်နီက သူ့လေသံသည် လွန်လွန်ကျူးကျူး စိတ်အား ထက်သန်နေပုံ ရကြောင်း သတိထားလိုက်မိသည်။

'နောက်ပိုင်းကျရင် ကျွန်တော်တို့ ယမကာ အတူတူ သောက်နိုင်ကြတာပေါ့ ခင်ဗျာ'

သူ ပြောမိပြီးမှ အဘိုးကြီးသည် အရက်ကို ရွံမုန်းကြောင်း ပြန် သတိရလာသည်။ အဘိုးကြီးက ခေါင်းခါလိုက်သည်။

'ငါ ဒီကနေ့ ညနေ ပြန်ရောက်မှ ဖြစ်မယ်'

ယခုအချိန်တွင် အဘိုးကြီးသည် ဂျွန်နီ၏ မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်နေလေပြီ။

'ဒီလိုကွာ၊ ထရေစီက နက်ဖြန်ခါ ညနေကျရင် လက်ထပ်မှာ ဆိုတော့ ငါ အဲဒီမှာ ရှိမှ ဖြစ်မှာပေါ့'

ထို့နောက် အဘိုးကြီးက ဂျွန်နီ၏ မျက်နှာကို ကြည့်ရင်း ပြုံးလိုက်၏။ သို့ရာတွင် အဘိုးကြီး၏ မျက်လုံးများသည် အစဉ်သဖြင့် ပြုံးရယ်ခြင်း ကင်းမဲ့နေသောကြောင့် သူ့ နှုတ်ခမ်းပေါ်မှ အပြုံးကို မည်သူကမျှ အဓိပ္ပာယ် မဖော်တတ်ကြပါ။

အဘိုးကြီးက ပြုံးရင်းကပင် မေးလိုက်၏။

'မင်း မသိဘူးလား၊ ငါကတော့ မင်း ဖိတ်စာ တစ်စောင် ရတယ် ထင်လို့'

ထို့နောက် အဘိုးကြီးသည် သူ့အား လေယာဉ်ပျံဆီသို့ သယ်ဆောင်သွားမည့် ဂျစ်ကားဆီသို့ ထွက်ခွာ သွားလေတော့သည်။

ဒဏ်ရာ ရနေသော လက်မှ ဝေဒနာနှင့် အဘိုးကြီး၏ စကားလုံးများမှာ အိပ်စက် အနားယူရန် အထူး လိုအပ်နေသော ဂျွန်နီအား အိပ်မပျော်စေခဲ့ပါ။ ဂျွန်နီသည် ကိုယ်ပေါ်မှ စောင်ကို ဖယ်ပစ်လိုက်ပြီးနောက် အိပ်ရာ နံဘေးရှိ မီးအိမ်ကို ထွန်းညှိလိုက်ချိန်တွင် နံနက် နှစ်နာရီ ထိုးနေလေပြီ။

'သူက ငါ့ကို ဖိတ်တယ်လို့ ပြောတယ်၊ ဒီတော့ ငါ ရောက်အောင် သွားမယ်'

သူသည် မော်တော်ကားကို ထိုနေ့ တစ်ညလုံးနှင့် နောက်တစ်နေ့ နံနက် အထိ ဆက်တိုက် မောင်းနှင်ခဲ့သည်။ သူ မောင်းနှင်ခဲ့ရသော ပထမ မိုင်နှစ်ရာမှာ သဲနှင့် ကျောက်ခဲများ ပြွမ်းသော တောလမ်း ဖြစ်ပြီး နံနက် မိုးသောက် အလင်း ရောက်ချိန်တွင် ကတ္တရာစေး လမ်းဆီသို့ ရောက်ရှိလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင် သူသည် တောင်များနှင့် လွင်ပြင်များကို ဖြတ်၍ တောင်အရပ်စူးစူးဆီသို့ ဆက်လက် မောင်းနှင်ခဲ့သည်။ သူသည် တောင်ခြေရင်းတွင် စုစုစည်းစည်း ရှိနေသော မြို့ကြီး တစ်ခုလုံးကို သေးငယ်သွားသည်ဟု ထင်ရလောက်အောင် အပေါ်က မိုးထားသော ပုအိုင့်အိုင့် တေဘဲလ် တောင်ကြီး၏ ပြာနှမ်းနှမ်း ကောက်ကြောင်း အရိပ်ကို မမြင်ရခင် နေမွန်းတည့်သွားသည်။

သူ ဗိုင်းယတ်ဒ် ဟိုတယ်တွင် ဝင်ရောက် တည်းခိုသည်။ သူသည် ရေမိုးချိုး၊ မုတ်ဆိတ် ကျင်စွယ်ကို ရိတ်ပယ်ပြီး အဝတ်အစား လဲလှယ်နိုင်ရန် မိမိ အခန်းဆီသို့ ကမန်းကတန်း အပြေးအလွှား တက်ခဲ့တော့သည်။

အိမ်အိုကြီး၏ ခြံဝင်းထဲတွင် အဖိုးထိုက် အဖိုးတန် မော်တော်ကားများ ပြည့်နှက်နေသည့် အပြင် ပိုလျှံနေသော မော်တော်ကားများကို အပြင်ဘက် လမ်းပေါ်၌ လမ်းဘေး နှစ်ဖက်စလုံး ပြည့်အောင် ရပ်ထားကြသည်။ သို့သော် ဖုန် အလိမ်းလိမ်း ကပ်နေသော လင့်ရိုဗာ အတွက် ရပ်ထားရန် နေရာကို ရှာတွေ့သွားသည်။ သူသည် ဂိတ်ဖြူဖြူကြီးထဲသို့ ဝင်၍ စိမ်းစိုသော မြက်ခင်းပြင်ပေါ်မှ ဖြတ်လျှောက်သွားသည်။

အိမ်ထဲတွင် တေးဂီတ ဝိုင်းတစ်ဝိုင်းက တီးမှုတ်နေသည့် အပြင် ညံညံစီနေသော ရယ်မောသံများနှင့် စကား ပြောသံများသည် ကပွဲခန်းမရှိ ပြတင်းပေါက်များမှ တစ်ဆင့် စိမ့်ထွက်လာကြ၏။

သူသည် နံဘေး တံခါးမှ တစ်ဆင့် အထဲသို့ ဝင်သွားသည်။ စင်္ကြံလမ်းထဲ၌ ဧည့်သည်များနှင့် ပြည့်နှက်နေသည်။ သူသည် ထိုလူအုပ်ထဲမှ အတင်းတိုးထွက်ရင်း အသံကျယ်ကျယ်၊ လက်ဟန် ခြေဟန်နှင့် စကား ပြောနေကြသော အမျိုးသားများ၊ တခစ်ခစ် ရယ်မောနေကြသော အမျိုးသမီးများထဲတွင် သူနှင့် သိကျွမ်းသော မျက်နှာပိုင်ရှင်ကို လိုက်လံ ရှာဖွေနေခဲ့မိသည်။

နောက်ဆုံးတွင် သူနှင့် သိကျွမ်းသော မျက်နှာပိုင်ရှင် တစ်ယောက်ကို တွေ့ရပါလေပြီ။

'မိုက်ကယ်'

ချာခနဲ လှည့်ကြည့်လိုက်သော မိုက်ကယ် ရှာပီရိုက သူ့ကို မှတ်မိသွားသည်။ ဆန့်ကျင်ဘက် ခံစားမှုများ ဖြစ်သော ဝမ်းသာမှု၊ အံ့သြမှုနှင့် ထိတ်လန့်မှုတို့သည် မိုက်ကယ် ရှာပီရို၏ မျက်နှာပေါ်၌ ထင်ထင်ရှားရှား ပေါ်လွင်လာသည်။

'ဂျွန်နီ၊ မင်းကို ငါ တွေ့ရတာ နိပ်လိုက်လေကွာ'


mgyoe.com

mgyoe.com SAMPLE BOOK

'အခမ်းအနား ပြီးသွားပြီလား'

'ပြီးသွားပြီ၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် မိန့်ခွန်းတွေလည်း ခြွေပြီးကြပြီ'

သူက ဂျွန်နီ၏ လက်ကို ကိုင်၍ သူ့နံဘေးသို့ ဆွဲခေါ်လိုက်သည်။

'မင်းကို ငါ ရှန်ပိန် တစ်ဖန်ခွက် ယူပေးပါရစေ'

မိုက်ကယ်သည် စားပွဲထိုး တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး ကြည်လင်ပြောင်လက်နေသော ဖန်ခွက် တစ်ခွက်ကို ဂျွန်နီ၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

'ဟောဒါက သတို့သမီး အတွက်'

ဂျွန်နီက တိုးတိုးကလေး ပြောလိုက်ပြီး သောက်ချလိုက်၏။

'မင်း ဒီရောက်နေတာ အဘိုးကြီး သိလား'

မေးချင်လွန်းလှသဖြင့် ပါးစပ် ယားနေသော မေးခွန်းကို မိုက်ကယ် ရှာပီရိုက မေးလိုက်၏။ ဂျွန်နီက ခေါင်းခါလိုက်သည်တွင် မိုက်ကယ် ရှာပီရို၏ မျက်နှာထားမှာ အတွေးရ ခက်သလို ဖြစ်သွားရတော့သည်။

'ထရေစီ ယောက်ျားက ဘယ်လို ပုံစံမျိုးလဲ မိုက်ကယ်'

'ကင်နီ ဟတ်ဖို့ကို ပြောတာလား'

မိုက်ကယ်က ထိုမေးခွန်းကို ချိန်ဆလိုက်သည်။

'သူက မဆိုးဘူးလို့ ငါ ထင်တယ်၊ ပိုက်ဆံ သိပ်ချမ်းသာတယ်၊ ရုပ်ကလည်း ဖြောင့်တယ်'

'သူက သမုဒ္ဒရာ ဝမ်းတစ်ထွာ အတွက် ဘာ အလုပ် လုပ်သလဲ'

'သူ့အဖေက သူ့အတွက် ငွေတွေကို အစုလိုက် အပြုံလိုက် ထားခဲ့တာကွ၊ ဒါပေမဲ့ အချိန်ဖြုန်းတဲ့ အနေနှင့် ဖက်ရှင်မယ်တွေကို ဓာတ်ပုံ ရိုက်တယ်'

ဂျွန်နီက နှုတ်ခမ်းကို မဲ့ရွဲ့ပစ်လိုက်၏။

မိုက်ကယ် မျက်မှောင် ကုတ်သွားသည်။

'ဒီသူငယ်က လူကောင်းကလေးပါ ဂျွန်နီ၊ သူ့ကို အဘိုးကြီးက စိတ်တိုင်းကျလို့ ရွေးခဲ့တာပဲ'

'အဘိုးကြီးက ရွေးတာလား'

ဂျွန်နီက ခပ်ငေါ့ငေါ့ မေးလိုက်၏။

'ဟုတ်တယ်လေ၊ သူ့ အကြောင်း မင်း သိပါတယ်ကွာ၊ အဲဒီလို အရေးကြီးတဲ့ ဆုံးဖြတ်ချက်မျိုးကို ဒွိပြင်လူ အတွက် သူက ဘယ်ချန်ထားပါ့မလဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ပွန်နီက ရှန်ပိန်ကို လက်စသတ်လိုက်သည်။ မိုက်ကယ် ရှာပီရိုက ပွန်နီ့ မျက်နှာအား စိုးရိမ်တကြီး စောင့်ကြည့်နေသည်။

'ထရေစီ ဘယ်မှာလဲ၊ သူတို့ သွားကြပြီလား'

'မသွားသေးဘူး'

မိုက်ကယ်က ခေါင်းခါလိုက်သည်။

'သူတို့ ကပွဲ ခန်းမထဲမှာပဲ ရှိနေကြသေးတယ်'

'ကျေးဇူး တင်ပါတယ် မိုက်ကယ်၊ ကျွန်တော် သတို့သမီးဆီကို သွားပြီး ဆုမွန်ကောင်း တောင်းပေးရလိမ့်မယ်နှင့် တူတယ်'

'ပွန်နီ'

မိုက်ကယ်က ပွန်နီ၏ တံတောင်ဆစ်ကို ဆုပ်ကိုင်လိုက်သည်။

'မဟုတ်တရုတ်တွေတော့ မလုပ်ပါနှင့်ကွာ၊ မလုပ်ဘူး မဟုတ်လား'

ပွန်နီသည် ကပွဲ ခန်းမဆီသို့ ဆင်းသွားသော ကျောက်ဖြူ လှေကား ထိပ်တွင် မတ်တတ် ရပ်နေသည်။ ကပွဲ ခန်းမ ကြမ်းပြင်ပေါ်တွင် ကနေသော စုံတွဲများနှင့် ပြည့်ကျပ်နေသည်။ ဂီတသံကလည်း ကျယ်လောင်၍ မြူးကြွသည်။ မင်္ဂလာ မောင်မယ် အဖွဲ့သည် အခန်း၏ ဟိုဘက်ရှိ မြှင့်ထားသော စားပွဲ နောက်တွင် ထိုင်နေကြသည်။

ဘင်နီဒစ် ဗန်ဒါဗီလ်က ပွန်နီအား စတင်၍ မြင်သွားသည်။ သူ့မျက်နှာသည် ရဲခနဲ ဖြစ်သွားပြီး သူက အဘိုးကြီး၏ နား နားသို့ ကပ်၍ ကမန်းကတန်း ပြောလိုက်၏။ ထို့နောက် သူ၏ ထိုင်ခုံပေါ်မှ ထစပြုသည်။

အဘိုးကြီးက ဘင်နီဒစ်၏ ပခုံးပေါ်တွင် လက်တင်၍ တားမြစ်လိုက်ပြီး နောက် ပွန်နီ့ထံသို့ လှမ်း၍ ပြုံးပြလိုက်သည်။

ပွန်နီသည် လှေကားပေါ်မှ ဆင်းခဲ့နောက် ကနေသော စုံတွဲများ အကြား မှ ဖြတ်လျှောက်သွားသည်။ ထရေစီက သူ့ကို မမြင်ပါ။

ထရေစီသည် သူမ၏ နံဘေးတွင် ထိုင်နေသော ခပ်ချောချော လူရွယ် နှင့် စကား ပြောနေသည်။ ထိုပုဂ္ဂိုလ်သည် ကွေးကောက်နေသော ရွှေညိုရောင် ဆံပင်ကို ပိုင်ဆိုင်သူ ဖြစ်သည်။

'ဟယ်လို ထရေစီ'

ထရေစီသည် ပွန်နီအား မော့ကြည့်လိုက်ပြီးနောက် အသက်ရှူ မှားသွား သည်။ ထရေစီသည် ပွန်နီ မှတ်မိသော ပုံစံထက် ပိုလှနေသည်။

'ဟယ်လို ပွန်နီ'

mgyoe.com

mgyoe.com
SAMPLE BOOK

သူမ၏ အသံသည် တိုးတိုးကလေး စကား ပြောသလောက်သာ ကျယ်တော့သည်။

'ကိုယ် မင်းနှင့် ကနိုင်ပါ့သလား'

ထရေစီသည် ယခု အချိန်တွင် ဖြူဖပ်ဖြူရော် ဖြစ်နေပြီး မျက်လုံးများသည် အသစ်ကျပ်ချွတ် ခင်ပွန်းသည်ဆီသို့ လှည့်မကြည့်ဘဲ အဘိုးကြီးဆီသို့ ရောက်သွားသည်။ ပြောင်လက်နေသော ဆံပင် တစ်ခွေက အနည်းငယ် ခေါင်းညိတ် ပြလိုက်သဖြင့် ထရေစီ မတ်တတ် ရပ်လိုက်သည်။

သူတို့ နှစ်ယောက်သည် တီးဝိုင်းကလေး ဂီတသံ ရပ်မသွားခင် ကပွဲကြမ်းပြင်ကို တစ်ပတ် ပတ်လိုက်မိကြသည်။ ဗျွန်နီက ထရေစီအား ဖွင့်ပြောလိုသည့် စကားများ ရင်နှင့် အပြည့်အသိပ် ရှိနေသော်လည်း တေးဂီတသံ ရပ်ဆိုင်းသွားသည် အထိ ဆွံ့အနေခဲ့သည်။ အခွင့်အရေး တစ်ခုကို လက်လွှတ်လိုက်ရလေပြီ။

ကျန်ရှိနေသေးသော စက္ကန့်ပိုင်း အတွင်းတွင် ဗျွန်နီသည် ကမန်းကတန်း ပြောချလိုက်၏။

'မင်း ပျော်ရွှင်လိမ့်မယ်လို့ ကိုယ် မျှော်လင့်ထားပါတယ် ထရေစီ၊ ဒါပေမဲ့ မင်းအတွက် အကူအညီ လိုအပ်လာခဲ့ရင် ကိုယ် လာခဲ့ပါ့မယ်လို့ ကိုယ် ကတိ ပြုခဲ့ပါတယ်'

'ကျေးဇူး တင်ပါတယ်'

ထရေစီ၏ အသံသည် ခြောက်ကပ် အက်ကွဲနေသည်။ သူမသည် ညကြီးသန်းခေါင်၌ ငိုကြွေးခဲ့သော ချာတိတ်မကလေးနှင့် ခေတ္တ ခဏ တူသွားသည်။ ထို့နောက် ဗျွန်နီသည် ထရေစီအား သူမ၏ ခင်ပွန်းဆီသို့ ပြန်ခေါ်လာခဲ့၏။

ဗျွန်နီသည် ထိုကတိကို လွန်ခဲ့သော ငါးနှစ်က ပေးခဲ့ခြင်း ဖြစ်သည်။ ယခု သူသည် ထိုကတိ အတိုင်း ဆောင်ရွက်ပေးရန် လန်ဒန်သို့ လာခဲ့ရခြင်း ဖြစ်သည်။

စတတ်ခ်လမ်းမှ အိမ်အမှတ် ၂၃ သည် မျက်နှာစာ မကျယ်လှသော နှစ်ထပ် တိုက်ကလေး တစ်လုံး ဖြစ်သည်။ ဗျွန်နီက ထိုအိမ်ရှေ့တွင် မော်တော်ကားကို ရပ်လိုက်၏။ ထိုအချိန်တွင် မှောင်နေပြီဖြစ်ရာ အထပ် နှစ်ထပ်စလုံးတွင် မီးများ လင်းနေသည်။ သူသည် ရုတ်တရက် ဆိုသလို ထိုကိစ္စကို ဆက်လက်၍ လုပ်ချင် ကိုင်ချင်စိတ် ကုန်ခန်းသွားသောကြောင့် ဂျက်ဗွာ မော်တော်ကားထဲတွင် ဆက်ထိုင် နေမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထရေစီ ဒီနေရာတွင် ရှိနေသည်။ ရုပ်ပျက် ဆင်းပျက် ဖြစ်နေလိမ့်မည် ဟုလည်း သူ့စိတ်ထဲက တစ်နည်းနည်းနှင့် သိနေသည်။ အဖြူရောင် လက်ထပ် မင်္ဂလာ ဝတ်စုံနှင့် ချစ်စရာ ကောင်းလှသော ထရေစီ၏ ရုပ်သွင်ကို သူသည် ဖြတ်ခနဲ ပြန်မြင်ယောင်လာမိသည်။ ထို့နောက် သူသည် ဂျက်ဂွာ မော်တော် ကားထဲမှ ထွက်ခဲ့ပြီး လှေကားထစ်များ အတိုင်း အိမ်ရှေ့ တံခါးဆီသို့ တက် သွားတော့သည်။ သူသည် လူခေါ် ခေါင်းလောင်း ခလုတ်ဆီသို့ လက်လှမ်း လိုက်ပြီးမှ အိမ်ရှေ့ တံခါး ဟတတ ဖြစ်နေသည်ကို တအံ့တသြ တွေ့လိုက် ရတော့သည်။

ဂျွန်နီသည် တံခါးကို တွန်းဖွင့်ပြီး အမျိုးသမီးတို့၏ စိတ်ကြိုက် မွမ်းမံ ထားသော ဧည့်ခန်းငယ်ကလေးထဲသို့ လျှောက်ဝင်သွားခဲ့သည်။

ထိုအခန်းသည် ကမန်းကတန်း မွေ့နှောက် လှန်လှောမှုကို ခံခဲ့ရဟန် တူ သည်။ ခန်းဆီး တစ်စကို ကြမ်းပြင်ပေါ်တွင် ဖြန့်ခင်းထားပြီး ထိုခန်းဆီးပေါ် တွင် စာအုပ်များနှင့် အလှအပ အဖြစ် ထားရှိသော ပစ္စည်းများကို စုပုံထား သည်။ ပန်းချီကားများကို နံရံပေါ်မှ ဖြုတ်ချထားပြီး အဆင်သင့် သယ်သွား နိုင်အောင် တစ်ခုပေါ် တစ်ခု ဆင့်၍ ပုံထားသည်။

ဂျွန်နီသည် စာအုပ် တစ်အုပ်ကို ကောက်ယူ လိုက်ပြီးနောက် အဖုံးကို ဖွင့်လိုက်၏။ ရေခံ စာရွက်ပေါ်တွင် လက်ရေးနှင့် ရေးထားသော နာမည် တစ်ခု ရှိနေသည်။ ထရေစီ ဗန်ဒါဗီလ်။

သူသည် အပေါ်ထပ်မှ ဆင်းလာသော ခြေသံကို လှေကားပေါ်မှ ကြား လိုက်ရသဖြင့် စာအုပ်ကို အပုံထဲသို့ ပြန်လွှတ်ချလိုက်သည်။

လှေကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ သူသည် ညစ်ပတ် ပေရေ နေသော အစိမ်းရောင် ကတ္တီပါ ဘောင်းဘီရှည်၊ သိုးသားရေနှင့် ချုပ်ထား သော ဘွတ်ဖိနပ်၊ အရောင်အဆင်း ပျက်နေပြီ ဖြစ်သော တပ်မတော် ပုံစံ ချုပ် ထားသည့် စုတ်စုတ်ပြတ်ပြတ် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည်။ သူသည် အမျိုးသမီး ဝတ်စုံများကို တစ်ပွေ့ တစ်ပိုက်ကြီး သယ်လာသည်။

ထိုသူက ဂျွန်နီအား မြင်သွားသောကြောင့် ထိတ်ထိတ်လန့်လန့်နှင့် ရပ် တန့် လိုက်၏။ ပန်းနုရောင် ပြေးနေသော သူ့နှုတ်ခမ်းက အံ့သြ သွားသော ကြောင့် ဟသွားသည်။ သို့ရာတွင် ပြောင်းဖူးမွေးရောင် ဆံပင် အောက်ရှိ သူ့ မျက်လုံး အစုံကမူ သေးငယ်ပြီး ပြောင်လက်နေသည်။

'ဟယ်လို'



mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန်နီက နှစ်လိုဖွယ် ကောင်းအောင် ပြုံးပြလိုက်၏။

'ခင်ဗျားက ဒီက ပြောင်းသွားတော့မလို့လား'

ထို့နောက် ဂျွန်နီသည် လှေကားပေါ်တွင် ရှိနေသော ထိုပုဂ္ဂိုလ်ဆီသို့ တိုးကပ်သွားပြီး ပြန်မော့ကြည့်နေသည်။

ချက်ချင်း ဆိုသလိုပင် အပေါ်ထပ်မှ အသံ ခပ်တိမ်တိမ်နှင့် ညည်းညူလိုက်သော အသံ တစ်သံသည် လှေကားပေါ်မှ ပဲ့တင်ထပ်၍ အောက်ဘက်သို့ ရောက်ရှိ လာတော့သည်။ ထိုအသံသည် ထိတ်လန့်ဖွယ် ကောင်းသော အသံမျိုး ဖြစ်ပြီး လူသံ ဖြစ်သည်ဟု သိရရုံမျှသာ ရှိတော့သည်။ ဂျွန်နီသည် ထိုအသံကြောင့် မလှုပ်မယှက် ဖြစ်သွားရသလို လှေကားပေါ်တွင် ရှိနေသော ထိုလူကလည်း နောက်ဘက်သို့ စိုးရိမ်တကြီး ပြန်လှည့်ကြည့်လိုက်၏။

'ခင်ဗျားက သူ့ကို ဘယ်လို လုပ်ခဲ့သလဲ'

ဂျွန်နီက သူ့အား ခြိမ်းခြောက်မှု မပါဘဲ ခပ်တိုးတိုး မေးလိုက်သည်။

'မလုပ်ပါဘူး၊ ဘာမှ မလုပ်ပါဘူး၊ သူက ဆေးငြိမ့်နေတာပါ၊ ဆေးငြိမ့်နေတာပါဗျာ'

ထိုပုဂ္ဂိုလ်က ပြုံးတုံးပြုံးတဲနှင့် ငြင်းဆန်လိုက်သည်။

'သူက အက်စစ်* ကို ပထမဦးဆုံး အကြိမ် စသုံးတာမို့လို့ပါ'

'ဒီတော့ ခင်ဗျားက ဒီတစ်အိမ်လုံးကို ပြောင်အောင် ယူသွားမယ် ဆိုပါတော့၊ ဟုတ်တယ် မဟုတ်လား'

ဂျွန်နီက ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း မေးလိုက်၏။

'သူက ကျုပ်ကို ပေးစရာ အကြွေးတွေ အများကြီး ရှိနေတယ်၊ သူက မပေးနိုင်တော့ဘူး၊ ပေးမယ်လို့ ကတိတော့ ပေးတယ်၊ ပြီးတော့ မပေးနိုင်ဘူး'

'အိုး အဲဒီလိုလား၊ ဒါဆိုရင်တော့ တစ်မျိုးပေါ့ဗျာ၊ ကျုပ်က ခင်ဗျား ဒီနေရာမှာ ဝင်ခိုးနေတယ် ထင်လို့ဗျို့'

ဂျွန်နီသည် အပေါ်ဝတ် ကုတ်အင်္ကျီထဲမှ ပိုက်ဆံအိတ်ကို နှိုက်ယူလိုက်ပြီးနောက် ငွေစက္ကူများကို လက်နှင့် ဖွကစားလိုက်သည်။

'ကျုပ်က သူ့ သူငယ်ချင်း တစ်ယောက်ပါ၊ သူက ခင်ဗျားကို ဘယ်လောက် ပေးစရာ ရှိသလဲ'

'ပေါင် ငါးဆယ်'

* LSD ကို ဆိုလိုသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ပိုက်ဆံအိတ်ကို မြင်လိုက်ရသော အခါ ထိုသူ၏ မျက်လုံးများသည် တပြောင်ပြောင် တလက်လက် ဖြစ်လာကြသည်။

'ကျုပ်က သူ့ကို အကြွေး ပေးထားတာပါ'

ဣန္ဒနီသည် ငါးပေါင်တန် ငွေစက္ကူ ဆယ်ရွက်ကို ရေတွက် လိုက်ပြီး နောက် အပြင်သို့ ထုတ်ထားလိုက်၏။

ထိုပုဂ္ဂိုလ်သည် လက်ထဲမှ အဝတ်အစားများကို လှေကား လက်ရန်းပေါ်တွင် ပစ်ချခဲ့ပြီးနောက် ကျန်နေသေးသော လှေကားထစ်များပေါ်မှ ပြေးဆင်းလာတော့သည်။

'ခင်ဗျားက သူ့ကို ဟိုပစ္စည်း၊ အက်စစ်ကို ရောင်းလိုက်သလား'

ဣန္ဒနီက မေးလိုက်ရာ ထိုပုဂ္ဂိုလ်သည် ဣန္ဒနီနှင့် ခြေတစ်လှမ်း အကွာတွင် ရပ်တန့်သွားတော့သည်။ သူ့ အမူအရာမှာ သံသယစိတ်ကြောင့် တောင့်တင်းသွားသည်။

'ဘယ်လို ဖြစ်ရတာလဲဗျာ'

ဣန္ဒနီက ပြုံးလိုက်၏။

'ကျုပ်တို့က သူငယ်နှပ်စားတွေ မဟုတ်တော့ပါဘူး၊ အဖြစ်မှန်ကို နားလည် ပါတယ်ဗျ'

ဣန္ဒနီက ငွေစက္ကူများကို လှမ်းပေးလိုက်၏။

'ခင်ဗျားက သူ့အတွက် အဲဒီ ပစ္စည်းကို ရှာပေးသလား'

ထိုပုဂ္ဂိုလ်က ယှဲ့ယှဲ့ကလေး ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီးနောက် ငွေစက္ကူများကို လှမ်းယူလိုက်သည်။ အားနေသေးသော ဣန္ဒနီ၏ လက်တစ်ဖက်က ထိုလူ၏ ကြုံလှီလှသော လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်ပြီးနောက် ထိုလက်ကို အပေါ် မြောက်သွားအောင် ကိုင်မြှောက် ပစ်လိုက်သည်။

ဣန္ဒနီသည် ငွေစက္ကူများကို အိတ်ထဲသို့ ထိုးထည့် ပေးလိုက်ပြီးနောက် ထိုသူအား လှေကားပေါ်သို့ ပြန်တက်ခိုင်းတော့သည်။

'ကျုပ်တို့ သူ့ကို သွားပြီး ကြည့်ကြရအောင်'

သံခုတင်ပေါ်တွင် တပ်မတော်သုံး မီးခိုးရောင် စောင်တစ်ထည်ကို အပေါ်က ဖြန့်ခင်းထားသော မွေ့ရာ တစ်ခု ရှိနေသည်။

ထရေစီသည် စောင်ပေါ်တွင် တင်ပျဉ်ခွေပြီး ထိုင်နေသည်။ သူမသည် ပါးလွှာသော ချည်ထည် အင်္ကျီကလေး တစ်ထည်ကိုသာ ဝတ်ဆင်ထားပြီး ဆံပင်ကို ခါးအထိ ဖြေချထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ရင်ဘတ်ပေါ်တွင် ပိုက်ထားသော ထရေစီ၏ လက်နှစ်ဖက်သည် ကြုံလှီလှပြီး မြေဖြူခဲလို ဖြူဖွေးနေကြသည်။ ထရေစီ၏ မျက်နှာသည် ဖြူဖပ် ဖြူရော် ဖြစ်နေသည့် အပြင် အရေပြားသည် ဓာတ်မီးရောင် အောက်တွင် ပြောင်လက်နေသည်။

ထရေစီသည် ကိုယ်ကို ရှေ့ဘက်နှင့် နောက်ဘက်သို့ ညင်ညင်သာသာ ယိမ်းထိုးရင်း ခပ်တိုးတိုး ညည်းညူနေသည်။ ထရေစီ၏ နှာခေါင်းမှ ထွက်လာသော ထွက်သက်သည် အေးနေသော အခန်းထဲတွင် ရေခိုး ရေငွေ့များ အဖြစ် တရှူးရှူး ထွက်နေသည်။

ထရေစီ၏ မျက်လုံးများက ဂျွန်နီအား အများဆုံး စိတ် ချောက်ချားစေခဲ့သည်။ မျက်လုံးများသည် အဆမတန် ပြူးကျယ်နေပြီး မျက်လုံး တစ်လုံးစီ၏ အောက်ဘက်တွင် ဒဏ်ရာကဲ့သို့ ညိုမည်းနေသော အကွက်ကြီး တစ်ကွက်စီ ရှိနေကြသည်။ သူငယ်အိမ်များသည် ပြန့်ကားနေပြီး မသွေးရသေးသော စိန် တစ်လုံးပမာ ပြောင်လက်နေကြသည်။

တပြောင်ပြောင် တလက်လက် ဖြစ်နေသော မျက်လုံးစိမ်းကြီးများသည် ဂျွန်နီနှင့် တံခါးပေါက်ဝတွင် ရှိနေသော ထိုပုဂ္ဂိုလ်တို့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

ထရေစီ၏ ညည်းညူသံသည် စူးစူးရှရှ အော်ဟစ်သံ အဖြစ်သို့ ရုတ်တရက် ပြောင်းလဲသွားသည်။ အော်သံ ပျောက်ကွယ်သွားချိန်တွင် ထရေစီသည် ရှေ့သို့ ကုန်းလိုက်ပြီးနောက် သူမ၏ မျက်နှာကို လက်နှစ်ဖက်နှင့် ဖုံးကွယ်ထားလိုက်သည်။

ဂျွန်နီက ညင်သာစွာ ခေါ်လိုက်၏။

'ထရေစီ၊ ဖြစ်မှ ဖြစ်ရလေ ထရေစီရယ်'

'သူ နေကောင်းသွားမှာပါ'

ဂျွန်နီ၏ လက်ထဲတွင် တွန့်လိမ်နေသော ထိုသူက ညည်းညည်းညူညူနှင့် ပြောလိုက်၏။

'ဒါ ပထမ အကြိမ်မို့ပါ၊ သူ နေကောင်းသွားမှာပါ'

'လာခဲ့'

ဂျွန်နီသည် ထိုသူ့အား အခန်းထဲမှ အပြင်သို့ ဆွဲခေါ်သွားပြီး တံခါးကို ခြေထောက်နှင့် တွန်း၍ ပိတ်လိုက်သည်။ ဂျွန်နီက ထိုပုဂ္ဂိုလ်အား နံရံပေါ်တွင် မလှုပ်နိုင်အောင် ဖိထားလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန်နီ၏ မျက်နှာမှာ မာကျောပြီး ဖြူဖွေးနေသည်။ မျက်လုံးများမှာလည်း အကြင်နာတရား ကင်းမဲ့နေသည်။ သို့သော် သူက ပြေပြေပြစ်ပြစ်နှင့် ပြော လိုက်၏။ သူက ကလေးငယ် တစ်ယောက်ကို ရှင်းပြနေသည့် အလား စိတ် ရှည်ရှည် ထား၍ ပြောနေသည်။

'ကျုပ် ခင်ဗျားကို အခု နာအောင် ကျင်အောင် လုပ်တော့မယ်၊ သိပ်ပြီး ဝေဒနာ ခံစားရအောင် လုပ်တော့မယ်၊ ခင်ဗျားကို အသေ မသတ်ဘဲနှင့် ကျုပ် တတ်နိုင်သလောက် ဆိုးဆိုးရွားရွား ဖြစ်အောင် လုပ်တော့မယ်၊ ကျုပ်က အဲဒီလို လုပ်ရတာကို အရသာ တွေ့လို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီ မိန်းကလေး ဟာ ကျုပ်အတွက် အထူး စပါယ်ရှယ် ပုဂ္ဂိုလ် တစ်ဦး ဖြစ်နေလို့ပဲ၊ အနာဂတ် ကာလမှာ ခင်ဗျားက တခြား မိန်းကလေး တစ်ယောက်ကို အဆိပ် ပေးဖို့ ကြံစည်တော့မယ် ဆိုရင် ဒီကနေ့ည ကျုပ် ခင်ဗျားကို လုပ်ခဲ့တဲ့ ကိစ္စကို ပြန် သတိ ရစေချင်တယ်'

ဂျွန်နီသည် ထိုပုဂ္ဂိုလ်အား နံရံပေါ်တွင် ဘယ်လက်နှင့် ဖိထားလိုက်၏။ ထို့နောက် ဝမ်းဗိုက် ကြွက်သားများ စုတ်ပြတ် ကုန်အောင် နံရိုး အောက်ဘက်မှ ပင့်၍ ညာဘက် လက်သီးနှင့် ဆက်တိုက် ထိုးလိုက်သည်။ လက်သီး သုံးလေး ချက်မှာ အပေါ်သို့ သိပ်ရောက်သွားသောကြောင့် သူ့ လက်သီး အောက်ဘက် တွင် ထိုသူ၏ နံရိုးများ ကျိုးကုန်ကြသည်ကို သူ သိလိုက်ရတော့သည်။

ဂျွန်နီ နောက်ဘက်သို့ ပြန်ဆုတ်လိုက်သောအခါ ထိုပုဂ္ဂိုလ်သည် မှောက် လျက်သား ပုံလဲပြီး ကျလာသည်။

ဤတွင် ဂျွန်နီက ထိုပုဂ္ဂိုလ်၏ ပါးစပ်အား လက်သီးနှင့် ထိုးလိုက်ရာ သွားများ သွားဖုံးမှ ကျိုးထွက်လာကြသလို နှုတ်ခမ်းသည် နှင်းဆီပွင့်မှ ပွင့်ဖတ် များပမာ ကွဲထွက်သွားလေတော့သည်။ ထိုပုဂ္ဂိုလ်က အတော်ကလေး ဆူဆူ ညံညံ အော်ခဲ့ ဟစ်ခဲ့သည်။ ထရေစီအား အနှောင့် အယှက် မဖြစ်စေလိုသော ကြောင့် ဂျွန်နီက အခန်းထဲသို့ လှမ်းကြည့်လိုက်ပြန်၏။ သို့သော် ထရေစီသည် ရှေ့ဘက်သို့ စည်းချက် ဝါးချက်ညီညီ ယိမ်းထိုးနေဆဲပင်။

ဂျွန်နီသည် ရေချိုးခန်းထဲသို့ ရောက်သောအခါ လက်ကိုင်ပဝါကို ရေ ဆွတ်လိုက်ပြီး သူ့လက်ပေါ်မှ သွေးများနှင့် အပေါ်ဝတ် ကုတ်အင်္ကျီ၏ ရှေ့ ဘက်တွင် ပေရေနေသော သွေးများကို သုတ်ပစ်လိုက်၏။ ဂျွန်နီသည် စင်္ကြံ လမ်းထဲသို့ ပြန်ထွက်သွားပြီး သတိ လစ်နေသော ထိုပုဂ္ဂိုလ်၏ သွေးတိုးနှုန်း ကို သိအောင် ငုံ့၍ စမ်းကြည့်လိုက်သည်။ ထိုသူ၏ သွေးတိုးနှုန်းမှာ မှန်နေသလို

mgyoe.com SAMPLE BOOK

အားကောင်းနေဆဲပင်။ ထိုပုဂ္ဂိုလ်၏ မျက်နှာသည် သူ အန်ထားသော အန်ဖတ်များနှင့် အိုင်ထွန်းနေသော သွေးကွက်ထဲတွင် မှောက်လျက်သား ရောက်ရှိနေလေရာ မွန်းပြီး သေသွားမည်ကို စိုးရိမ်ရသောကြောင့် မျက်နှာကို အန်ဖတ်နှင့် သွေးအိုင်ထဲမှ ဆွဲဖယ်ပေးရင်း ဂွျန်နီ တစ်ယောက် စိတ်သက်သာရာ ရရှိသွားသည်။

ဂွျန်နီသည် ထရေစီထံသို့ လျှောက်သွားသည်။ ထရေစီက ပြင်းပြင်းထန်ထန် ရှန်းကန်နေသည့် တိုင်အောင် ထရေစီအား တပ်မတော်သုံး မီးခိုးရောင်စောင်နှင့် ရစ်ပတ်ပေးလိုက်ပြီး ဂျက်ဗွာ မော်တော်ကား ပေါ်သို့ ပွေ့ချီလာခဲ့သည်။

ဂွျန်နီက ထရေစီ၏ အောက်ဘက်တွင် စောင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် သွင်းပေးနေစဉ် ထရေစီသည် တဖြည်းဖြည်း ငြိမ်ကျသွားပြီး ဂျက်ဗွာမော်တော်ကား၏ နောက်ဘက် ထိုင်ခုံပေါ်တွင် ကလေးငယ် တစ်ယောက် ပမာအိပ်ပျော် သွားတော့သည်။

ထို့နောက် ဂွျန်နီသည် အိမ်ထဲသို့ ပြန်ဝင်ပြီး တယ်လီဖုန်း နံပါတ် ကိုးသုံးလုံးသို့ ဆက်သွယ်လိုက်သည်။ ဂွျန်နီက အိမ် လိပ်စာကို ပြောပြပြီး ဖုန်းစကားပြောခွက်ကို ချက်ချင်း ပြန်ချလိုက်၏။

ဂွျန်နီသည် ဒေ့ကြို စာရေးနှင့် စကားပြောရန် ဒေ့ခန်းထဲသို့ ဝင်သွားစဉ် ထရေစီအား ဒေါချက်စတာ ဟိုတယ် ရှေ့ရှိ မော်တော်ကားထဲတွင် ထားရစ်ခဲ့သည်။ မိနစ်ပိုင်း အတွင်းမှာပင် ဘီးတပ် ကုလားထိုင်ပေါ်သို့ ရောက်နေပြီ ဖြစ်သော ထရေစီအား ဒုတိယထပ်တွင် ရှိသော အိပ်ခန်း နှစ်ခန်း ပါသည့် အခန်းကျယ်ကြီးဆီသို့ ခေါ်ဆောင်သွားသည်။ နောက်ထပ် ဆယ့်ငါးမိနစ် ကြာသော အခါ ထိုအခန်းသို့ ဆရာဝန် ရောက်ရှိလာတော့သည်။

ဆရာဝန် ပြန်သွားသောအခါ ဂွျန်နီသည် ရေချိုးပြီး ရှီးဗားစ် ရီဂယ် ဝီစကီဖန်ပုလင်းကို လက်တစ်ဖက်က ကိုင်ရင်း ထရေစီ၏ အခန်းသို့ သွားရောက်၍ အိပ်ရာ နံဘေးတွင် မတ်တတ် ရပ်လိုက်သည်။ ဆရာဝန်က မည်သည့် ဆေးကိုပဲ ပေးပေး ထိုဆေးက ထရေစီအား နှစ်ခြိုက်စွာ အိပ်မောကျစေခဲ့သည်။ ထရေစီသည် ပိန်ချုံးပြီး ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း ထူးထူးခြားခြား ချစ်စရာ ကောင်းနေသည်။

ဂွျန်နီသည် ငုံ့လိုက်ပြီး ထရေစီ၏ ပါးပြင်ပေါ်မှ ဆံပင်များကို ဖယ်ရှားပစ်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထရေစီ၏ ထွက်သက်လေသည် ဌါန်နီ၏ လက်ပေါ်တွင် နွေးနွေးထွေးထွေးကလေးနှင့် သာသာယာယာကလေး ကျရောက်လာသည်။

သူသည် ထရေစီ အပေါ်တွင် အခြားသူ တစ်ဦးဦး အတွက် မည်သည့်အခါကမျှ မဖြစ်ပေါ်ခဲ့ဖူးသော ကြင်နာ ယုယစိတ်မျိုး ဖြစ်ပေါ်လာသလို ထိုကြင်နာ ယုယစိတ်၏ ပြင်းထန်မှုကြောင့် သူကိုယ်တိုင် အံ့အား သင့်သွားမိတော့သည်။

သူသည် ငုံ့လိုက်ပြီးနောက် ထရေစီ၏ နှုတ်ခမ်းများအား သူ့နှုတ်ခမ်းများနှင့် အသာအယာ ပွတ်လိုက်၏။ ထရေစီ၏ နှုတ်ခမ်းများမှာ ဖြူဖွေးပြီး ခြောက်သွေ့နေသလို ကော်ပတ်ကဲ့သို့ မာကျော ကြမ်းတမ်းနေသည်။

ဌါန်နီသည် ခါးကို ဆန့်လိုက်ပြီးနောက် အခန်း၏ ဟိုဘက်တွင် ရှိသော ပက်လက် ကုလားထိုင်ဆီသို့ လျှောက်သွားတော့သည်။ သူသည် ပက်လက်ကုလားထိုင်ပေါ်တွင် နွမ်းနွမ်းရိရိ ထိုင်ချလိုက်ပြီး ဝီစကီကို မျှဉ်း၍ သောက်လိုက်ရာ ဝမ်းဗိုက်မှ အနွေးဓာတ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြီး တောင့်တင်းနေသော အကြောအခြင်များ ပြေစ ပြုလာသည်ကို ခံစား လိုက်ရသည်။ သူက ဖြူဖပ်ဖြူရော်နှင့် နွမ်းနယ်နေသော ခေါင်းအုံးပေါ်မှ မျက်နှာကလေးကို ငေးကြည့်နေမိ၏။

'မင်းနှင့် ငါကတော့ ပြဿနာ အရှုပ်အထွေးကြီးထဲ ရောက်နေကြပြီ'

ဌါန်နီက အသံထွက်၍ ပြောလိုက်ပြီးနောက် ဒေါသ စိတ်များ ထကြွလာပြန်၏။ မိနစ်ပေါင်း များစွာ ကြာအောင် သူ့ဒေါသသည် ဦးတည်မှု ကင်းမဲ့နေသည်။ ထို့နောက် ထိုဒေါသသည် စုစုစည်းစည်း ဖြစ်လာပြီး အာရုံ စိုက်ရမည့် ပစ်မှတ် တစ်ခုကို ရှာတွေ့သွားတော့သည်။

ဌါန်နီသည် သူ့ဘဝတွင် ပထမဦးဆုံး အကြိမ်အဖြစ် အဘိုးကြီးကို ဒေါပွတော့သည်။ သူက အိပ်ရာပေါ်မှ မိန်းကလေးအား လှမ်းပြောလိုက်၏။

'သူ့ကြောင့် မင်း ဒီလို ဖြစ်ရတာကွ၊ ပြီးတော့ ငါ...'

သူသည် စိတ်ကို ချက်ချင်း ပြန်ထိန်းနိုင်ခဲ့သည်။ သူသည် အဘိုးကြီး လုပ်သမျှ မှန်သည်၊ တရားသည်ဟု အမြဲတမ်း လက်ခံထားခဲ့သူ ဖြစ်သည်။ လူသားများသည် နတ်ဘုရားများ၏ ဘုန်းတန်ခိုးကို ယုံမှား သံသယ ဖြစ်လေ့ မရှိကြပါ။

သူ၏ သစ္စာမဲ့သော အတွေးကြောင့် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်သွားမိသော ဌါန်နီသည် အဘိုးကြီး၏ စေတနာနှင့် လုပ်ရပ်တို့ကို 'ဆင်ခြင် တွေး

mgyoe.com
SAMPLE BOOK

တောမှု' ဟု ဆိုသော အလင်းရောင် အောက်တွင် ထား၍ သုံးသပ် ဆင်ခြင်လိုက်သည်။

ဂျွန်နီအား သဲကန္တာရထဲမှ အပြင်သို့ ခေါ်ထုတ်လာခဲ့ရန် မိုက်ကယ် ရှာပီရိုအား အဘိုးကြီးက အဘယ်ကြောင့် စေလွှတ်ခဲ့ပါသနည်း။

'သူက မင်းကို ကိပ်တောင်းမှာ ရှိနေစေချင်တယ် ဂျွန်နီ၊ ဘင်နီဒစ်က အရည်အချင်း မပြည့်ဝဘူး၊ အဘိုးကြီးက သူ့ကို လန်ဒန်ရုံးမှာ ထားလိုက်တယ်၊ နယ်နှင်ဒဏ် တစ်မျိုးပေါ့ကွာ၊ သူက ကုမ္ပဏီကို ဦးစီးဖို့ မင်းကို ရွေးလိုက်တယ်'

မိုက်ကယ် ရှာပီရိုက ရှင်းပြခဲ့သည်။

'ထရေစီကတော့ ဘေးဘက်ကို ရောက်နေပါပြီ၊ သူနှင့် သူ့ယောကျ်ားကလည်း လန်ဒန်မှာပဲ ရှိနေကြတယ်၊ အခုအချိန်မှာ မင်းကို ကိပ်တောင်း ပြန်ခေါ်ရင် စိတ်ချရပြီလို့ အဘိုးကြီးက တွေးတယ်လို့ ငါယူဆတယ်'

ဣန္ဒြေ မဆောင်နိုင်သော ဂျွန်နီ၏ ဝမ်းမြောက်မှုကို အကဲခတ်ရင်း မိုက်ကယ် ရှာပီရိုက ခပ်ဖြည်းဖြည်း ဆက်ပြောပြန်၏။

'အေးလေ၊ ငါ့စကားတွေလည်း တောရောက် တောင်ရောက် ဖြစ်ကုန်ပြီ၊ မစ္စတာ ဗန်ဒါဗီလ်ဟာ အင်မတန် ထူးဆန်းတဲ့ ပုဂ္ဂိုလ်၊ သူက ဒီပြင် ပုဂ္ဂိုလ်တွေနှင့် မတူဘူး၊ မင်းက သူ့အပေါ်မှာ ဘယ်လို သဘော ထားတယ် ဆိုတာ ငါ နားလည်ပါတယ်ကွာ၊ ငါ သတိ ထားမိပါတယ်၊ ဒါပေမဲ့ ငါ ပြောတာကိုလည်း နားထောင်ဦးကွာ၊ မင်း ခုအချိန်မှာ မင်းသဘောနှင့်မင်း ဘယ်ကိုမဆို သွားလို့ ရပါပြီ၊ မင်းကို လိုချင်တဲ့ ကုမ္ပဏီတွေ အများကြီး ရှိတယ်'

သို့ရာတွင် ဂျွန်နီ့ မျက်နှာထားကို မြင်လိုက်ရသောကြောင့် သူ့စကားကို ရပ်တန့် ပစ်လိုက်၏။

'ကဲ အဲဒါတွေကို မေ့လိုက်ပါတော့ ဂျွန်နီရာ၊ ငါ ပြောတယ် ဆိုတာကို တောင် မေ့ပစ်လိုက်စမ်းပါ၊ ငါက မင်း အပေါ်မှာ သံယောဇဉ် ရှိလို့ ပြောမိတာပါ'

ယခုအချိန်တွင် ပြန်၍ တွေးကြည့်လိုက်သောအခါ မိုက်ကယ် ရှာပီရို၏ သတိပေး စကားတွင် အခြေအမြစ် ရှိကြောင်း နားလည်ရပေသည်။

ဂျွန်နီသည် ဗန်ဒါဗီလ် စိန်ကုမ္ပဏီ၏ ဂျင်နရယ် မန်နေဂျာ ဖြစ်လာသော်လည်း သူသည် ယခင် အခြေအနေကထက် ပိုမို၍ အဘိုးကြီးနှင့် နီးစပ်မှု မရှိခဲ့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သူသည် တောင်ကြီးနှင့် တူသော အဘိုးကြီး အောက်တွင် အလုပ် လုပ်ခွင့် ရရှိခဲ့သော်လည်း ထိုတောင်ကြီးသည် သူနှင့် အလှမ်း ကွာဝေးလွန်း လှသည့်အပြင် သူသည် အနိမ့်ဆုံး တောင်စွယ်ကလေးများကိုပင် တက်နိုင်စွမ်း မရှိခဲ့ချေ။

သူသည် မြို့ကြီး ပြကြီးတွင် နေရသော်လည်း သဲကန္တာရထဲ၌ နေရသလို အထီးကျန်မှုကို ခံစားနေရသည်။ ဂျွန်နီသည် သူ့အား မာယာ ကျော့ကွင်းနှင့် ပထမဦးဆုံး မြူဆွယ်မည့် ချစ်စရာ လှပျိုဖြူ နောက်သို့ ကောက်ကောက် ပါအောင် လိုက်ပါသွားရန် အဆင်သင့် ဖြစ်နေခဲ့သည်။

ရူဘီ ဂရန့်သည် ကိုယ်လုံး ကိုယ်ပေါက် သေးသွယ်ပြီး အရပ် ရှည်သည်။ ရှန်ပိန် ဖန်ခွက်ထဲသို့ နေရောင်ခြည် ဖြတ်သန်းနေသလို တောက်ပသော ရွှေဝါရောင် ဆံပင် ပိုင်ရှင်လည်း ဖြစ်သည်။

ဂျွန်နီသည် သူ၏ မာယာ ညွတ်ကွင်းထဲသို့ ဦးစောက် ကျွမ်းပြန် ကျခဲ့ရမှု၊ သိမ်းသွင်းသည်ကို လွယ်ကူစွာ ခံခဲ့ရမှုတို့ကြောင့် မိမိ၏ ရိုးအ ညံ့ဖျင်းမှုကို ယခု အချိန်တွင်မှ ပြန်၍ တအံ့တသြ ဖြစ်မိတော့သည်။

သူမနှင့် လက်ထပ် ပြီးစီးသော အခါတွင် သူမသည် ဇာတိရုပ်ကို ဖွင့်ထုတ် ဖော်ပြတော့သည်။

မိမိ ရဖို့ အတွက် တစ်ဖက်သတ် ကြည့်တတ်သော လောဘ၊ မြောက်ပင့် ပြောဆိုမှုတွင် ကြည်နူးတတ်သော သဘာဝ၊ ဥစ္စာ ပစ္စည်း ကုံလုံကြွယ်ဝမှုကို ခုံမင်သော လောဘတို့နှင့် အတ္တစွဲ ကြီးမားလှသော ရူဘီ ဂရန့်၏ အတွင်းသရုပ်တို့ကြောင့် ဂျွန်နီသည် မယုံကြည်နိုင်လောက်အောင်ပင် တအံ့တသြ ဖြစ်ရတော့သည်။

တဖြည်းဖြည်းနှင့် ကြီးထွား ရင့်သန်လာသော ထိုအသိကို ဂျွန်နီသည် လပေါင်းများစွာ ကြာအောင် ငြင်းဆန် နေခဲ့မိသော်လည်း နောက်ဆုံးတွင် သူသည် အတ္တစိတ် များလွန်းလှသော လေးနက်မှု အလျှင်း မရှိသည့် အမျိုးသမီးတစ်ယောက်ကို လက်ထပ်မိပြီ ဖြစ်ကြောင်း လက်ခံ လိုက်ရတော့သည်။

ဂျွန်နီသည် ရူဘီ ဂရန့်ထံမှ ရှောင်ခွာ လာခဲ့ပြီးနောက် ကုမ္ပဏီ၏ အလုပ်ထဲတွင်သာ စိတ်ရော ကိုယ်ပါ မြှုပ်နှံထားလိုက်တော့သည်။

ထိုအခြေအနေမှာ အဘိုးကြီး၏ ဖန်တီးမှုကြောင့် ထိုစဉ်က ဖြစ်ပေါ်လာခဲ့ရသော အနှစ်သာရ ကင်းမဲ့သည့် သူ့ဘဝပင်တည်း။

ထိုကိစ္စမှာ လူလား မမြောက်သေးသော ချာတိတ်ကလေး တစ်ယောက်၏

mgyoe.com

mgyoe.com SAMPLE BOOK

အပြစ်ကင်းစင်သော လုပ်ရပ်အား စနစ်တကျ တွက်ချက်ပြီး ရက်ရက်စက်စက် တုံ့ပြန်လိုက်သော လုပ်ရပ် ဖြစ်သည်ဟု သူ့ဦးနှောက်ထဲတွင် ပထမဆုံး အကြိမ် အဖြစ် တွေးမိတော့သည်။

ထို့နောက် သူသည် ကုလားထိုင်ပေါ်တွင် အိပ်ပျော်သွားတော့သလို လက်ထဲက ဖန်ခွက်သည်လည်း လွတ်ကျသွားတော့သည်။

ဂျက်ကိုဘတ်စ် အက်ဆက် ဗန်ဒါဗီလ်သည် ဓာတ်မှန် ကြည့်သော ကိရိယာ ရှေ့ရှိ သားရေဖုံး ကုလားထိုင် တစ်လုံးတွင် ထိုင်နေသည်။ ကျောက်သားပမာ ခိုင်မာလှသော သူ၏ ရုပ်ဆင်း အင်္ဂါကို ကြောက်စိတ်က ဖြိုခွင်း ဖျက်ဆီး ပစ်လိုက်သောကြောင့် အသားအရေများ အက်ကွဲပြီး အိတွဲကျလာကြသည်ကို မသိမသာ မြင်နေရသည်။

သူ့ မျက်လုံးထဲတွင်လည်း ကြောက်စိတ် ဝင်နေသည်ကို မြင်တွေ့ နေရသည်။ ကြောက်စိတ်ကြောင့် အကြောအခြင်များ ထုံကျဉ်နေသော အဘိုးကြီးသည် ဓာတ်မှန်ပေါ်က တိမ်တိုက်များပမာ မှုန်မှိုင်းနေသော ပုံရိပ်များကို ကြည့်နေသည်။

စပါယ်ရှယ်လစ် သမားတော်ကြီးက သူ၏ ဆေးကျောင်းသား တပည့်တပန်းများကို သင်တန်းပေးနေသည့် အလား ခံစားမှု အလျှင်း မပါဘဲ ပြောနေသည်။

'ဒီနေရာမှာ ရှိတဲ့ သိုင်းမတ်ကို ဖုံးအုပ်ပြီး လေပြွန်ကိုတောင် ကျော်လွန်နေပြီ'

ဆရာဝန်၏ ရွှေရောင် ခဲတံ ထိပ်ဖျားသည် မှုန်ဝါးဝါး ကောက်ကြောင်း အရိပ်ကို လိုက်ထောက်ပြလိုက်သည်။ အဘိုးကြီးသည် တံတွေးကို ခက်ခက်ခဲခဲ မျိုချလိုက်ရ၏။ သူ နားထောင်နေစဉ်မှာပင် လည်ချောင်းထဲ၌ ပွထလာပုံရသလို သူ့ လေသံသည် ကွဲအက်နေပြီး သူ့ နားထဲတွင် သဲသဲကွဲကွဲ ပြန်၍ မကြားရတော့ချေ။

'မင်းက ခွဲစိတ်မှာလား'

အဘိုးကြီးက မေးလိုက်သဖြင့် ရှင်းလင်း ပြောပြနေသော စပါယ်ရှယ်လစ် ဆရာဝန်သည် သူ့စကားကို ရပ်တန့်ပစ်လိုက်သည်။ သူက စားပွဲ၏ ဟိုဘက်တွင် ထိုင်နေသော ခွဲစိတ် ကုသမှု ဆရာဝန်အား ဖြတ်ခနဲ လှမ်းကြည့်လိုက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့၏ အကြည့်မှာ ဒုစရိုက်မှု တစ်ခုကို ပူးပေါင်း ကြံစည်သူများ၏ အကြည့်မျိုး ဖြစ်နေသည်။

အဘိုးကြီးသည် ဆုံလည် ကုလားထိုင်ကို လှည့်လိုက်ပြီးနောက် ခွဲစိတ်ကု ဆရာဝန်နှင့် မျက်နှာချင်း ဆိုင်လိုက်၏။

'ဘယ်လိုလဲ'

အဘိုးကြီးက ခပ်မာမာ မေးလိုက်သည်။

'ခွဲလို့ မဖြစ်ဘူး'

ခွဲစိတ်ကု ဆရာဝန်က တောင်းပန်သော ပုံစံနှင့် ခေါင်းခါလိုက်၏။

'အဲဒီလို ခွဲဖို့က သိပ်ကို နောက်ကျနေပြီ၊ တကယ်လို့ ခင်ဗျား အတွက်'

'ဘယ်လောက် ကြာအောင် နေရဦးမှာလဲ'

အဘိုးကြီးက သူ့စကားကို ဖြတ်မေးလိုက်သည်။

'ခြောက်လ၊ မပိုနိုင်ဘူး'

'မင်း ဥစ္စာက သေချာရဲ့လား'

'ဟုတ်ကဲ့'

အဘိုးကြီး၏ မေးစေ့သည် ရင်ဘတ်ပေါ်သို့ ရောက်ရှိသွားပြီး မျက်လုံးကို မှိတ်ထားလိုက်၏။ အခန်းထဲတွင် ရာခိုင်နှုန်းပြည့် တိတ်ဆိတ်သွားသည်။ အဘိုးကြီးက သေခြင်းတရားအား လက်ခံလိုက်သည့် ပုံစံကို သူတို့က စိတ်ဝင်စားစွာ၊ ကရုဏာသက်စွာနှင့် စောင့်ကြည့်နေကြသည်။

နောက်ဆုံးတွင် အဘိုးကြီးသည် မျက်စိကို ဖွင့်လိုက်ပြီးနောက် ဖြည်းညင်းစွာ မတ်တတ် ရပ်လိုက်၏။

အဘိုးကြီးက ပြုံးရန် ကြိုးစားလိုက်သည်။ သို့ရာတွင် သူ့နှုတ်ခမ်းကို ကွေး မရတော့ချေ။

'ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်၊ ကဲ ကျုပ်ကို သွားခွင့်ပြုပါတော့၊ အခု ဆိုရင် အစီအစဉ်တွေ လုပ်စရာတွေ သိပ်များနေပြီ'

သူသည် အဝင်ဝတွင် ရပ်တန့်ထားသော ရိုးစ်ရွိုက်စ် မော်တော်ကားဆီသို့ ဆင်းသွားတော့သည်။ အဘိုးကြီးသည် ခြေထောက်ကို ရှပ်တိုက်ရင်း ခပ်ဖြည်းဖြည်း လျှောက်လာရာ ယာဉ်မောင်းက ကူညီရန် အပြေးအလွှား ရောက်လာခဲ့သည်။

သို့ရာတွင် အဘိုးကြီးက ယာဉ်မောင်း၏ လက်များကို ဖယ်ရှားပစ်လိုက်ပြီး မော်တော်ကား၏ နောက်ဘက် ထိုင်ခုံပေါ်သို့ ထိုင်ချလိုက်တော့သည်။


mgyoe.com

mgyoe.com
SAMPLE BOOK

မိုက်ကယ် ရှာပီရိုသည် အိမ်ကြီးရှိ စာဖတ်ခန်းထဲမှ နေ၍ အဘိုးကြီးအား စောင့်နေသည်။

အဘိုးကြီး၏ ပြောင်းလဲသွားမှုကို မိုက်ကယ် ရှာပီရိုက တွေ့မြင်လိုက်သောကြောင့် ထိုင်နေသော ကုလားထိုင်ပေါ်မှ ခုန်ထလိုက်၏။

တံခါးပေါက်ဝတွင် မတ်တတ် ရပ်နေသော အဘိုးကြီး၏ ခန္ဓာကိုယ်သည် ကျုံ့သွားသလို ထင်ရသည်။ အဘိုးကြီးက ပြောလိုက်၏။

'ခြောက်လတဲ့၊ သူတို့က ငါ့ကို ခြောက်လပဲ နေရတော့မယ်လို့ ပြောလိုက်တယ်'

အဘိုးကြီးသည် သူ့စားပွဲသို့ သွားပြီးနောက် စားပွဲနောက်ရှိ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

'ငါ့ဆီက ပိုက်ဆံတွေကို အများကြီး ယူပြီးမှ ပြောကြတာလေ'

သူက မရဏ တရားကို ငွေနှင့် ဝယ်၍ ရနိုင်သလိုလို ဆရာဝန်များက သူ့အား ညာလွှတ်လိုက်ကြသလိုလို ပုံစံမျိုးနှင့် ပြောလိုက်ခြင်း ဖြစ်သည်။ အဘိုးကြီးက မျက်စိကို မှိတ်ထားလိုက်ပြီးနောက် ပြန်ဖွင့်လိုက်သည့် အခါတွင် ကောက်ကျစ် စဉ်းလဲမှု၏ အရိပ်အယောင်ကို မြင်လိုက်ရတော့သည်။

'သူ ဘယ်မှာလဲ၊ သူ ပြန်ရောက်ပြီလား'

'ဟုတ်ကဲ့၊ ဒီကနေ့ မနက် ကိုးနာရီမှာ လေယာဉ်ပျံ ဆိုက်ပါပြီ၊ သူ အခု ရုံးခန်းမှာ ရှိနေပါပြီ'

မိုက်ကယ် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားသည်။ အဘိုးကြီးအား ဟန်ဆောင်မှု မျက်နှာဖုံး မပါဘဲနှင့် ပထမဦးဆုံး အကြိမ် မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

'ပြီးတော့ ဟိုကလေးမရော'

ထရေစီ သူမ ခင်ပွန်းနှင့် ကွာရှင်းပြီးချိန်မှ စ၍ အဘိုးကြီးသည် ထရေစီအား သမီးဟု မခေါ်တော့ချေ။

'ဂျွန်နီက သူ့ကို ပုဂ္ဂလိက ဆေးခန်း တစ်ခုမှာ ပို့ထားလိုက်ပါပြီ'

'တန်ဖိုး မရှိတဲ့ အပျက်မ'

အဘိုးကြီးက ခပ်တိုးတိုးကလေး ပြောလိုက်ရာ မိုက်ကယ်သည် ကန့်ကွက် စကား မဆိုမိခင် ကပျာကယာ ပြန်ထိန်းလိုက်ရတော့သည်။

'မင်း စာရေးစက္ကူကုတ်ကို ယူစမ်း၊ မင်း စာ လိုက်ရေးရလိမ့်မယ်'

အဘိုးကြီးက အသံ အက်ကွဲကွဲနှင့် ရယ်လိုက်၏။


mgyoe.com

mgyoe.com SAMPLE BOOK

'ကြည့်ကြသေးတာပေါ့'

သူက ခြိမ်းခြောက်သော လေသံမျိုးနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

'ကြည့်ကြသေးတာပေါ့'

ဌါန်နီ၏ ဆရာဝန်သည် ကိပ်တောင်း လေဆိပ်မှ အသင့် စောင့်နေသည်။

'သူ့ကို ခေါ်သွားတော့ ရော်ဘင်၊ အညစ်အကြေးတွေကို စစ်ထုတ်ပြီး ဝဝဖြိုးဖြိုး ပြန်ဖြစ်လာအောင် လုပ်ပေးပါ၊ မူးယစ်ဆေးဝါးတွေက သူ့လည်ပင်း အထိ ရောက်နေပြီ၊ သူ အစား မစားတာ တစ်လလောက်တောင် ရှိလိမ့်မယ် ထင်တယ်'

ထရေစီသည် ပထမဦးဆုံး အကြိမ် အာခံသည့် သဘောကို စပြတော့ သည်။

'ရှင်က ဘယ်နေရာကို'

ဌါန်နီက ထရေစီ၏ မေးခွန်းကို ကြိုတင်၍ မျှော်လင့်ထားခဲ့ပြီး ဖြစ်သည်။

'ဘယ်လောက်ပဲကြာကြာ လိုအပ်တဲ့ အချိန် အထိ ပုဂ္ဂလိက ဆေးခန်း တစ်ခုကို ပို့ထားမယ်လေ'

'ကျွန်မ မလုပ်'

'အံမယ်၊ မင်း သိပ်ကို လုပ်ရမှာပေါ့'

ဌါန်နီက လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်တွင် ဒေါက်တာ ရော်ဘင် က ကျန်လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။ သူတို့က ထရေစီအား ဆွဲခေါ် သွားကြသည်။ မော်တော်ကား ရပ်ထားသော နေရာသို့ ရောက်သည် အထိ ထရေစီက ကန့်ကွက်နေဆဲပင်။

'ကျေးဇူးတင်ပါတယ် ရော်ဘင်၊ ဒီကလေးမကို ကောင်းကောင်း ကုသ ပေးပါ'

'ကျုပ်က သူ့ကို လူသစ် တစ်ယောက်လို အသစ်ကျပ်ချွတ် ဖြစ်အောင် လုပ်ပြီး ခင်ဗျားဆီ ပြန်ပို့ပေးပါ့မယ်'

ရော်ဘင်က ကတိပေးပြီး မော်တော်ကားကို မောင်းထွက်သွားတော့သည်။ ဌါန်နီသည် သူ့အိမ်သို့ ပြန်ရောက်လာသော အခမ်းအနား အဖြစ် လေးထောင့် ကျကျ ကြီးမားလှသော တောင်ကြီး၏ ကောက်ကြောင်း အရိပ်ကို အတန်ငယ် ကြာအောင် စိုက်ကြည့်နေလိုက်သည်။ ထို့နောက် သူသည် မာစီဒီး ကားကို


mgyoe.com

mgyoe.com SAMPLE BOOK
လေဆိပ် ကားဂိုဒေါင်မှ ထုတ်ယူလိုက်ပြီးနောက် အိမ် သို့မဟုတ် ရုံး မည်သည့် နေရာသို့ သွားရမည်ကို မရွေးတတ်သောကြောင့် တွန့်ဆုတ်နေမိသည်။

သူသည် ရှုဘီ၏ မေးခွန်း ထုတ်မှုကို မခံလိုသေးသောကြောင့် ရုံးသို့ သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ရုံးရှိ သူ၏ သီးသန့် ရေချိုးခန်းထဲတွင် ရှပ်အင်္ကျီ အသစ် တစ်ထည်နှင့် မုတ်ဆိတ်မွေး ရိတ်သော ပစ္စည်းများကို အဆင်သင့် ထားလေ့ ရှိသည်။

ဗန်ဒါဗီလ် ရုံးချုပ်၏ ဧည့်ကြိုခန်းဆီသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အမျိုးသမီး ဝန်ထမ်းများက သူ့ထံသို့ ဝိုင်းအုံ လာကြတော့သည်။

အင်မတန် လှပသော ဧည့်ကြို စာရေးမကလေး နှစ်ဦးက ဝမ်းသာအားရနှင့် သံပြိုင် ပြောလိုက်ကြ၏။

'မစ္စတာ လန့်စ်၊ ရှင့်ကို ပြောပေးပါ ဆိုတဲ့ စကားတွေ အများကြီး ရှိ ...'

'မစ္စတာ လန့်စ်၊ ရှင်ဇနီးက'

ပျွန်နီ လန့်စ်သည် သူ့ရုံးခန်း တံခါးနှင့် ဆယ်ပေခန့် အလိုသို့ အရောက်တွင် အဘိုးကြီး၏ အတွင်းရေးမှူးသည် မှန် ကန့်လန့်ကာ နောက်မှ ဖြုန်းခနဲ ထွက်လာပြီး ချုံခို တိုက်ပွဲ ဆင်နွှဲတော့သည်။

'မစ္စတာ လန့်စ်၊ ရှင်က ဘယ်ကို ပျောက်သွားနေတာလဲ၊ မစ္စတာ ဗန်ဒါဗီလ်က တစ်မေးတည်း မေးနေတယ်'

ဤတွင် ပျွန်နီ၏ အတွင်းရေးမှူး လက်တီ ပီယင်းနားကလည်း ဝင်ပြောလိုက်၏။

'မစ္စတာ လန့်စ်၊ ရှင် ပြန်ရောက်လာလို့ တော်ပါသေးရဲ့ရှင်'

သူက ရပ်တန့်လိုက်ပြီး လက်မြှောက်ပါပြီ ဆိုသော သဘောနှင့် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ပြလိုက်၏။

'တစ်ကြိမ်မှာ တစ်ယောက်ပဲ ပြောကြပါ အမျိုးသမီးတို့ရာ၊ အားလုံးနှင့် စကားပြောဖို့ အချိန် လုံလုံလောက်လောက် ရှိပါတယ်၊ စိတ် မချောက်ချားကြပါနှင့်လေ'

ဤတွင် ဧည့်ကြို စာရေးမကလေး နှစ်ယောက်သည် တစ်ကိုယ်လုံး တုန်အောင် ခါယမ်း၍ တခစ်ခစ် ရယ်လိုက်ကြသလို အဘိုးကြီး၏ အတွင်းရေးမှူးကလည်း စိတ်ပျက်လက်ပျက်နှင့် မှန်ကန့်လန့်ကာ နောက်သို့ ပြန်ဝင်သွားတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

'အရေး အကြီးဆုံးက ဘာလဲ လက်တီ'

ပွန်နီသည် ပြောပြောဆိုဆိုနှင့် သူ့စားပွဲဆီသို့ လျှောက်သွားပြီး ဝင်စာများကို လှန်လှောကြည့်ရင်း ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ ထို့နောက် လည်စည်းနှင့် ရှပ်အင်္ကျီတို့ကို ဖြုတ်ရင်း ရေချိုးခန်းဆီသို့ သွားတော့သည်။

ပွန်နီက ကမန်းကတန်း မုတ်ဆိတ်မွေး ရိတ်ပြီး ရေချိုးနေစဉ် သူနှင့် လက်တီတို့သည် ဖွင့်ထားသော ရေချိုးခန်း တံခါးမှ တစ်ဆင့် တစ်ယောက်နှင့် တစ်ယောက် အော်ပြောနေကြသည်။ လက်တီက ကုမ္ပဏီ ကိစ္စနှင့် အိမ်တွင်းရေး ကိစ္စများကို ပွန်နီ သိအောင် ပြောပြနေသည်။

'မစ္စစ် လန့်စ်က မှန်မှန် တယ်လီဖုန်း ဆက်တယ်၊ ရှင် ကားထရစ်ချ် ပင်လယ်အော်မှာ ရှိနေတယ်လို့ သူ့ကို ကျွန်မက ပြောလိုက်တဲ့ အတွက် ကျွန်မကို အလိမ် အညာမလို့ ပြန်ပြောနေတယ်'

စကား မပြောဘဲ ငြိမ်ကျသွားပြီးနောက် ပွန်နီ ရေချိုးခန်းထဲက ထွက်လာသော အခါမှ လက်တီက မေးလိုက်ပြန်သည်။

'ဒါနှင့် စကားမစပ် ရှင်က ဘယ်ရောက်နေခဲ့တာလဲ'

'မင်းကပါ အဲဒီလို စမပြောနှင့်ကွာ'

ပွန်နီသည် စားပွဲ နံဘေးတွင် ရပ်လိုက်ပြီးနောက် များပြားလှသော စာရွက်ထပ်ကြီးကို လှန်လှောကြည့်လိုက်သည်။

'ကိုယ့်မိန်းမဆီကို တယ်လီဖုန်း ဆက်ပေးစမ်း၊ နေဦးဟေ့၊ ခဏ နေဦး၊ ကိုယ် အိမ်ကို ည ခုနစ်နာရီကျရင် ပြန်ရောက်မယ်လို့ သူ့ကို ပြောလိုက်'

ပွန်နီ သူမအား သတိ မေ့သွားပြီ ဖြစ်ကြောင်း လက်တီက နားလည်လိုက်သဖြင့် အပြင်သို့ ပြန်ထွက်သွားတော့သည်။ သူက သူ့စားပွဲ နောက်တွင် နေသားတကျ ထိုင်ချလိုက်၏။

ဗန်ဒါဗီလ် စိန်ကုမ္ပဏီသည် အတိ ဒုက္ခ ရောက်နေသော ကုမ္ပဏီ ဖြစ်သည်။ ပွန်နီက ကန့်ကွက်နေသည့် ကြားထဲကပင် အဘိုးကြီးသည် စိန်ကုမ္ပဏီမှ အရန်ငွေများကို ထုတ်နုတ်၍ အိမ်မြေ ရောင်းဝယ်ရေး ကုမ္ပဏီ၊ အထည်အလိပ် စက်ရုံ၊ ဗန်ဒါဗီလ် ငါးဖမ်း လုပ်ငန်း၊ အော်ရိန့်ဂျ် မြစ်ပေါ်ရှိ မဟာ ဆည်မြောင်း စီမံကိန်း စသော အခြား လုပ်ငန်းများထဲသို့ ထည့်သွင်းလျက် ရှိရာ ယခုဆိုလျှင် စိန် ကုမ္ပဏီ၌ ငွေ မရှိတော့သလောက် ဖြစ်နေလေပြီ။

ပင်လယ် ကမ်းခြေတွင် စိန် တူးဖော်ခွင့် ရထားသော လုပ်ငန်းမှာ အထူးတလည် အောင်မြင်မှု ရရှိခဲ့သော်လည်း ယခုအချိန်တွင် လက်လွတ်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ရပြီ ဖြစ်သည်။ သူတို့သည် ထိုလုပ်ငန်းမှ အရင်း ပေါ်အောင် လုပ်ကိုင်နိုင်စ ပြုသည့် အချိန်တွင် အဘိုးကြီးသည် လတ်တလော အမြတ် ရရှိရေးအတွက် ထိုတူးဖော်ခွင့်ကို 'ကုမ္ပဏီကြီး' သို့ လက်လွှဲ ရောင်းချခဲ့သည်။

သို့သော် ထိုအမြတ်ငွေသည် ဌျန်နီ့ လက်ထဲတွင် တာရှည် မခံဘဲ လျင်မြန်စွာ လက်လွှတ် လိုက်ရပြန်၏။

သူ့လက်ထဲတွင် အကျိုး ဖြစ်ထွန်းမည့် လုပ်ငန်း တစ်ခုသာ ကျန်တော့သည်။ သို့သော် ယခု အချိန်တွင် ထိုလုပ်ငန်းမှ အကျိုး ကျေးဇူး မခံစားရသေးချေ။

ကမ်းလွန် စိန်တွင်း နှစ်ခုကို တူးဖော်ရန် ကြိုးစားရင်း လုပ်ငန်း ပျက်စီးသွားခဲ့သော ကုမ္ပဏီ တစ်ခုထံမှ ကမ်းလွန် စိန်တွင်း နှစ်ခုကို ဌျန်နီသည် လွန်ခဲ့သော ဆယ့်ရှစ်လက ဝယ်ယူခဲ့သည်။ ထိုကုမ္ပဏီသည် လုပ်ငန်း မကျွမ်းကျင်မှုကြောင့် ပျက်စီးသွားခဲ့ရခြင်း ဖြစ်သည်။

ပင်လယ် သမုဒ္ဒရာထဲမှ စိန်ကို တူးဖော်ရခြင်းသည် ခြောက်သွေ့သော ဟာလာဟင်းလင်း ကုန်းမြေပေါ်တွင် တူးဖော်ရသည်ထက် ရှစ်ဆခန့် ပို၍ အကုန်အကျ များသည်။

စိန် တူးဖော်နည်းမှာ စကယ်လ်တန် ကမ်းခြေရှိ မသေချာ မရေရာသော ပင်လယ် အောက်ခြေမှ ကျောက်ခဲများကို ကျုံးယူပြီး တွဲသမ္ဗန်ကြီးများထဲသို့ ထည့်သွင်းရသည်။ ထို့နောက် ထိုသမ္ဗန်ကြီးများကို ကမ်းခြေသို့ ယူဆောင်သွားပြီး ကျောက်ခဲများကို သယ်ချရသည်။ ထို့နောက်တွင်မှ စိန် ရှာသော လုပ်ငန်းကို စတင်၍ ဆောင်ရွက်ရတော့သည်။ ထိုနည်းမှာ ပျက်စီးသွားသော ကုမ္ပဏီက ကြိုးစား ဆောင်ရွက်ခဲ့သော နည်းပင် ဖြစ်သည်။

ဌျန်နီသည် စိတ်ကူး ရလာသောကြောင့် စိန် ရှာဖွေရေး လုပ်ငန်းစဉ် အဆင့်ဆင့်ကို အပြီးတိုင် လုပ်ကိုင် ဆောင်ရွက်နိုင်မည့် သင်္ဘော တစ်စင်းကို တည်ဆောက် ပေးရန် မှာကြား အပ်နှံခဲ့သည်။

ထိုသင်္ဘောသည် စိန် တူးမည့် နေရာ ဖြစ်သော ပင်လယ်ထဲ၌ ကျောက်ချ၍ နေနိုင်စွမ်း ရှိမည် ဖြစ်ပြီး ကျောက်ခဲများကို သင်္ဘောပေါ်သို့ စုပ်ယူ၍ စိန် ရှာဖွေသော လုပ်ငန်းကို လုပ်ကိုင်မည် ဖြစ်သည်။ ထို့နောက် အသုံး မဝင်သော ကျောက်ခဲများကို ပင်လယ်ထဲသို့ လျင်မြန်စွာ ပြန်၍ အန်ချပစ်မည် ဖြစ်သည်။ ထိုသင်္ဘော၏ ဝမ်းဗိုက်ထဲတွင် အလွန် ခေတ်မီသော စိန် ရှာဖွေရေး စက်ကို ထည့်သွင်း တည်ဆောက်ထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစက်သည် ကွန်ပျူတာ အကူအညီဖြင့် စိန်ကို အလိုအလျောက် ရှာဖွေပေးမည် ဖြစ်သည်။ ထိုသင်္ဘော အတွက် သင်္ဘောသား ဦးရေ အနည်းငယ်မျှသာ လိုအပ်မည် ဖြစ်ပြီး ထိုသင်္ဘောသည် အလွန် ပြင်းထန်သော မုန်တိုင်းကျချိန်က လွဲလျှင် ရာသီဥတု မရွေး အလုပ် လုပ်နိုင်မည် ဖြစ်သည်။

ပို့စ်မောက် သင်္ဘောကျင်းတွင် ဒေါက်တင်ထားသော ကင်း ဖစ်ရှာ စိန်ရှာဖွေရေး သင်္ဘောသည် ပြီးစီးလုနီးနီး ဖြစ်နေလေပြီ။ ထိုသင်္ဘောကို ဩဂုတ်လဆန်းတွင် စတင် စမ်းသပ်ရန် စီစဉ်ထားသည်။

ထိုသင်္ဘော တည်ဆောက်နိုင်ရေး အတွက် ငွေ ရှာရသည့် ကိစ္စမှာ ဂျွန်နီ့အဖို့ အိပ်မက်ဆိုးကြီး ပမာ စိတ်ချောက်ချားခဲ့ရသည်။ အဘိုးကြီးက ထိုလုပ်ငန်းတွင် ကိုးလိုးကန့်လန့်နှင့် ဝင်၍ မတားမြစ်ခဲ့သည့်တိုင်အောင် အကူအညီလည်း မပေးခဲ့ပါ။ အဘိုးကြီးသည် ထိုကိစ္စကို သရော်သော အပြုံးကလေးမပါဘဲနှင့် ဆွေးနွေးခဲ့ဖူးခြင်းမျိုးလည်း မရှိခဲ့ပါ။

ထိုလုပ်ငန်းတွင် ဗန်ဒါဗီလ် စိန်ကုမ္ပဏီမှ ငွေကို မည်ရွေ့ မည်မျှသာ သုံးစွဲရမည်ဟု အဘိုးကြီးက ကျပ်တည်းစွာ ပိတ်ပင် ကန့်သတ် ထားခဲ့သောကြောင့် ဂျွန်နီသည် ငွေနှစ်သန်း ရအောင် ပြင်ပတွင် လိုက်လံ ရှာဖွေခဲ့ရသည်။

ဂျွန်နီက ထိုငွေကို ချေးငှား၍ ရရှိသည့်အခါ အဘိုးကြီးက နောက်တစ်ကြိမ် ထပ်၍ ပြုံးပြန်၏။

ကင်း ဖစ်ရှာသည် လွန်ခဲ့သည့် သုံးလလောက်ကပင် စိန်တူးရမည့် ကမ်းလွန် ဒေသ၌ ကျောက်ချ၍ စိန်များကို စုပ်ယူသင့်ခဲ့သည်။ ဂျွန်နီ၏ ငွေသားစီမံချက် တစ်ခုလုံးသည် ကင်းဖစ်ရှာ အချိန်မီ ပြီးစီးရေးတွင် မူတည်နေသည်။ သို့ရာတွင် ကင်းဖစ်ရှာသည် သတ်မှတ်ထားချိန်ထက် ခြောက်လ နောက်ကျနေပြီ ဖြစ်ရာ ဂျွန်နီ၏ ငွေသား စီမံချက်သည် အောက်ခြေမှ စတင်၍ ယိုင်နဲ့စပြုလာလေပြီ။

ဂျွန်နီသည် သူ့ စားပွဲတွင် ထိုင်၍ ကင်းဖစ်ရှာအား အလုပ် ဖြစ်အောင် မဆောင်ရွက်နိုင်မီ အတောအတွင်း သူ၏ ငွေကြေး စီမံချက် ပြိုကွဲ ယိုင်လဲမသွားအောင် မည်ကဲ့သို့ ကျားကန် ပေးရမည်ကို တွက်ချက်နေသည်။ သူ့အား ချေးငှားထားသော ငွေရှင် ကြေးရှင်များကလည်း တပူပူ တဆူဆူနှင့် ဖြစ်နေကြလေပြီ။ ဂျွန်နီသည် သူ၏ အကြွေးရှင်များအား နှစ်သိမ့်ထားရန် သူ၏ စိတ်အား ထက်သန်မှုနှင့် ယခင်က ကတိ မပျက်ခဲ့ဖူးသော သူ၏ ဂုဏ်သိက္ခာတို့ကိုသာ ပြစရာ ရှိတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ယခု သူက ပေးဆပ်ရမည့် အတိုးငွေများကို နောက်ထပ် သုံးလ ဆိုင်းငံ့ပေးပါရန် မေတ္တာ ရပ်ခံရတော့မည်။ သူက တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

'ကိုယ့်ကို ငွေကြေး ငွေချေးဌာန ဘဏ်က မစ္စတာ လာဆင်နှင့် ဆက်သွယ် ပေးစမ်း'

သူက ကုတ်အင်္ကျီ အိတ်ထဲတွင် ရှိသော လက်တစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း စကား ပြောရမည့် အချိန်ကို အားတင်းပြီး စောင့်နေလိုက်သည်။

ညနေ ငါးနာရီတွင် သူသည် စားပွဲမှ ထလိုက်ပြီးနောက် ဗီရိုဆီသို့ လျှောက်သွားသည်။ ဝီစကီ လက်သုံးလုံးခန့်ကို လောင်းထည့် လိုက်ပြီးနောက် ဆုံလည် ကုလားထိုင်ဆီသို့ ပြန်သွားပြီး ထိုင်ချလိုက်၏။ နောက်ထပ် အသက်ရှူပေါက် ရရှိသွားသည့် အတွက် သူ ဝမ်းမသာမိပါ။ သူ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေသည်။

တယ်လီဖုန်း အညွှန်း စာအုပ်ထဲတွင် နံပါတ်ကို ဖော်ပြ မထားသော သူ့တယ်လီဖုန်းက မြည်လာသောကြောင့် သူက စကားပြောခွက်ကို ကောက်ကိုင်ပြီး ပြောလိုက်သည်။

'လန့်စ်'

'လန်ဒန်မှာ ဘယ်လိုလဲ ဟော့'

ဂျွန်နီသည် အသံပိုင်ရှင်ကို ချက်ချင်း မှတ်မိလိုက်သည်။ ထိုခရီးစဉ်ကို အဘိုးကြီး သိနေသည့် အတွက် သူ မအံ့ဩမိပါ။ သူက အဖြေ မပေးနိုင်ခင် အက်ကွဲကွဲ အသံက ဆက်ပေါ်လာပြန်၏။

'အိမ်ကို အခု လာခဲ့'

ထို့နောက် တစ်ဖက်မှ စကားပြောခွက်ကို ပြန်ချသွားသည်။

ဂျွန်နီသည် သူ့လက်ထဲတွင် ရှိနေသော ဝီစကီကို ဝမ်းနည်းပန်းနည်းနှင့် ကြည့်လိုက်ပြီးနောက် မသောက်ဘဲ ပြန်ချထားလိုက်၏။ အဘိုးကြီးသည် အရက်နံ့ ရရှိသွားမည်သာ ဖြစ်ပြီး လှောင်ပြုံးကလေး ပြုံးပေလိမ့်မည်။

တောင်ကြီးပေါ်၌ တိမ်တိုက်များသည် လေတိုက်သလို လျင်မြန်စွာ ရွေ့လျားနေသည့် အပြင် ဝင်လုဆဲဆဲ နေမင်းကြီးကြောင့် တိမ်တိုက်များ၏ အရောင်

mgyoe.com

mgyoe.com SAMPLE BOOK

အဆင်းသည် လိမ္မော်ရောင်နှင့် ပန်းနုရောင်များ ဖြစ်နေကြသည်။ ထိုတိမ်တိုက်များသည် အောက်ဘက်ရှိ တောင်ကြားထဲသို့ ကျဆင်းသွားသောအခါ အစိတ်စိတ် အမြွှာမြွှာ ကွဲပြန့် သွားကြသည်ကို အဘိုးကြီးက ပြတင်းပေါက်မှ ရပ်ကြည့်နေသည်။

ဂျွန်နီ ဧည့်ခန်းထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် အဘိုးကြီးသည် ပြတင်းပေါက်ဆီမှ ပြန်လှည့်လိုက်၏။ ချက်ချင်း ဆိုသလိုပင် သူ မရှိခိုက်၌ ကြီးကျယ်သော ကိစ္စကြီး တစ်ခုခု ဖြစ်ပွားခဲ့ကြောင်း ဂျွန်နီ ရိပ်မိလိုက်သည်။

ဂျွန်နီက သဲလွန်စ ရှာသည့် အနေနှင့် မိုက်ကယ် ရာပီရို့ထံ လှမ်းကြည့်လိုက်သည်။ သို့ရာတွင် အဖြူရောင် သန်းနေသော မိုက်ကယ် ရာပီရို၏ ဦးခေါင်းသည် ပေါင်ပေါ်တွင် တင်ထားသော စာရွက်များဆီသို့သာ ငုံ့ကြည့်နေသည်။

'မင်္ဂလာ ညနေခင်းပါ'

ဂျွန်နီက အဘိုးကြီးအား နှုတ်ဆက်လိုက်၏။

'အဲဒီမှာ ထိုင်'

အဘိုးကြီးသည် သူ့ စားပွဲ ရှေ့တွင် ရှိသော စပိန် ပုံစံ သားရေ ကုလားထိုင်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

'အဲဒါကို ဖတ်စမ်း'

အဘိုးကြီးက ဂျွန်နီ၏ မျက်နှာအား စေ့စေ့ကြည့်ရင်း ထိုင်နေသည်။ ထိုအကြည့်မှာ ဖြောင့်ကျလွန်းပြီး တရင်းတနှီး ကြည့်ရှုသော အကြည့်မျိုးပင် ဖြစ်သော်လည်း ထိုကဲ့သို့ အကြည့် ခံရမှုကြောင့် ဂျွန်နီသည် စိတ် မသက်မသာ မဖြစ်မိချေ။

အဘိုးကြီး၏ မျက်လုံးများက သူ့အား ထွေးပိုက် ယုယ နေသလိုလိုပင် တည်း။

မိုက်ကယ် ရာပီရိုက ဥပဒေနှင့် ညီအောင် ရေးသားထားသဖြင့် ရှုပ်ထွေးပွေလီနေသော ဝါကျများ၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် လိမ္မာ ပါးနပ်စွာ ဖတ်ပြသည်။ ထိုစာတမ်းမှာ အဘိုးကြီး၏ နောက်ဆုံး သေတမ်းစာ ဖြစ်ပြီး ထိုစာတမ်း ပြီးဆုံးအောင် မိုက်ကယ် ရာပီရိုက မိနစ် နှစ်ဆယ်ကြာ ဖတ်ပြခဲ့ရသည်။ သူ ဖတ်၍ ပြီးစီးသောအခါ အခန်းထဲတွင် ငြိမ်ကျသွားပြီး နောက်ဆုံးတွင် တိတ်ဆိတ် ငြိမ်သက်မှုကို အဘိုးကြီးက ဖြို့ခွင်းလိုက်လေသည်။

'မင်း နားလည်သလား'

mgyoe.com

mgyoe.com
SAMPLE BOOK

အဘိုးကြီး လေသံတွင် ယခင်က သူ တစ်ခါမျှ မတွေ့ခဲ့ရဖူးသော ကြင်နာသည့် လေသံများ ပါဝင်နေသည်။ သူ၏ ခန္ဓာကိုယ်သည် ကျုံ့ဝင်သွားပုံ ရသည်။ အသားများသည် အရိုးပေါ်တွင် ခြောက်ကပ်နေကြပုံ ရပြီး အချိန် ကြာမြင့်စွာက သေနေသော ပင်လယ်ငှက် တစ်ကောင်အား နေလှန်းထား ခံရသလို ဖြစ်နေသည်။

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်'

ဂျွန်နီက ခေါင်းညိတ်လိုက်၏။

'ပိုပြီး ရှင်းသွားအောင် မင်းတို့ ရှေ့နေတွေရဲ့ ရှုပ်ရှုပ်ထွေးထွေး ကွေ့ကွေ့ကောက်ကောက် လေသံနှင့် မဟုတ်ဘဲ တို့ကို လွယ်လွယ်ကလေး ရှင်းပြစမ်းပါ'

အဘိုးကြီးက ဖွတ်ထပ်ပြောသောကြောင့် မိုက်ကယ် ရာပီရိုက စ၍ ပြောရတော့သည်။

'ဗန်ဒါဗီလ် စိန်ကုမ္ပဏီတွင် ထည့်ဝင်ထားသော အစု ရှယ်ယာများမှ အပ မစ္စတာ ဗန်ဒါဗီလ်၏ ပုဂ္ဂလိက ပိုင်ဆိုင်မှု အားလုံးကို အခွန်အခများနှင့် ကုန်ကျ စရိတ် အားလုံးကို နုတ်ပြီးသည့် နောက်ပိုင်းတွင် သူ၏ ကလေး နှစ်ယောက် အတွက် ဘဏ္ဍာတော်ထိန်း ရန်ပုံငွေ အဖြစ် ဖွင့်လှစ်ထားလိုက်သည်၊ ထရေစီ ...'

စိတ်မရှည်တော့သော အဘိုးကြီးက မိုက်ကယ် ရာပီရို၏ စကားများအား တစီစီ မြည်၍ ပျံသန်းနေသော ယင်ကောင်များပမာ ရိုက်ခတ်ပြီး နှင်ထုတ်ပစ်လိုက်သည်။

'အဲဒါကို ခိုင်းတာ မဟုတ်ဘူးကွ၊ ကုမ္ပဏီ အကြောင်း ပြော၊ သူ့ကို ကုမ္ပဏီမှာ ရှိတဲ့ ရှယ်ယာတွေ အကြောင်း ပြောပြ'

'စိန်ကုမ္ပဏီတွင် ထည့်ဝင်ထားသော မစ္စတာ ဗန်ဒါဗီလ်၏ အစုရှယ်ယာများကို မစ္စတာ ဗန်ဒါဗီလ်ရဲ့ ကလေး နှစ်ယောက်နှင့် ခင်ဗျားတို့ အကြားမှာ အညီအမျှ ခွဲဝေရပါမယ်၊ ထရေစီ ...'

ဤတွင် အဘိုးကြီးက ကြားဝင်၍ ဖြတ်ပြောလိုက်ပြန်၏။

'သူက သူတို့ နာမည်တွေကို သိပါတယ်ကွ၊ ချီးမှုပဲ'

သူတို့ နှစ်ယောက်စလုံး အဘိုးကြီး၏ ဆဲရေး တိုင်းထွာသံကို ပထမဦးဆုံး အကြိမ် အဖြစ် ကြားလိုက်ကြရခြင်း ဖြစ်သည်။ မိုက်ကယ်က ဂျွန်နီ၏ စာနာ ထောက်ထားမှုကို ရယူလိုဟန်နှင့် ဂျွန်နီအား သနားစရာ ကောင်းအောင် ပြုံးပြလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် ဌျန်နီသည် ရင်ထဲမှ ကြွတက်လာကြသော စိတ် ကျေနပ်ဖွယ် ကောင်းသည့် နက်နက်ရှိုင်းရှိုင်း စိတ် လှုပ်ရှားမှုကြောင့် အဘိုးကြီး၏ မျက်နှာအား စူးစူးစိုက်စိုက်နှင့် အကဲခတ်နေလိုက်သည်။

ဗန်ဒါဗီလ် စိန် ကုမ္ပဏီရှိ အစုရှယ်ယာများ၏ သုံးပုံ တစ်ပုံ ဆိုသော ပမာဏသည် သိပ် များပြားလှသော ပမာဏ မဟုတ်ပါ။ မများလှကြောင်း ဌျန်နီထက် မည်သူကမျှ ပိုမသိပါ။

သို့တိုင်အောင် ဌျန်နီ့အား ထရေစီ၊ ဘင်နီဒစ်တို့နှင့် အတူ စာရင်းထဲတွင် တစ်တွဲတည်း ဖော်ပြ ထားသောကြောင့် ဌျန်နီအား သူ၏ မိသားစုဝင် တစ်ဦး အဖြစ် လက်ခံကြောင်း ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်လာအောင် ဌျန်နီ အစဉ်တစိုက် ကြိုးပမ်းခဲ့ရသည်။ ယခု ကြေညာချက်သည် လူသိရှင်ကြား ကြေညာချက် ဖြစ်သည်။ တစ်ကမ္ဘာလုံးအား အသိ ပေးလိုက်ခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် ဌျန်နီ လန့်စ် အတွက် ဖခင် တစ်ယောက် ရရှိခဲ့လေပြီ။ သူ အဘိုးကြီးအား လှမ်း၍ ကိုင်ချင်စိတ်ပင် ဖြစ်ပေါ်လာသည်။ ဌျန်နီ၏ ရင်ဘတ်သည် စိတ်လှုပ်ရှားမှု ဝေဒနာကြောင့် ပြည့်ကျပ်နေသလို ဖောင်းကြွလာသလို ခံစားနေရသည်။ ဌျန်နီ၏ မျက်ခွံများ နောက်ဘက်တွင် တရှိန်ရှိန် ပူနွေးလာသည်။ ဌျန်နီက မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်၏။

'အခု ကိစ္စနှင့် ပတ်သက်ပြီး'

ဌျန်နီ၏ အသံမှာ ခြောက်ကပ်ပြီး အက်ကွဲနေသည်။ ဌျန်နီက ချောင်းတစ်ချက် ဆိုးလိုက်၏။

'ကျွန်တော်က ဘယ်လို ပြောရမယ်မှန်းတောင် မသိတော့ပါဘူး ခင်ဗျာ'

အဘိုးကြီးက စိတ်မရှည်စွာနှင့် သူ့စကားအား ဖြတ်ပစ်လိုက်သည်။ သူ့အား ငြိမ်ကျသွားအောင် လက်ဟန် ခြေဟန်နှင့် ပြလိုက်၏။

ထို့နောက် အဘိုးကြီးက မိုက်အား ခြောက်ကပ်ကပ် လေသံနှင့် ပြောလိုက်သည်။

'ကဲ သူ့ကို သေတမ်းစာရဲ့ နောက်ဆက်တွဲကို ဖတ်ပြလိုက်စမ်း၊ နေဦး၊ မဖတ်နှင့်တော့၊ ရှင်းပြလိုက်'

မိုက်ကယ်၏ အမူအရာသည် ရုတ်တရက် ပြောင်းလဲသွားသည်။ သူသည် ဌျန်နီနှင့် မျက်နှာချင်း မဆိုင်လိုဟန်နှင့် စကား ပြောနေစဉ် စာရွက်များကို ကြည့်ရင်း မျက်လွှာ ချထားသည်။



mgyoe.com

mgyoe.com SAMPLE BOOK

မိုက်ကယ်က မလိုအပ်ပါဘဲနှင့် ချောင်း တစ်ချက် ဟန့်လိုက်ပြီးနောက် ကုလားထိုင်ပေါ်တွင် နေရာ ရွှေ့ထိုင်လိုက်၏။

'သေတမ်းစာနှင့် တစ်နေ့တည်း ရေးသားပြီး မစ္စတာ ဗန်ဒါဗီလ် ကိုယ်တိုင် လက်မှတ် ရေးထိုးထားသော သေတမ်းစာ၏ နောက်ဆက်တွဲ စာတမ်း အရ ဗန်ဒါဗီလ် စိန် ကုမ္ပဏီမှ အစုရှယ်ယာများအား ဂျွန် ရစ်ဂဘီ လန့်စ်သို့ ပေးအပ်ခြင်းသည် ထိုကုမ္ပဏီ၏ အကြွေးများ အားလုံး (အားလုံးဟု ဆိုရာ၌ လက်ရှိ အကြွေး စာရင်း အပြင် ကုမ္ပဏီခွဲများ အတွက် ပေးရန် တာဝန် ရှိသော ခိုင်ကြေးများနှင့် အခြား ကြွေးများ အပါအဝင်) အား အဆိုပါ ဂျွန် ရစ်ဂဘီ လန့်စ်က ပုဂ္ဂိုလ် အနေဖြင့် တာဝန်ယူ ပေးဆပ် ဖြေရှင်းမည် ဆိုမှသာ အတည် ဖြစ်စေရမည်'

'ဘုရား'

ဂျွန်နီက ရေရွတ်လိုက်ပြီးနောက် သူ့ ကုလားထိုင်ပေါ်တွင် တောင့်တင်း သွားပြီး အဘိုးကြီးအား မယုံကြည်နိုင်ဟန်နှင့် လှည့်ကြည့်လိုက်မိ၏။

ရင်ထဲ၌ ပြည့်ကျပ်နေသော ဝမ်းသာမှုသည် ပျောက်ကွယ်သွားခဲ့လေပြီ။

'ခင်ဗျားက ကျွန်တော့်ကို ဘယ်လို လုပ်ဖို့ ကြိုးစားနေတာလဲ'

အဘိုးကြီးက မိုက် ရှာပီရိုအား လှည့်၍ပင် မကြည့်တော့ဘဲ တိုးတိုး တိတ်တိတ်နှင့် နှင်လွှတ်လိုက်သည်။

'မင်းကို ငါ လိုအပ်တဲ့ အခါကျမှ ပြန်ခေါ်လိုက်မယ်'

ထို့နောက် မိုက် ရှာပီရို အခန်းထဲက ထွက်သွားသောအခါ သူက ဂျွန်နီ ၏ အမေး စကားကို ထပ်မံ ရေရွတ်လိုက်သည်။

'ငါက မင်းကို ဘာလုပ်ဖို့ ကြိုးစားနေတာလဲ ဟုတ်လား၊ ငါက မင်းက အကြွေး စုစုပေါင်း ရန်း နှစ်သန်းခွဲ အတွက် တာဝန် ရှိအောင် လုပ်လိုက်တာ လေ'

'ဘယ် အကြွေးရှင်ကမှ ကျွန်တော့်ကို ရန်း ငါးသိန်း လာချေးငှားမှာ မဟုတ်ဘူး၊ ကျွန်တော်က ပုဂ္ဂိုလ် အနေနှင့် ဆိုရင် ရန်း တစ်သောင်း ချေးဖို့ တောင် လွယ်မှာ မဟုတ်ဘူး'

ဂျွန်နီက စိတ်တိုတိုနှင့် ခေါင်းကို ခါယမ်းလိုက်၏။ ထိုကိစ္စ တစ်ခုလုံး သည် အဓိပ္ပာယ် ကင်းမဲ့လှသည်။

'အကြွေးရှင် တစ်ယောက်ကတော့ ဥပဒေကြောင်း အရ အရေးယူဖို့ မင်း ဆီကို မလွဲမသွေ လာလိမ့်မယ်၊ သူက ငွေသားနှင့် ပေးဆပ်တာကို လက်ခံချင်

mgyoe.com

mgyoe.com SAMPLE BOOK

လှလို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူက ကိုယ်ရေး ကိုယ်တာ အရ ကျေနပ်မှု ရချင်လို့ပဲ၊ သူက မင်းကို ဝမ်းမြောက် ဝမ်းသာစွာနှင့် ဒုက္ခ ရောက်အောင် လုပ်လိမ့်မယ်'

ဂျွန်နီက မယုံကြည်နိုင်ဟန်ဖြင့် မျက်လုံး အစုံကို မှေးလိုက်မိ၏။

'ဘင်နီဒစ်ကို ပြောတာလား'

အဘိုးကြီးက ခေါင်းညိတ်လိုက်သည်။

'ဒီတစ်ကြိမ်မှာတော့ ဘင်နီဒစ်က အကောင်းဆုံး ဖဲချပ်တွေကို ကိုင်ထားလိမ့်မယ်၊ သူက မင်းကို ကုမ္ပဏီမှာ အုပ်ချုပ်လို့ မရအောင် အတင်း တွန်းထုတ်လို့တော့ ရမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ထရေစီက မင်းကို အမြဲတမ်း ထောက်ခံခဲ့သလို ဆက်ပြီး ထောက်ခံမှာမို့လို့ပဲ၊ ဒါပေမဲ့ မင်း လုပ်မယ့် ခြေလှမ်း မှန်သမျှကို ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ လူကြီး တစ်ယောက် အနေနှင့် ဘင်နီဒစ်က စောင့်ကြည့်နိုင်လိမ့်မယ်၊ သူက သူ့အတွက် ငွေရေး ကြေးရေး ဆုံးရှုံး နစ်နာမှု မဖြစ်စေဘဲနှင့် မင်း ကျဆုံး ပျက်စီးအောင် ကုမ္ပဏီ ပျက်စီးသွားအောင် ဒုက္ခ ပေးနိုင်လိမ့်မယ်၊ ပြီးတော့လည်း မင်းသာ အရေး နိမ့်သွားပြီဆိုရင် သူ့ဆီက ကရုဏာ တရားကို လုံးဝ မမျှော်လင့်နှင့်တော့၊ မင်း ဖန်ဆင်းထားတဲ့ လူသားစား ဘီလူးက မင်းကို ကြွပ်ကြွပ်မြည်အောင် ဝါးစားလိမ့်မယ်'

'ဖန်ဆင်းထားတယ်၊ ဟုတ်လား'

ဂျွန်နီ၏ အသံသည် တုန်ခါနေသည်။

'ခင်ဗျားက ဘယ်လို ဆိုလိုတာလဲ'

'သူ အခု ဖြစ်နေတဲ့ ပုံစံမျိုး ဖြစ်လာအောင် မင်း လုပ်ခဲ့တာပဲ၊ မင်းက သူ့ကို အသည်းကွဲအောင် လုပ်ခဲ့တယ်၊ သူ့ကို ပျော့ညံ့ပြီး အသုံးမကျသူ ဖြစ်အောင်'

'ခင်ဗျား ရူးနေပြီ'

ဂျွန်နီ မတ်တတ် ရပ်လိုက်၏။

'ကျွန်တော်က ဘင်နီဒစ်ကို ဘာတစ်ခုမှ ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး၊ ဖြစ်တာက သူ...'

သို့ရာတွင် အဘိုးကြီး၏ အက်ကွဲကွဲ လေသံက ဂျွန်နီ၏ ကန့်ကွက်စကားများကို ဖယ်ရှားပစ်လိုက်တော့သည်။

'သူက မင်းနှင့် ယှဉ်နိုင်အောင် ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မယှဉ်နိုင်ဘူး၊ လက်မြှောက် လိုက်ရတယ်၊ ဒါကြောင့် သူက သဘောထား သေးသိမ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

အာဃာတ ကြီးမားလာတယ်၊ သူ့ လက်ရှိ အနေအထားနှင့် မင်းက သူ့ကို ဘယ်လို လုပ်လိုက်တယ် ဆိုတာ ငါ သိပါတယ်ကွာ'

'ကျေးဇူးပြုပြီး ကျွန်တော် ပြောတာကို နားထောင်စမ်းပါဗျာ၊ ကျွန်တော် ဘာမှ မလုပ်ပါဘူး'

သို့ရာတွင် အဘိုးကြီးက လက်မခံဘဲ ဆက်ပြောသွားသည်။

'ထရေစီကလည်း ထိုနည်း လည်းကောင်းပဲ၊ မင်းက သူ့ဘဝကို ဖျက်ဆီး ပစ်ခဲ့တယ်၊ မင်းရဲ့ ရမ္မက်ဇော အတွက် သူ့ကို တဏှာကျွန် ဖြစ်အောင် လုပ်ခဲ့ တယ်'

'အဲဒီညကို ပြောတာလား'

ဝွန်နီက အဘိုးကြီးအား ပြန်အော်လိုက်၏။

'ခင်ဗျားက ကျွန်တော် ရှင်းပြတာကို ဘယ်တုန်းကမှ လက်မခံခဲ့ဘူး၊ ကျွန်တော်တို့ ဘယ်တုန်းကမှ ဘာမှ...'

ယခုအချိန်တွင် အဘိုးကြီး၏ လေသံမှာ ကျာပွတ်ရိုက်သံပမာ ပြင်းထန် လှသည်။

'တိတ်စမ်း'

ဝွန်နီသည် အဘိုးကြီးအား မဆန့်ကျင်ရဲပါ။ မတော်လှန်ရဲသော အကျင့် က အမြစ် တွယ်၍ပင် နေခဲ့လေပြီ။ အဘိုးကြီးသည် တဆတ်ဆတ် တုန်နေ သည်။ သူ့ မျက်လုံးများသည် ဒေါသကြောင့် ပြောင်လက်နေသည်။

'ငါ့ကလေး နှစ်ယောက်စလုံးကို မင်း ဖျက်ဆီးခဲ့တယ်၊ မင်းက ငါနှင့် ငါ့ မိသားစုကို ဒုက္ခပေးခဲ့တယ်၊ ငါ့သားက စိတ်ဓာတ် ပျော့ညံ့တဲ့ ရေမျော ကမ်းတင်သမား၊ သူ့ နာကြည်းချက်ကို အပျော်အပါး လိုက်စားမှုနှင့် ဖုံးအုပ် ထားတဲ့ လူ၊ မင်းကို ဖျက်ဆီးပစ်နိုင်တဲ့ လက်နက် ကိရိယာတွေ သူ့ကို ငါက ပေးခဲ့မယ်၊ တကယ်လို့ သူက မင်းကို ဖျက်ဆီးပစ်နိုင်တဲ့ အခါကျရင် သူဟာ ယောကျ်ား ပီသတဲ့ ယောကျ်ား တစ်ယောက် ဖြစ်ချင် ဖြစ်လာမှာပေါ့လေ'

အဘိုးကြီး၏ လေသံသည် ဝေဒနာကြောင့် ပင်ပင်ပန်းပန်း အားစိုက်နေ ရပုံ ရသည်။ အသံ အက်ကွဲလာသည်။ သူက တံတွေးကို ပင်ပင်ပန်းပန်း မျိုချ နေရသည်။

သူ့ လည်ပင်းသည် လှိုင်းထသလို နိမ့်ချည် မြင့်ချည် ဖြစ်လာသည်။ သို့ ရာတွင် တပြောင်ပြောင် တလက်လက် ဖြစ်နေသော မျက်စိ အရောင်သည် မှေးမှိန်၍ မသွားချေ။



mgyoe.com

mgyoe.com
SAMPLE BOOK

'ငါ့သမီးလည်း အတူတူပဲ၊ ဆန္ဒ ရမ္မက်ဇောတွေရဲ့ နှိပ်စက်မှုကို ခံနေရရှာတယ်၊ မင်း နှိုးဆွပေးလိုက်တဲ့ ဆန္ဒ ရမ္မက်ဇောတွေပေါ့ကွာ၊ သူလည်းပဲ အဲဒီ ရမ္မက်ဇောတွေထဲက လွတ်မြောက်မှုကို ရှာဖွေနေတယ်၊ မင်း ပျက်စီးသွားရင် သူလည်း အဲဒီ အနှောင်အဖွဲ့ထဲက လွတ်ကင်းသွားမှာပဲ'

'ခင်ဗျား မှားနေပြီ'

ဂျွန်နီက တောင်းပန်ခြင်း တစ်ဝက် ကန့်ကွက်ခြင်း တစ်ဝက်နှင့် အော်ပြောလိုက်၏။

'ကျွန်တော့်ကို ရှင်းပြခွင့် ပေးပါဗျာ'

အဘိုးကြီးက ဆက်ပြောသည်။

'အခု ဖြစ်လာမယ့် အနေအထားက ဒီလိုကွ၊ မင်း အပေါ်မှာ ကျရောက်လာမယ့် အန္တရာယ်တွေကို မင်းက မကာကွယ်နိုင်အောင် ငါက မင်းကို မီးစာကုန်ပြီး ဆီခန်းတော့မယ့် အဖွဲ့အစည်း တစ်ခုထဲမှာ ထည့်ပေးထားခဲ့တယ်၊ ဒီတစ်ကြိမ်မှာတော့ တို့ မိသားစုက မင်းကို ကန်ထုတ်ပစ်ကြလိမ့်မယ်'

သူသည် ပြေးနေသော ခွေးတစ်ကောင်ပမာ ကမန်းကတန်း အသက်ရှူရန် စကားကို ရပ်တန့်လိုက်၏။ သူ့အသက်ရှူသံမှာ ခက်ခက်ခဲခဲ ဖြစ်နေပုံရသည်။

'ဘင်နီဒစ်က မင်းကို ရေရေလည်လည် တွယ်လိမ့်မယ်၊ မင်း ပျက်စီးကျဆုံးသွားတာကို ထရေစီက အသာကလေး ကြည့်နေရလိမ့်မယ်၊ သူက မင်းကို ကူညီနိုင်မှာ မဟုတ်ဘူး၊ သူ ရမယ့် အမွေတွေကို သေသေချာချာ ထိန်းချုပ်ထားတယ်၊ ထရေစီက အရင်းအနှီး အဖြစ် မြှုပ်နှံထားတဲ့ ငွေတွေ အပေါ်မှာ ချုပ်ကိုင်နိုင်ခွင့် မရှိဘူး၊ မင်းအတွက် တစ်ခုတည်းသော မျှော်လင့်ချက်ကတော့ ကင်းဖစ်ရှာပဲ၊ ကင်းဖစ်ရှာက သွေးစုပ် ဖုတ်ကောင် အဖြစ် ပြောင်းလဲသွားပြီး မင်းကို သေတဲ့ အထိ သွေးစုပ်လိမ့်မယ်၊ ဗန်ဒါဗီလ် စိန်ကုမ္ပဏီက ငွေတွေကို ဘာဖြစ်လို့ အခြား ကုမ္ပဏီတွေကို လွှဲပစ် နေရတာလဲလို့ မင်းက ငါ့ကို မေးခဲ့တယ်၊ ကဲ အခုဆိုရင် မင်းက အဖြေကို သိပြီ မဟုတ်လား'

ဂျွန်နီ၏ နှုတ်ခမ်းများသည် တုန်လာကြသည်။ သူ့မျက်နှာသည် ဖွေးဖွေးဖြူသွားတော့သည်။ သူ့အသံသည် တိမ်ဝင်သွားပြီး လေသံလေးလောက်သာ ကျန်တော့သည်။

'ကျွန်တော်က လက်မှတ် မထိုးဘူးလို့ ငြင်းနိုင်တာပဲ'

အဘိုးကြီး ခြောက်ကပ်ကပ် ပြုံးလိုက်၏။ သူ့နှုတ်ခမ်းသည် နွေးထွေးမှု၊ ပြုံးရယ်မှု ကင်းစွာနှင့် တွန့်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'မင်း လက်မှတ် ထိုးမှာပါ'

သူ့အသံသည် နှာခေါင်း ပိတ်သလို တရှီးရှီးနှင့် မြည်နေသည်။

'မင်းရဲ့ မာနနှင့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုကြောင့် မင်းက တခြား နည်းကို ရွေးမှာ မဟုတ်ပါဘူး၊ မင်းအကြောင်း ငါသိပါတယ်ကွာ၊ မင်းကို ငါက နှစ်ပေါင်း များစွာ ကြာအောင် လေ့လာခဲ့တာပါ၊ ဒါပေမဲ့ မင်းက အာမခံ ချက်ကို လက်မှတ်ထိုးဖို့ ငြင်းဆန်မယ် ဆိုရင် ငါက မင်းကို ကြေမွသွား အောင် ဖျက်ဆီး ပစ်နိုင်ဦးမှာပဲ၊ မင်း ရမယ့် ရှယ်ယာတွေဟာ ဘင်နီဒစ်ဆီ ရောက်သွားလိမ့်မယ်၊ မင်း အပြင်ကို ရောက်သွားလိမ့်မယ်၊ အပြင်ကို ရောက် သွားမယ်၊ ကလေကချေ ဖြစ်သွားမယ်၊ မင်းနှင့် တို့နှင့် နောက်ဆုံး လမ်းခွဲကြ ပြီပေါ့ကွာ'

ထို့နောက် သူ့အသံက တိမ်ဝင်သွားတော့သည်။

'ဒါပေမဲ့ မင်း လက်မှတ် ထိုးလိမ့်မယ်၊ ငါ သိပါတယ်'

ဂျွန်နီသည် တောင်းပန် တိုးလျှိုးဟန်နှင့် လက်ကို စိတ်မပါ လက်မပါ မြှောက်လိုက်၏။

'ကျွန်တော်က တစ်ချိန်လုံး ခင်ဗျားနှင့် အတူတူ နေခဲ့လျက်သားနှင့်ဗျာ၊ ကျွန်တော်က'

သူ့အသံသည် လည်ချောင်းသံ ပေါက်လာပြီး အက်ကွဲလာတော့သည်။

'ခင်ဗျားက ကျွန်တော့် အတွက် နည်းနည်းကလေးမှ ကရုဏာ မသက် တော့ဘူးလားဗျာ၊ နည်းနည်းကလေးမှ ကရုဏာ မသက်တော့ဘူးလား'

အဘိုးကြီးသည် သူ့ ကုလားထိုင်ပေါ်တွင် ကိုယ်ကို မတ်မတ် ပြင်၍ ထိုင်လိုက်၏။ သူ့ ကိုယ်လုံး ကိုယ်ပေါက်သည် ပြန်၍ ထွားလာသလိုလို ထင် ရပြီးလျှင် သူသည် ဖြုံးရယ်စ ပြုလေပြီ။ သူသည် ထိုအချိန်တွင် ခပ်တိုးတိုး သာ ပြောတော့သည်။ သူ အော်နိုင်စွမ်း မရှိတော့ပါ။

'မင်း ငါ့အသိုက်ထဲက ပျံထွက်သွားပါတော့ ကိုဥသြရယ်၊ ငါ့အသိုက် ထဲက ထွက်ပြီး တခြားကို ပျံပါတော့'

တဖြည်းဖြည်းနှင့် ဂျွန်နီ၏ အမူအရာသည် ပြောင်းလဲသွားတော့သည်။ သူ၏ မေးရိုးများသည် ပြန်၍ တောင့်တင်းလာကြသလို ရှေ့သို့လည်း ငေါ ထွက်လာသည်။ ပခုံး နှစ်ဖက်က နောက်ဘက်သို့ ရောက်သွား၏။ သူက လက် နှစ်ဖက်ကို ကုတ်အင်္ကျီ အိတ်ထဲသို့ ထိုးသွင်း လိုက်ပြီးနောက် ကျစ်ကျစ် ပါ အောင် ဆုပ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန်နီသည် အဘိုးကြီးကို နားလည် သဘော ပေါက်သွားသောကြောင့် ဦးခေါင်းကို တစ်ချက် ညိတ်လိုက်၏။

'ဒီလိုကိုး'

သူက နောက်တစ်ကြိမ် ခေါင်းညိတ်လိုက်ပြီးနောက် စတင်၍ ပြုံးတော့သည်။ ထိုအပြုံးမှာ အသက် မပါသော အပြုံး ဖြစ်သည်။

'ကောင်းပြီလေ၊ ခင်ဗျားဟာ တော်တော် သေးသိမ်တဲ့ လူယုတ်မာကြီးပဲ၊ ကျွန်တော့် အကြောင်း ခင်ဗျား သိရစေမယ်'

သူသည် ချာခနဲ လှည့်လိုက်ပြီးနောက် တစ်ချက်မှ လှည့်မကြည့်တော့ဘဲ ထွက်ခွာသွားတော့သည်။

အဘိုးကြီးသည် နှစ်နှစ်ခြိုက်ခြိုက် ကျေနပ်သွားသောကြောင့် သူ့ အမူအရာမှာ ပြုံးရယ်လာပြန်၏။ သူက တဟားဟား ရယ်လိုက်ရာမှ အသက်ရှူ ကျပ်သွားသည်။ တဟွပ်ဟွပ် စ၍ ချောင်းဆိုးလာသဖြင့် ပြင်းထန်သော ဝေဒနာက လည်ပင်း တစ်လျှောက် မီးနှင့် မြှိုက်သလို ဖြတ်သန်း သွားသောကြောင့် သူသည် အားလျော့သွားပြီး စားပွဲစွန်းကို ဆုပ်ကိုင်၍ နေရလေတော့သည်။

သေခြင်း တရားတည်း ဟူသော ကဏန်းကောင်သည် သူ၏ အသားများ ထဲတွင် တရွေ့ရွေ့ လျှောက်သွားနေသည်ဟု သူ ခံစားနေရသည်။ ကဏန်းကောင်၏ လက်သည်းများက သူ့ အဆုတ်နှင့် လည်ချောင်းထဲသို့ ပို၍ နက်ရှိုင်းအောင် ထိုးစိုက်နေသည်ဟု ထင်နေမိရာ သူ ထိတ်လန့် ချောက်ချားလာသည်။

သူက ကြောက်စိတ်နှင့် ဝေဒနာတို့ကြောင့် အော်ခေါ်လိုက်၏။

သို့ရာတွင် သူ့ခေါ်သံကို ကြားနိုင်သော ပုဂ္ဂိုလ်များသည် ထိုအိမ်ကြီးထဲ၌ မရှိကြတော့ချေ။

ကင်းဖစ်ရှာကို ဩဂုတ်လတွင် ရေချပြီး မြောက်ပင်လယ်ထဲတွင် စမ်းသပ်မောင်းနှင်ခဲ့သည်။

အဘိုးကြီး၏ တိကျသော ညွှန်ကြားချက် အရ ဘင်နီဒစ်လည်း သင်္ဘောပေါ်တွင် ပါရှိလာသည်။

အလွန်တရာ ရှုပ်ထွေး ပွေလီပြီး ခေတ်ရှေ့သို့ ပြေးနေသော သင်္ဘောတစ်စင်း ဖြစ်သောကြောင့် ဘိုးဘိုးအောင် မသလို အလွန်တရာ ကံကောင်းပါမှ ထိုသင်္ဘောသည် အပြစ် အနာအဆာ မရှိဘဲ စင်းလုံးချော ဖြစ်လာပေလိမ့်မည်။


mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် အဆိုပါ နှစ်၏ ဩဂုတ်လသည် အံ့ဩဖွယ် ကောင်းသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့် လ မဟုတ်ပါ။ စမ်းသပ် မောင်းနှင်ပြီးချိန်တွင် ဝှန်နီသည် ထပ်မံ၍ ပြုပြင်ရန် လိုအပ်နေသော အချက် နှစ်ဆယ့် သုံးချက်ကို စာရင်း ပြုစု၍ ရရှိခဲ့သည်။

'ပြင်ဖို့ ဘယ်လောက် ကြာမှာလဲ'

ဝှန်နီက သင်္ဘောကျင်းမှ ကိုယ်စားလှယ်အား မေးလိုက်၏။

'တစ်လ'

သူ့ အဖြေမှာ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

'ခင်ဗျားက နှစ်လလို့ ဆိုလိုတာလား'

ဘင်နီဒစ်က ဝင်ပြောပြီး ကျယ်လောင်စွာ ရယ်လိုက်၏။ ဝှန်နီက သူ့အား စဉ်းစဉ်းစားစားနှင့် ပြန်ကြည့်နေသည်။ အဘိုးကြီးက ဘင်နီဒစ်အား ဖွင့်ပြောပြီးပြီဟု ဝှန်နီက မှန်းကြည့်လိုက်၏။

'မင်းကို ငါ တစ်ခု ပြောပြမယ် ဝှန်နီ'

ဘင်နီဒစ်သည် ရယ်နေဆဲပင်တည်း။

'ဒီသင်္ဘောဟာ ငါ့ရဲ့ စိတ်ကူးယဉ် ကမ္ဘာလေး မဟုတ်တဲ့ အတွက် ငါ သိပ် ဝမ်းသာမိတယ်ကွာ'

ဝှန်နီ အေးစက်သွားသည်။ ထိုစကားလုံးများမှာ အဘိုးကြီး၏ စကားလုံးများ ဖြစ်ပြီး ဘင်နီဒစ်က ကြက်တူရွေးလို နှုတ်တိုက် ပြန်ပြောပြလိုက်ခြင်းသာ ဖြစ်သည်။ သူ သိလိုသော ကိစ္စအတွက် အတည် ပြုပေးလိုက်ခြင်းပင်တည်း။

ဝှန်နီသည် ကိပ်တောင်းသို့ ပြန်လာခဲ့ရာ သူ၏ ကြွေးရှင်များသည် ထိန်းမနိုင် သိမ်းမရ ပေါက်ကွဲလုဆဲဆဲ အခြေအနေတွင် ရှိနေသည်ကို တွေ့ရတော့သည်။

သူတို့က ကင်းဖစ်ရှာကို ရသမျှနှင့် ရောင်းထုတ်ပြီး အရှုံးခံလိုကြသည်။

ဝှန်နီသည် စတယ်လင် ဘော့ရှ်ရှိ လာဆင်၏ စပျစ်ခြံတွင် လာဆင်၏ ကြောက်စိတ်များ ပျောက်ကွယ်ကုန်အောင် ချွေးသိပ်ရင်း အဖိုးတန်လှသော နှစ်ရက်လုံးလုံးကို အချိန်ဖြုန်းခဲ့ရသည်။

နေ့လယ်စာ စားချိန်တွင် သူမ၏ ခင်ပွန်းထက် အသက် နှစ်ဆယ်ခန့်ငယ်သော ဖီဖီ လာဆင်က စားပွဲအောက်မှ နေ၍ ဝှန်နီ၏ ပေါင်ကို ဖျစ်ညှစ်လိုက်သည့် အခါကျမှ နောက်ထပ် နှစ်လ ရက်တိုးပေးရေး ကိစ္စမှာ အဆင်ပြေသွားပြီ ဖြစ်ကြောင်း သူ သိလိုက်ရတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ပတ်တွင် ဂျွန်နီသည် ကြွေးရှင်များအား နားဝင်အောင် ပြောရမှုများနှင့် ဆွေးနွေး ညှိနှိုင်းရမှုများကြောင့် အလုပ် ရှုပ်သည့် ကြားမှ ထရေစီနှင့် တွေ့နိုင်မည့် အချိန်ကို မရမက ရှာနိုင်ခဲ့သည်။

ယခုအချိန်တွင် ထရေစီသည် ပုဂ္ဂလိက ဆေးခန်းမှ ပြန်ဆင်းလာခဲ့သည်မှာ တစ်လ ရှိသွားပြီ ဖြစ်ပြီး ဆိုမာဆက် ဝက်စ် အနီးရှိ ယာတော တစ်ခုတွင် သူငယ်ချင်း တစ်စုနှင့် အတူ နေထိုင်လျက် ရှိသည်။

ဂျွန်နီက မာစီဒီးပေါ်မှ ဆင်းလိုက်ချိန်တွင် ထရေစီသည် ဂျွန်နီ့အား နှုတ်ဆက်ရန် လှေကားပေါ်မှ ဆင်းလာလေတော့သည်။

ဂျွန်နီသည် ကြာမြင့်လှသော အချိန်ကာလ အတွင်း စစ်မှန်သော ဝမ်းသာမှုကို ပထမဦးဆုံး အကြိမ် အဖြစ် ခံစားလိုက်ရသည်။

သူက ပြောလိုက်၏။

'မြတ်စွာဘုရား၊ မင်း ကြည့်ရတာ တယ်ဟုတ်နေပါကလား'

ထရေစီသည် ခြေညှပ် ဖိနပ်ကို စီးထားပြီး နွေရာသီ ချည်ထည် ဝတ်စုံကို ဝတ်ဆင်ထားသည်။ ထရေစီ၏ သူငယ်ချင်းများသည် ထိုနေ့တွင် ရပ်ဝေးသို့ တစ်နေကုန် ခရီး သွားနေကြသဖြင့် သူတို့ နှစ်ယောက်သည် သစ်ခွပန်းများ အကြားတွင် လမ်းလျှောက်ခဲ့ကြသည်။ သူမ၏ ပါးပြင်များနှင့် လက်မောင်းများသည် ပြန်၍ ပြည့်ဖြိုးလာကြသလို သွေးရောင် ပြန်လွှမ်းလာသည်ကို သတိထားလိုက်မိသဖြင့် ဂျွန်နီက ထရေစီအား ပွင့်ပွင့်လင်းလင်း လှောလာလိုက်၏။

ထရေစီ၏ ဆံပင်သည် နေရောင်ခြည်ထဲတွင် တောက်ပနေသည်။ သို့ရာတွင် ထရေစီ၏ မျက်လုံး အောက်ဘက်၌ အညို အမည်းကွက်ကြီးများ ရှိနေကြသေးသည့် အပြင် ဂျွန်နီက ပန်းပွင့် တစ်ပွင့်ကို ချိုးပေးလိုက်သည့် အခါကျမှ ထရေစီသည် တစ်ကြိမ်သာ ပြုံးတော့သည်။ ထရေစီသည် ကိုယ့်ကိုယ်ကိုယ် စိတ်ချပုံ မရသေးသည့် အပြင် ဂျွန်နီ့အား ကြောက်လန့်နေပုံ ရသည်။

နောက်ဆုံးတွင် ဂျွန်နီသည် ထရေစီနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး သူ၏ လက်နှစ်ဖက်ကို ထရေစီ၏ ပခုံးပေါ်တွင် တင်ထားလိုက်၏။

'ကဲ ပြောစမ်းပါဦး၊ မင်း ဘာဖြစ်နေတာလဲ'

ထရေစီ၏ အဖြေစကားသည် ပြတ်တောင်း ပြတ်တောင်းနှင့် ပေါ်ထွက်လာသည်။

'ကျွန်မကို လန်ဒန်မှာ လာရှာတဲ့ အတွက် ကျွန်မက ရှင့်ကို ကျေးဇူးတင်ချင်တယ်၊ ကျွန်မ ဘာဖြစ်လို့ အဲဒီလို ဖြစ်နေသလဲ၊ အဲဒီ အခြေအနေမှာ ဘာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လို့ ရောက်နေရသလဲ ဆိုတာကို ရှင်းပြချင်တယ်၊ ကျွန်မနှင့် ပတ်သက်တဲ့ ဆိုးဆိုးရွားရွား ကိစ္စတွေကို ရှင် မယုံကြည်စေချင်ဘူး'

'ထရေစီ၊ မင်းက ကိုယ့်ကို ရှင်းပြနေစရာ မလိုပါဘူးကွာ'

'ကျွန်မ ရှင်းပြချင်တယ်၊ ကျွန်မ ရှင်းပြမှ ဖြစ်မယ်'

ထရေစီသည် ဂျွန်နီ့အား မကြည့်ဘဲ လက်ထဲတွင် ရှိသော ပန်းပွင့်ကလေးကို ချိုးဖဲ့ပစ်ရင်း ဖွင့်ပြောပြတော့သည်။

'ဒီလိုလေ၊ ကျွန်မ အစက နားမလည်ခဲ့ဘူး၊ ယောက်ျားတွေဟာ ချစ်တင်း နှီးနှောရမှာကို မကြိုက်ကြဘူးလို့ပဲ ထင်ခဲ့မိတယ်၊ သူဟာ အင်မတန် ကြင်နာတတ်တဲ့ သူပါ၊ ပြီးတော့လည်း ညတိုင်းလိုလို ပါတီပွဲတွေ ကျင်းပပေးခဲ့တယ်၊ မိတ်ဆွေ သူငယ်ချင်းတွေကလည်း သူ့ ပတ်ပတ်လည်မှာ အမြဲတမ်း ရှိနေခဲ့ကြတယ်၊ အဲဒီနောက်တော့ သူက သူ့လုပ်ငန်း အတွက် လန်ဒန်ကို သွားချင်လာတယ်၊ သူ့လုပ်ငန်း အတွက် ဒီမှာ အလားအလာ သိပ်မရှိလှဘူး၊ အဲဒီ အချိန် အထိ ကျွန်မ က မရိပ်မိသေးဘူး၊ အဲလေ သူ့မှာ အမျိုးသား မိတ်ဆွေတွေ အများကြီး ရှိပြီး တချို့ကတော့ တစ်မျိုးပဲ ဆိုတာ ကျွန်မ သိခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီနောက်တော့ ကျွန်မက သူ့အလုပ်ခန်းကို လိုက်သွားတဲ့ အခါမှာ ကင်နီနှင့် ချာတိတ်ကလေး တစ်ယောက်ကို ကိုးရိုးကားရား ပုံစံနှင့် တွေ့ရတော့တာပါပဲ၊ မင်း ဒီကိစ္စကို သိပြီးသား ဖြစ်မှာပေါ့ကွာလို့ သူကတောင် ပြန်ပြောလိုက်သေးတယ်၊ ကျွန်မ ခေါင်းထဲမှာ တစ်ခုခု ပျက်စီးသွားသလိုလို ခံစားလိုက်ရပြီး ကျွန်မကိုယ် ကျွန်မ မသတိသလိုလို ဖြစ်လာတယ်၊ ကျွန်မ သေချင်စိတ် ဖြစ်လာတယ်၊ အတွင်းရေး ကိစ္စတွေကို ကျွန်မက ဖွင့်ပြောပြီး တိုင်ပင်ရမယ့် လူလည်း မရှိသလို ကျွန်မ ဘယ်သူနှင့်မှ မတွေ့ချင်တော့ဘူး၊ ကျွန်မမှာ သေချင်တာ သက်သက်ပဲ ရှိတော့တယ်'

ထရေစီက သူ့ စကားကို ရပ်တန့်လိုက်ပြီးနောက် ဂျွန်နီ ပြန်ပြောမည့် အချိန်ကို စောင့်နေလိုက်၏။

'မင်း ခုအချိန် အထိ သေချင်တုန်းပဲလား'

သူက ကြင်ကြင်နာနာနှင့် မေးလိုက်၏။ ထရေစီသည် အထိတ်တလန့်နှင့် မော့ကြည့်လိုက်ပြီး ခေါင်းခါပြတော့သည်။

'ကိုယ်ကလည်း မင်းကို မသေစေချင်သေးပါဘူး'

ထို့နောက် သူတို့ နှစ်ယောက် ဖြုန်းခနဲ ရယ်လိုက်မိကြ၏။ ထို့နောက် ပိုင်းတွင်ကား သူတို့ နှစ်ယောက် အကြားတွင် ရှိနေခဲ့သော အဖုအထစ်ကလေး

mgyoe.com

mgyoe.com SAMPLE BOOK

များသည် ပျောက်ကွယ်သွားပြီးနောက် စကား ပြောချ၍ ပိုကောင်းလာကြသည်။ သူတို့သည် မှောင်ခါနီးဆဲဆဲ အချိန် အထိ စကားလက်ဆုံ ကျခဲ့ကြ၏။

ဂျွန်နီက ပြောလိုက်သည်။

'ကိုယ် သွားမှ ဖြစ်မယ်'

'ရှင့် မိန်းမဆီကိုလား'

ထရေစီက မေးလိုက်၏။

'ဟုတ်တယ်၊ ကိုယ့် မိန်းမဆီကို'

ဂျွန်နီသည် ဘစ်ရှော့ ကုတ်ရှိ တစ်ထပ်ခွဲ အိမ်သစ်ကလေး၏ အိမ်ရှေ့ တံခါးမှ လျှောက်ဝင်သွားစဉ် အိမ်ထဲတွင် မှောင်နေလေပြီ။ ထိုအိမ်သည် သူ့ အိမ် ဖြစ်သော်လည်း သီရိဂေဟာတော့ မဟုတ်ပါ။

တယ်လီဖုန်း ခေါင်းလောင်းသံက မြည်နေသည်။ သူက စကားပြောခွက် ကို ကောက်ကိုင်လိုက်၏။

'ဂျွန်နီလား'

'ဟယ်လို မိုက်ကယ်'

သူက အသံကို မှတ်မိလိုက်သည်။

'ဂျွန်နီ၊ အိမ်အိုကြီးဆီကို ခုချက်ချင်း လာခဲ့တော့ကွာ'

မိုက်ကယ် ရာပီရို၏ အသံမှာ ပင်ပန်းနေပုံ ရသည်။

'အဘိုးကြီးပဲလား'

ဂျွန်နီက စိုးရိမ်တကြီး မေးလိုက်၏။

'စကား မပြောနှင့်ကွာ၊ မြန်မြန် လာခဲ့'

ခန်းဆီးများအား စေ့နေအောင် ဆွဲပိတ်ထားသလို မီးလင်းဖိုထဲတွင် ထင်းများ က အလျှံ တညီးညီး တောက်လောင်နေကြသည်။ သို့ရာတွင် အဘိုးကြီးသည် အေးစက်နေသည်။ ထိုကဲ့သို့ အေးစက်နေမှုသည် မီးတောက် မီးလျှံများက နွေး ထွေးအောင် လုပ်ပေးနိုင်စွမ်း မရှိသော အဘိုးကြီး၏ ခန္ဓာကိုယ် အတွင်းပိုင်း တွင် နက်နက်ရှိုင်းရှိုင်း ရှိနေသည်။ သူသည် အဖုံး ဖွင့်ထားသော စာရွက် စာ တမ်း ထည့်သည့် သေတ္တာထဲမှ စာရွက်များကို ကောက်ယူ၍ တစ်ချက်မျှ ကြည့်လိုက်ပြီးနောက် မီးထဲသို့ ထည့်လိုက်စဉ် သူ့လက်များသည် တုန်နေ ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုစာရွက်များသည် လိမ္မော်ရောင် မီးတောက်များ အဖြစ် မီးစွဲလောင်ကြပြီးနောက် တွန့်လိမ် ကောက်ကွေးလာကြပြီး မည်းနက်သော ပြာ အဖြစ်သို့ ပြောင်းလဲသွားကြတော့သည်။

နောက်ဆုံးတွင်ကား အရောင် မျိုးစုံလှသော စာအိတ်များကို ဖဲကြိုးနှင့် စုစည်း ချည်နှောင်ထားသော အထုပ်ထူထူ တစ်ထုပ်က လွဲလျှင် သေတ္တာထဲ၌ ဟာလာဟင်းလင်း ဖြစ်သွားလေပြီ။

အဘိုးကြီးသည် ကြိုးထုံးကို ဖြေလိုက်ပြီးနောက် ပထမ စာအိတ်ကို ကောက်ယူလိုက်ပြီး စာအိတ်ထဲမှ တစ်ရွက်တည်းသော စာရွက်ကလေးကို ထုတ်ယူလိုက်သည်။

ချစ်ခင်ရပါသော ဦးခင်ဗျား

ကျွန်တော် ကျောင်းတက်နေပြီ ဖြစ်ကြောင်း ကြားသိရသည့် အတွက် ဦး ဝမ်းမြောက်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်မိပါသည်။ အစားအသောက်များကတော့ ကောင်းမွန်ပါသည်။ သို့ရာတွင် အိပ်ရာများကမူ အလွန် ကြမ်းတမ်းပါသည်။

သူသည် စာရွက်နှင့် စာအိတ်ကို မီးထဲသို့ ပစ်ထည့်လိုက်ပြီး နောက်တစ်စောင်ကို ရွေးယူလိုက်ပြန်၏။ သူသည် တစ်ကြိမ်လျှင် စာတစ်စောင်ကို ဖတ်လိုက်ပြီးနောက် ထိုစာကို မီးရှို့ပစ်လိုက်လေသည်။

ကျွန်တော့်အား လက်ရွေးစင် ဆယ့်ငါးယောက်တွင် ပါဝင် ကစားရန် ရွေးချယ် ထားပါသည်။

တစ်ခါတစ်ရံ သူ ပြုံးရယ်တတ်သလို တစ်ကြိမ်တွင်မူ သူသည် တဟားဟား ရယ်တော့သည်။

ကျွန်တော်သည် သမိုင်းနှင့် ဘာသာရေး သင်ခန်းစာများက လွဲလျှင် ကျန် ဘာသာရပ် အားလုံး၌ ထိပ်ဆုံးက အောင်မြင်ပါသည်။ နောက် တစ်ကြိမ်တွင် ပို၍ ကြိုးစားပါမည်။

စာအိတ် တစ်အိတ်တည်းသာ ကျန်တော့သည့် အခါ သူသည် ထိုစာကို အရိုးပြိုင်းပြိုင်း ထနေသော လက်နှင့် အတန်ငယ် ကြာအောင် ကိုင်ထားလိုက်သည်။

ထို့နောက် သူသည် စိတ်မရှည်တော့ဟန်ဖြင့် ထိုစာကို မီးဖိုထဲသို့ ပစ်ထည့်လိုက်ပြီး သူ့ ခန္ဓာကိုယ်ကို ခြေထောက် နှစ်ချောင်းပေါ်တွင် မတ်တတ် ရပ်နိုင်အောင် မီးလင်းဖို၏ အထက်ဘောင်ကို လှမ်းကိုင်လိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

သူ မတ်တတ် ရပ်မိသော အခါ မီးလင်းဖိုပေါ်တွင် တင်ထားသော ရွှေဘောင် ကွပ်ထားသည့် မှန်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်သည်။

လွန်ခဲ့သော တစ်ပတ် နှစ်ပတ်က ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုကြောင့် သူ၏ ရုပ်ဆင်း အင်္ဂါ ပြောင်းလဲ သွားရမှုကို အနည်းငယ် တအံ့တသြ ဖြစ်ရင်း သူ့ပုံရိပ်ကို စိုက်ကြည့်နေမိသည်။ သူ့မျက်လုံးများသည် ညစ်ပတ်သော မီးခိုးရောင် ဘဝသို့ ပြောင်းလဲသွားသလို တောက်တောက်ပြောင်ပြောင်လည်း မရှိကြတော့ချေ။

ကုမရနိုင်သော ကင်ဆာ ရောဂါ၏ နောက်ဆုံး အဆင့်တွင် ထူးထူးခြားခြား ဖြစ်တတ်လေ့ ရှိသည့် အတိုင်း ထိုမျက်လုံးများသည် မျက်လုံးအိမ်ထဲမှ စူထွက်နေကြသည်။

အကြော အခြင်များ လျော့လျဲလျဲ ဖြစ်မှုနှင့် ဆိုးဆိုးရွားရွား အေးစက်မှုတို့သည် ဝေဒနာကို သက်သာစေသော အကိုက်အခဲ ပျောက်ဆေးများ၏ ရလဒ်ကြောင့် မဟုတ်ကြောင်း သူ နားလည်ပါသည်။ သူသည် စာရေး စားပွဲဆီသို့ ထူထဲလှသော ဘိုခါရာ ကော်ဇောပေါ်မှ ဖြတ်လျှောက်သွားစဉ် သူ့ ခြေထောက်များသည် တရွတ်ဆွဲနေကြသည်။

သူက ထောင့် အစွန်းတိုင်းတွင် ကြေးဝါ ကွပ်ထားသော ရှည်မျောမျော သားရေ သေတ္တာ တစ်ခုကို ငုံ့ကြည့်ရင်း ချောင်း တစ်ချက် ဆိုးလိုက်၏။ အသည်း ခိုက်အောင် နာကျင်စေသည့် ချောင်းပင်တည်း။

သူသည် သူ့ကိုယ်သူ ထိန်းထားနိုင်အောင် စားပွဲစွန်းကို လှမ်းကိုင်လိုက်ပြီးနောက် ဆိုးရွားလှသော ထိုဝေဒနာ ကွယ်ပျောက်သွားသည် အထိ စောင့်နေလိုက်သည်။

ထို့နောက် သားရေ သေတ္တာ အဖုံးကို ဖွင့်၍ အဖုံးကို လှန်ထားလိုက်၏။

သူသည် သားရေ သေတ္တာထဲမှ နှစ်လုံးပြူး သေနတ်ပြောင်းနှင့် ဒင်ပိုင်းတို့ကို ထုတ်ယူလိုက်ပြီး ထိုနှစ်ခုကို ဆ...်လိုက်ချိန်တွင် သူ၏ လက်များမှာ တည်ငြိမ် နေကြသည်။

သူသည် သူ တစ်သက်လုံး နေထိုင်လာခဲ့သလိုပင် တစ်ယောက်ထီးတည်း သေဆုံးသွားခဲ့လေသည်။

'မြတ်စွာဘုရား၊ ကျွန်မကလည်း အနက်ရောင် ဆိုရင် သိပ်ကို မုန်းတယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ရှုဘီ လန့်စ်သည် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် ဖြန့်တင် ထားသော အဝတ်များကို အိပ်ခန်း၏ အလယ်ကောင်မှ နေ၍ မတ်တတ် ရပ်ပြီး စိုက်ကြည့်နေသည်။

ရှုဘီသည် ဦးခေါင်းကို ဘယ်ညာ ခါယမ်းလျက် ရှိရာ ရှန်ပိန် အရက်ရောင် ထနေသော ဆံပင်များသည် လှုပ်ရှားနေကြတော့သည်။

သူမသည် ချာခနဲ လှည့်လိုက်ပြီး ရှည်လျားသော မှန်ကြီးများဆီသို့ အခန်းကို ဖြတ်၍ ပျင်းပျင်းရိရိနှင့် လျှောက်လာခဲ့၏။

ရှုဘီသည် မိမိ၏ ပုံရိပ်ကို ပြုံးပြလိုက်ပြီးနောက် ထိုပုံရိပ်၏ ပခုံးပေါ်မှ ကျော်၍ လှမ်း စကား ပြောလိုက်၏။

'ဘင်နီဒစ် ဗန်ဒါဗီလ် အင်္ဂလန်က ရောက်လာပြီလို့ ရှင် ပြောတယ် မဟုတ်လား'

'ဟုတ်တယ်'

ဂျွန်နီက ခေါင်းညိတ်လိုက်၏။ ဂျွန်နီသည် သူ၏ မှန်တင်ခုံ ထားသော အခန်းတံခါး ဘေးရှိ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း သူ့မျက်စိများကို လက်ချောင်းများနှင့် နှိပ်ပေးနေသည်။

ရှုဘီသည် ခြေဖျား ထောက်လိုက်ပြီးနောက် ဝမ်းဗိုက်ကို ရှုံ့သွင်းလိုက်ပြီး သေးငယ်ပြီး လုံးကျစ်နေသော ရင်သား အစုံကို ရှေ့ဘက်သို့ ကော့ထုတ်လိုက်လေ၏။

'တခြား ဘယ်သူတွေ လာဦးမှာလဲ'

ရှုဘီ လန့်စ်သည် မိမိ၏ ခန္ဓာကိုယ်ကို စေ့စေ့စပ်စပ် လေ့လာ အကဲခတ်ရင်း မေးလိုက်ပြန်၏။ ဂျွန်နီသည် မျက်လုံးပေါ်မှ လက်ချောင်းများကို ပြန်ဖယ်ပစ်လိုက်သည်။

'ရှင် ကျွန်မ ပြောတာကို ကြားရဲ့လား'

ရှုဘီ၏ လေသံက ပြစ်တင် ကြိမ်းမောင်းဟန်နှင့် စူးစူးရှရှ ထွက်ပေါ်လာ၏။

'ကျွန်မက ကိုယ့်ကိုယ်ကိုယ် စကား ပြောနေတာ မဟုတ်ဘူး ဆိုတာ ရှင် သိတယ် မဟုတ်လား'

ရှုဘီသည် ဂျွန်နီနှင့် မျက်နှာချင်း ဆိုင်နိုင်အောင် မှန်ဆီမှ နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။

'အခုဟာက အသုဘကွ၊ ကော့တ်တေး ပါတီ မဟုတ်ဘူး'



mgyoe.com

mgyoe.com SAMPLE BOOK

ဌျန်နီက ခပ်အေးအေး ပြန်ဖြေသည်။

'ဟုတ်ပါပြီ၊ ကျွန်မက လွမ်းဆွေးပြီး သေသွားလိမ့်မယ်လို့တော့ ရှင် မမျှော်လင့်နှင့်လေ၊ ကျွန်မက သူ့ကို လုံးဝ ကြည့်ရတာ မဟုတ်ဘူး'

ရှုဘီက အိပ်ရာဆီသို့ ပြန်လာပြီးနောက် ပန်းနုရောင် အောက်ခံ ဘောင်းဘီကလေးကို ကောက်ယူပြီး နူးညံ့သော ပိုးသားကို ပါးပေါ်တွင် တင်၍ ပွတ်လိုက်သည်။ ထို့နောက် ရှုဘီသည် အတွင်းခံ ဘောင်းဘီကို ဝတ်လိုက်၏။

'အဲလေ၊ အနည်းဆုံး ကျွန်မက အမင်္ဂလာ အထိမ်းအမှတ် အဝတ်အစားတွေ အောက်မှာ လှလှပပ ပစ္စည်း တစ်ခုခုကိုတော့ ဝတ်ထားနိုင်သေးတာပေါ့လေ'

ဌျန်နီသည် လေးကန်စွာ ထလိုက်ပြီးနောက် သူ၏ မှန်တင်ခုံ ထားသော အခန်းထဲသို့ ဝင်သွားသည်။ ရှုဘီက ဒေါသတကြီးနှင့် လှမ်းအော်လိုက်၏။

'ဘယ်လိုလဲ ဌျန်နီ လန့်စ်ရဲ့၊ ကမ္ဘာကြီး ပျက်စီးသွားသလို ရှင့် မျက်နှာကြီးကို စူပုပ်ပုပ် လုပ်မထားနှင့်လေ၊ ဘယ်သူကမှ အဲဒီ သတ္တဝါကြီးကို ကျေးဇူး တင်စရာ မလိုပါဘူး၊ သူ ရစရာ ရှိတဲ့ အကြွေးတွေကို သူက အစောကြီးကတည်းက ရအောင် ပြန်တောင်းပြီးသွားပါပြီ'

သူတို့သည် မိနစ် အနည်းငယ်ခန့် စော၍ ရောက်ရှိနေသဖြင့် ဘုရားရှိခိုးကျောင်းအဝင် တံခါးပေါက် အပြင်ဘက်နားရှိ ထင်းရှူးပင် အောက်တွင် ရပ်နေကြသည်။

ဂိတ်တံခါးဝတွင် ပုလဲ မီးခိုးရောင် ရိုးစ်ရွိုက် မော်တော်ကားကြီး ထိုးရပ် လိုက်ပြီးနောက် မောင်နှမ နှစ်ယောက် ဆင်းလာကြပြီး လမ်းကလေးအတိုင်း လျှောက်လာကြချိန်တွင် ရှုဘီသည် သူမ၏ စိတ်ဝင်စားမှုကို ဖုံးကွယ်မျိုသိပ်၍ မထားနိုင်တော့ပါချေ။

'အဲဒါ ဘင်နီဒစ် ဗန်ဒါဗီလ်လား'

ဌျန်နီက ခေါင်းညိတ်လိုက်၏။

'သူ တော်တော် ချောတာပဲ'

သို့ရာတွင် ဌျန်နီက ထရေစီအား လှမ်းကြည့်နေသည်။ သူမအား နောက်ဆုံး အကြိမ် တွေ့ခဲ့ရချိန်မှ စ၍ ယခု အချိန်တွင် ပြောင်းလဲနေမှုမှာ အံ့သြလောက်စရာပင်တည်း။ သူမသည် သဲကန္တာရမှ မိန်းကလေး တစ်ဦးလို ကိုယ်ကို မတ်မတ်ထား၍ ဝင့်ဝင့်ကြွားကြွား လမ်းလျှောက်နေလေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ထရေစီသည် ပွန်နီ့ထံသို့ လျှောက်လာပြီး သူ့ ရှေ့တွင် ရပ်တန့်လိုက်သည်။ ထရေစီက နေကာ မျက်မှန်ကို ချွတ်လိုက်၏။

သူမ၏ မျက်လုံးများ အနည်းငယ် မို့နေသောကြောင့် ထရေစီ ငိုထားပုံရကြောင်း ပွန်နီ သိလိုက်သည်။ ထရေစီသည် မိတ်ကပ် လိမ်းခြယ်ထားခြင်း မရှိသလို အရောင်ရင့်ရင့် ခေါင်းစည်းပဝါက မျက်နှာကို ဘောင်ခတ်ထားသောကြောင့် မယ်သီလရှင် တစ်ယောက်နှင့် တူနေပေသည်။ ဝမ်းနည်း ပူဆွေးမှုကြောင့် ထင်ကျန်ရစ်ခဲ့သော အမှတ်အသားများက သူမ၏ မျက်နှာအား ရင့်ကျက် လာစေခဲ့သည်။ ထရေစီက ပြောလိုက်၏။

'ဒီနေ့လို နေ့မျိုးနှင့် တွေ့ရလိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မတွေးမိခဲ့ဘူး'

ပွန်နီကလည်း သဘောတူလိုက်သည်။

'ဟုတ်တယ်၊ သူက ထာဝရ အသက် ရှင်သွားတော့မယ့် အတိုင်းပဲ'

ထရေစီသည် ရှေ့သို့ တစ်လှမ်း တိုးလာပြီး ပွန်နီ၏ လက်ကို လှမ်း၍ ကိုင်တော့မည့် အလား လက်ကို ဆန့်လိုက်၏။ သို့ရာတွင် သူမ၏ လက်ချောင်းများသည် ပွန်နီ၏ အင်္ကျီဆီသို့ မရောက်မီ လက်မ အနည်းငယ်ခန့် အလိုတွင် ရပ်တန့်သွားကြသည်။ ပွန်နီက ထိုအမူအရာကို နားလည် သဘော ပေါက်လိုက်ပါသည်။ အဓိပ္ပာယ်မှာ သောက ပရိဒေဝကို ခွဲဝေ ခံစားမှု၊ နှစ်ဦး နှစ်ဖက် ဆုံးရှုံးမှုကို နားလည် သဘော ပေါက်မှုနှင့် ကြေညာခြင်း မရှိသော နှစ်သိမ့် ဖျောင်းဖျမှုတို့ပင်တည်း။

'ကျွန်မတို့ တစ်ခါမှ မဆုံဖူးကြသေးဘူးနှင့် တူတယ်'

ရှာဘီသည် သူမ၏ သကာရည် တစ်ဝက် အဆိပ် တစ်ဝက် လေသံနှင့် ဝင်ပြောလိုက်၏။

'ရှင်က မစ္စ ဗန်ဒါဗီလ် မဟုတ်လား'

ထရေစီက ဦးခေါင်းကို လှည့်ကြည့်လိုက်ပြီးနောက် သူမ၏ အမူအရာသည် ခပ်တည်တည် ဖြစ်သွားတော့သည်။

ထရေစီသည် သူမ၏ မျက်လုံးများကို ဖုံးကွယ် လိုသောကြောင့် နေကာ မျက်မှန်ကို ပြန်တပ်လိုက်၏။ ထရေစီက ပြောလိုက်သည်။

'ကျွန်မက မစ္စစ် ဟတ်ဖို့ပါ၊ နေကောင်းပါရဲ့လား'

မိုက်ကယ် ရှာပီရိုသည် ဘုရားရှိခိုးကျောင်း အတွင်းရှိ ခုံရှည်ပေါ်၌ ထိုင်နေသော

mgyoe.com

mgyoe.com SAMPLE BOOK

ဂျွန်နီ နံဘေးတွင် မတ်တတ် ရပ်နေသည်။ မိုက်ကယ် ရှာပီရိုက နှုတ်ခမ်း မလှုပ်စေဘဲ ဂျွန်နီ ကြားလောက်သော လေသံနှင့် ပြောလိုက်၏။

'သေတမ်းစာထဲက အချက်အလက်တွေကို ဘင်နီဒစ် သိတယ်၊ သူ့ရဲ့ ပထမ ခြေလှမ်းကို မင်း ချက်ချင်း မျှော်လင့်ထားရလိမ့်မယ်'

'ကျေးဇူး တင်ပါတယ် မိုက်'

ဂျွန်နီသည် ကြီးမားသော ခေါင်းအမည်းကြီးကိုသာ စိုက်ကြည့်နေသည်။ ဖယောင်းတိုင်မှ မီးရောင်သည် အထူးတလည် ပြုလုပ်ထားသော ငွေလက်ကိုင် ကွင်းများပေါ်၌ တလက်လက် တောက်နေသည်။

ယခု အချိန် အထိ သူသည် အနာဂတ် ကာလတွင် ကြုံတွေ့ရမည့် ပဋိပက္ခ ကို စိတ်ဝင်စားမှု မရှိသေးချေ။ ထိုကိစ္စသည် အချိန်တန်လျှင် ရောက်လာပါ လိမ့်မည်။

ယခုအချိန်တွင်မူ သူသည် ခေတ်တစ်ခေတ် ကုန်ဆုံးသွားမှုတွင် နက်နက် ရှိုင်းရှိုင်း ပါဝင် ပတ်သက်နေသည်။

သူ့ဘဝသည် ကြီးမားသော အပြောင်းအလဲ တစ်ခုဆီသို့ ရောက်ခဲ့ရပြန် လေပြီ။ သူ့ ဘဝ ပြောင်းလဲ သွားလိမ့်မည်ကို သူ သိပါသည်။ ယခုပင်လျှင် ပြောင်းလဲသွားခဲ့လေပြီ။

သူသည် မင်းလမ်းကို ကျော်၍ ကြည့်လိုက်မိပြီးနောက် ချက်ချင်းလိုလို ပင် အတွင်းစိတ်၏ သတိပေးမှုကြောင့် မျက်လွှာ ချလိုက်မိ၏။

ဘင်နီဒစ် ဗန်ဒါဗီလ်က သူ့အား အကဲခတ်နေသည်။ ထိုအချိန်တွင် ဘုန်း တော်ကြီးက ခေါင်းကို သယ်မည့်သူများအား ခေါ်လိုက်သည်။

သူတို့ နှစ်ယောက်သည် ခေါင်းဘေးသို့ သွား၍ မတ်တတ် ရပ်လိုက်ကြ ၏။ ခေါင်း၏ တစ်ဖက် တစ်ချက်စီတွင် ဘင်နီဒစ်နှင့် ဂျွန်နီတို့ ရှိနေကြသည်။ သူတို့သည် တစ်ယောက်ကို တစ်ယောက်က သတိကြီးစွာ ထား၍ ကြည့်လိုက် ကြ၏။

ထရေစီက စိုးရိမ်တကြီးနှင့် စောင့်ကြည့်နေစဉ် သူတို့ နှစ်ယောက်သည် အဘိုးကြီး၏ အလောင်းပေါ်၌ တစ်ဦးနှင့် တစ်ဦး ရင်ဆိုင်နေကြသည်။

ထိုမြင်ကွင်း တစ်ခုလုံးသည် ဂျွန်နီ့ အတွက် အလွန် ထူးခြားနေသည်။

ဂျွန်နီသည် ထရေစီကို ရှာရန် ဘုရားရှိခိုးကျောင်း ခန်းမထဲရှိ လူအုပ် ထဲသို့ တစ်ချက် ပြန်ကြည့်လိုက်၏။ ထရေစီ့ အစား ရူဘီကိုသာ တွေ့လိုက် ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှုဘီက သူတို့ နှစ်ယောက်စလုံးကို အကဲခတ်နေသည် ဖြစ်ရာ စစ်တုရင်ခုံသည် သူ ထင်ထားသည်ထက်ပင် ပို၍ ပြောင်းလဲသွားကြောင်း ဂျွန်နီက ချက်ချင်း ရိပ်မိလိုက်၏။ ထိုကစားပွဲတွင် စစ်တုရင် အရုပ်သစ် တစ်ခု ထပ်မံ၍ တိုးလာပြန်လေပြီ။

မိုက်ကယ် ရှာပီရိုက သူ့အား တံတောင်ဆစ်နှင့် တွက်လိုက်သည်ကို ခံစားလိုက်ရသဖြင့် သူသည် ရှေ့သို့ တိုးထွက်လိုက်ပြီး ငွေလက်ကိုင်ကွင်းကို ဆုပ်ကိုင်လိုက်သည်။

သူတို့ နှစ်ယောက်က အဘိုးကြီးအား နေရောင်ခြည်ထဲသို့ သယ်ထုတ်လာခဲ့ကြ၏။

ခေါင်းကြီး၏ အလေးချိန်ကြောင့် ငွေလက်ကိုင်ကွင်းသည် ဂျွန်နီ၏ လက်ဖဝါးထဲသို့ စူးဝင်သွားသည်။ ခေါင်းကြီးသည် တွင်းထဲသို့ ရောက်ရှိသွားသည့်တိုင်အောင် ဂျွန်နီသည် သူ့လက်ဖဝါးကို ဆုပ်နယ်၍ နေရဆဲပင်။ ကြမ်းတမ်းသော မြေစိုင်ခဲများပေါ်တွင် စိမ်းလန်းသော မြက်ခင်း သဏ္ဍာန် အတု ပြုလုပ်ထားသော မြက်ခင်းတု ကော်ဇောနှင့် ဖုံးလွှားထားသည်။ အသုဘ လိုက်ပို့သူများသည် တဖြည်းဖြည်းနှင့် ပြန်သွားစ ပြုကြလေပြီ။ သို့ရာတွင် ဦးထုပ် ဆောင်းမထားသော ဂျွန်နီသည် ထိုနေရာ၌ ဆက်လက်၍ မတ်တတ် ရပ်နေသည်။ ရှုဘီက သူ့လက်မောင်းကို လာ၍ ကိုင်သည့် အချိန် အထိပင်တည်း။

'လာလေ'

ရှုဘီ၏ လေသံမှာ တိုးသော်လည်း ငေါက်သံ ပါနေသည်။

'ရှင်က ရှင့်ကိုယ်ရှင် လူပေါကြီး ဖြစ်အောင် လုပ်နေတာ'

ဘင်နီဒစ်နှင့် ထရေစီတို့သည် ဘုရား ရှိခိုးကျောင်းဝင်း ဂိတ် တံခါး နံဘေးရှိ ထင်းရှူးပင်များ အောက်က စောင့်ရင်း ပြန်ထွက်လာကြသော အသုဘလိုက်ပို့သူများကို ခပ်တိုးတိုး စကား ပြော၍ လက်ဆွဲ နှုတ်ဆက်နေကြသည်။

'ခင်ဗျားက ရှုဘီကိုး'

ဘင်နီဒစ်က နှစ်လိုဖွယ် ကောင်းအောင် မြို့ကြီးသား ပီသစွာ အနည်းငယ်ပြုံးလိုက်ပြီးနောက် ရှုဘီ၏ လက်အား လက်ဆွဲ နှုတ်ဆက်လိုက်သည်။

'ခင်ဗျားနှင့် ပတ်သက်ပြီး ကျွန်တော် ကြားနေရတဲ့ အမြှောက်အပင့် စကားတွေက ခင်ဗျား အတွက် နည်းတောင် နေသေးတာကိုး'

ရှုဘီက နေရောင်ခြည်ထဲတွင် အတောင်ပံကို ဖြန့်လိုက်သော လိပ်ပြာကလေး တစ်ကောင် ပမာ တောက်ပစွာ ပြုံးလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

'ဌွန်နီ'

ဘင်နီဒစ်က ဌွန်နီ့ဘက်သို့ လှည့်လိုက်၏။ ချစ်ကြည် ရင်းနှီးစွာ နွေးနွေးထွေးထွေး ရှိလှသော ဘင်နီဒစ်၏ အပြုံးနှင့် လက်ဆွဲ နှုတ်ဆက်မှုတို့ကြောင့် ဌွန်နီ အငိုက်မိသွားရတော့သည်။

'မင်းက ဖေဖေ့ အမွေအနှစ်နှင့် အဲဒီမှာ ပါတဲ့ အချက်အလက်တွေကို လက်ခံပြီး အာမခံချက်မှာ လက်မှတ် ထိုးထားတယ်လို့ မိုက်ကယ် ရာပီရိုက ငါ့ကို ပြောပါတယ်၊ အဲဒါကတော့ တကယ် ကောင်းတဲ့ သတင်းပဲ၊ ဗန်ဒါဗီလ် စိန်ကုမ္ပဏီမှာ မင်းသာ မရှိခဲ့ရင် တို့တစ်တွေ ဘယ်လို လုပ်ရမလဲ ဆိုတာကို မတွေးတတ်နိုင်အောင်ပဲ၊ အခုလို အခက်အခဲ ဖြစ်နေချိန်မှာ ကုမ္ပဏီကို ကယ်နိုင်မယ့် ပုဂ္ဂိုလ်ဟာ မင်း တစ်ယောက်တည်း ရှိပါတယ်လေ၊ မင်းကို ငါ လုံးဝ ဥဿုံ ထောက်ခံတယ် ဆိုတာ မင်း သိစေချင်ပါတယ် ဌွန်နီ၊ ငါက မင်းကို တတ်နိုင်သလောက် အကူအညီ ပေးရင်း ကုမ္ပဏီ လုပ်ငန်းထဲမှာ ငါကိုယ်တိုင် ဝင် အလုပ် လုပ်ဖို့ ရည်ရွယ်ချက် ရှိပါတယ်'

'ငါ မင်း အပေါ်မှာ ယုံကြည် အားထားနိုင်လိမ့်မယ် ဆိုတာ ငါ သိပါတယ် ဘင်နီဒစ်' ဌွန်နီက ဘင်နီဒစ်၏ စိန်ခေါ်ချက်ကို ပြေပြေပြစ်ပြစ် လက်ခံလိုက်သည်။ 'အစစ အရာရာ အဆင် ပြေလိမ့်မယ်လို့ ငါ ထင်မိပါတယ်'

'ငါတို့ တနင်္လာနေ့မှာ အစည်းအဝေး ရှိတယ်၊ ပြီးတော့ ကြာသပတေးနေ့ ကျရင် လန်ဒန်ကို ငါ ပြန်ရလိမ့်မယ်၊ ဒါပေမယ့် အဲဒီ အချိန်မတိုင်မီ မင်း ငါနှင့် ညစာ အတူတူ လာစားစေချင်တယ်၊ မင်းနှင့် မင်း ဇနီးချောကလေးပါ ခေါ်ခဲ့ပေါ့ကွာ'

'ကျေးဇူးတင်ပါတယ် ရှင်'

ငြင်းဆန်တော့မည့် အရိပ်အယောင်ကို ဌွန်နီ့ နှုတ်ခမ်းပေါ်၌ မြင်လိုက်ရသဖြင့် ရူဘီက ကမန်းကတန်း ဝင်ပြောလိုက်၏။

'ကျွန်မတို့ လာခဲ့ပါ့မယ်'

'ရှင်က ငြင်းတော့မလို့ မဟုတ်လား'

မာစီးဒီး ကားပေါ်ရှိ ယာဉ်မောင်းသူ နံဘေးတွင် ထိုင်နေသော ရူဘီက မေးလိုက်ခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

'မင်း ပြောတာ သိပ်မှန်တာပေါ့ကွာ'

ဂျွန်နီက ခပ်တည်တည်နှင့် ခေါင်းညိတ်လိုက်၏။

'ဘာဖြစ်လို့လဲ'

'ဘင်နီဒစ် ဗန်ဒါဗီလ်ဟာ အဆိပ်ပဲ'

'အဲဒီ စကားကို ရှင် ပြောတာနော်'

'ဟုတ်ပါတယ်၊ ကိုယ် ပြောတာပါ'

'ရှင်က သူ့ကို မနာလို ဝန်တို ဖြစ်နေတာ ဖြစ်နိုင်တယ်'

ရူဘီသည် ရွှေရောင် ဖင်စီခံ တပ်ထားသော စီးကရက် တစ်လိပ်ကို မီးညှိပြီး မီးခိုးများကိုပါ ပါးစပ်မှ ပြန်မှုတ်ထုတ်လိုက်၏။

'မြတ်စွာဘုရား'

ဂျွန်နီက လှောင်သံ ပါအောင် ရယ်လိုက်ပြီးနောက် သူတို့ နှစ်ယောက်သည် ရှေ့တူရူသို့ ကြည့်ရင်း ခေတ္တမျှ ငြိမ်ကျသွားသည်။

'သူဟာ တော်တော် စိတ်ကူးယဉ်မယ့် လူလို့ ကျွန်မ ထင်တယ်'

'မင်း သူ့ကို လိုချင်ရင် ယူပါကွာ'

ဂျွန်နီက စိတ်ပါဝင်စားမှု မရှိဘဲ ပြောလိုက်ခြင်း ဖြစ်သော်လည်း သူမ၏ တုံ့ပြန်ချက်မှာ စူးစူးရှရှ ရှိလှသည်။

'ကျွန်မကသာ လိုချင်ရင် ရနိုင်ပါတယ်၊ ဘာပဲပြောပြော ရှင်နှင့် ဟို ထရေစီ ဆိုတဲ့ ကလေးမ ကြည်နေကြပုံကတော့'

'အဲဒါကို မပြောနှင့် ရူဘီ'

'ဖြစ်မှ ဖြစ်ရလေ၊ ကျွန်မက စကား မှားပြီး ပြောလိုက်မိတာကိုး၊ အဖိုး တန် မစွစ် ဟတ်ဖို့'

'မပြောနှင့်လို့ ကိုယ် ပြောထားတယ်လေ'

ဂျွန်နီ၏ လေသံက ထန်သည်။

'အဲဒီ အမျိုးသမီးကလေးက သုသာန်ထဲမှာတောင် ရှင်ကို လာပြီး မြူဆွယ်'

'ပါးစပ် ပိတ်ထားစမ်းကွာ၊ ချီးမှပဲ'

'ရှင် ကျွန်မကို မဆဲပါနှင့်'

ထို့နောက် ရူဘီသည် ရှေ့သို့ ကုန်းလိုက်ပြီး ဂျွန်နီ့ ပါးစပ်အား လက်ဝါးနှင့် လှမ်းရိုက်လိုက်၏။ သူ၏ အောက် နှုတ်ခမ်းသည် သွားနှင့် ခိုက်မိသောကြောင့် သွေးထွက်လာသည်ကို ဂျွန်နီ သိလိုက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပွန်နီသည် ကုတ်အင်္ကျီ အပေါ်အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူပြီးနောက် ပါးစပ်ပေါ်တွင် ဖိထားပြီး လက် တစ်ဖက်တည်းနှင့် မာစီးဒီး ကားကို မောင်းနှင်နေသည်။

ရူဘီသည် စီးကရက်ကို အဆက်မပြတ် ဖွာရင်း သူ့ဘက်က ထောင့်တွင် တိုးကပ်ပြီး ထိုင်နေသည်။ သူတို့ နှစ်ယောက်စလုံးသည် မော်တော်ကား နှစ်စီးထားနိုင်သော ဂိုထောင် ရှေ့သို့ ရောက်သည် အထိ စကား မပြောကြချေ။ ထို့နောက် ရူဘီသည် မော်တော်ကားထဲမှ ထွက်လိုက်ပြီးနောက် အိမ်ရှေ့ တံခါးဆီသို့ ရောက်အောင် မြက်ခင်းကို ဖြတ်ပြေးသွားသည်။ ရူဘီက တံခါးကို အတင်း ဆောင့်ပိတ်သွားရာ တံခါးရွက်တွင် အပြည့် တပ်ထားသော မှန်ချပ်ကြီးကိုပင် တုန်ခါသွားစေခဲ့သည်။

ပွန်နီက မာစီးဒီးကားကို ရပ်လိုက်ပြီးနောက် ကားဂိုဒေါင် တံခါးကို ပိတ်ပြီး သူမ နောက်မှ အိမ်ထဲသို့ ဖြည်းညင်းစွာ ဝင်လိုက်လာခဲ့သည်။ ရူဘီသည် ဖိနပ်များကို ဧည့်ခန်းထဲရှိ ခန်းလုံးပြည့် ခင်းထားသော ကော်ဇောပေါ်တွင် ကန်ကျောက်၍ ချွတ်ထားခဲ့ပြီး ကျောက်ပြား ခင်းထားသော မြေကွက်လပ်ကလေးပေါ်မှ ဖြတ်၍ ရေကူးကန်ဆီသို့ အရောက် ပြေးသွားတော့သည်။ ဖိနပ် မပါသော ရူဘီသည် ပခုံး နှစ်ဖက်ကို လက်နှင့် ဖက်ရင်း ကြည်လင်နေသော ရေကို ငုံ့ကြည့်နေသည်။

'ရူဘီ'

သူသည် ရူဘီ နောက်ဘက်သို့ လိုက်လာပြီး ပြေငြိမ်းစေလိုသော သဘောနှင့် သူ့အသံထဲတွင် ဒေါသသံ မပါအောင် ကြိုးစားပမ်းစား ပြောလိုက်သည်။

'ကိုယ် ပြောတာကို နားထောင်စမ်းပါကွာ'

ရူဘီက ပွန်နီနှင့် မျက်နှာချင်းဆိုင်ရန် ချာခနဲ လှည့်လိုက်၏။ သူမ၏ မျက်လုံးများသည် ချောင်ပိတ်မိနေသော ကျားသစ် တစ်ကောင်၏ မျက်လုံးများ ပမာ တလက်လက် တောက်ပနေသည်။

'ရှင် ကျွန်မကို အပျော့ဆွဲနှင့် ချော့ဖို့ မကြိုးစားပါနှင့်၊ ရှင်က ကျွန်မကို ဘာထင်လို့လဲ၊ ကျွန်မက ရှင့် အစေခံလား၊ ကျွန်မ လုပ်ချင်တဲ့ ကိစ္စကို နောက်ဆုံး ဘယ်တုန်းက လုပ်ခဲ့ရလို့လဲ'

ရူဘီနှင့် ပတ်သက်လာပါက ပြေပြေပြစ်ပြစ် ပြောဆိုခြင်းသည် ငြိမ်းချမ်းမှု ရရှိရေး အတွက် ဖြတ်လမ်းနည်းပင် ဖြစ်ကြောင်း ပွန်နီသည် ကာလ အတန်ကြာကပင် သိရှိထားခဲ့သည်။



mgyoe.com